ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ တနင်္လာနေ့၊ (28-7-2014) (၇၉၁၅)

မေတ္တာမိုး ရွာသွန်းဖြိုး

မေတ္တာတရားသည် မိုးရေပေါက်တို့နှင့် တူ၏။

သတ္တဝါတို့မှာ မိုးရေမိုးပေါက်တို့ကို အစဉ်မျှော်လင့်တောင့်တနေကြရသော သစ်ပင်ပန်းမန်တို့နှင့် အလားတူ၏။

မေတ္တာမိုး ရွာသွန်းဖြိုးမှသာ သတ္တဝါတို့သည် ကြည်လင်လန်းဆန်းရ၏။

မေတ္တာမိုး ဆိတ်သုဉ်းသောအခါ မိုးဦး၊ မိုးလယ်ကောင်းလျက် မိုးနှောင်းမကောင်းသော လယ်ယာကဲ့သို့ ဘဝဖြစ်သမျှ အချည်းနှီးသာတည်း။

အလွတ်ကျက်ဖြေဆိုသည့်နည်းစနစ်မဟုတ်ဘဲ ကိုယ်ပိုင်ထိုးထွင်းဉာဏ်ဖြင့် ဖြေဆိုနိုင်ရေး လေ့ကျင့်သင်ကြား

နေပြည်တော် ဇူလိုင် ၂၇

ရမည်းသင်းမြို့နယ် ဘွက်ကျေးရွာ၊ ကျီစုကျေးရွာနှင့် ပျော်ဘွယ်မြို့နယ် ရွှေညောင်ဖူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့အား အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ခြင်းနှင့် ရမည်းသင်းမြို့နယ် ဝကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ ရတနာဌေးကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်လှူဒါန်းခြင်း အခမ်းအနားတို့ကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အဆိုပါ ကျောင်းများ၌ ကျင်းပခဲ့ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ယင်းအခမ်းအနားများတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ဒေသတစ်ခု၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ပညာရေးသည် အဓိကကျပြီး ဘဝသက်တမ်းတစ်လျှောက် မှန်ကန်စွာ ရပ်တည်နိုင်ရန် ပညာသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဖြစ်သည့်အတွက် ဆရာများအနေဖြင့် သင်ကြားရေးပိုင်းတွင် မိမိ၏ တပည့်သားသမီးများကို ဉာဏဗလ၊ မိတ္တဗလ၊ ကာယဗလ၊ စာရိတ္တဗလ၊ ဘောဂဗလတို့နှင့် ပြည့်စုံစေရန်အတွက် စနစ်တကျ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါကြောင်း၊ ထို့ပြင် တပည့်များကို ကျောသားရင်သားမခွဲခြားဘဲ မေတ္တာတရားတစ်ပြေးညီဖြင့် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါကြောင်း။

သင်ကြားရေးအပိုင်းတွင် အလွတ်ကျက်ဖြေဆိုသည့်နည်းစနစ်မဟုတ်ဘဲ ကိုယ်ပိုင်ထိုးထွင်းဉာဏ်ဖြင့် ဖြေဆိုနိုင်ရေး လေ့ကျင့်သင်ကြားသွားရန် လိုအပ်ပါကြောင်း၊ စာတွေ့မဟုတ်ဘဲ လက်တွေ့ပိုင်းတွင်သင်ကြားရန် လိုအပ်သကဲ့သို့ ပြင်ပဗဟုသုတများရရှိစေရန် လေ့လာရေးခရီးများ ပို့ဆောင်ပေးရန်လည်း လိုအပ်ပါကြောင်း၊ ကျောင်းသားမိဘများကလည်း စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရမည်းသင်းမြို့နယ် ကျီစုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအဆင့်တိုးမြှင့်ခြင်းအခမ်းအနားတွင် ကျောင်းဆိုင်းဘုတ်အား အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတွင် ပြည်ပဟိုတယ်/ခရီးလုပ်ငန်းရှင်များ နိုင်ငံခြားငွေ သန်း ၇၀၀ ကျော် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၇

မြန်မာ့ခရီးသွားဈေးကွက်မြှင့်တင်ရေးအဖွဲ့၏ ၂၀၁၃-၂၀၁၄ နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၂၆ ရက်က ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ တက်ရောက်အမှာစကားပြောကြားသည်။

မြန်မာ့ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ခြင်းများ တိုးတက်အောင်မြင်လာသဖြင့် နိုင်ငံတကာခရီးသွားလုပ်ငန်းဈေးကွက်တွင် မြန်မာနိုင်ငံမှ ထိုးဖောက်နိုင်ပြီး မြန်မာနိုင်ငံ၏ အဆင့်အတန်းကို ကမ္ဘာကသိအောင်ပြသနိုင်ကြောင်း၊ နှစ်စဉ်ပြည်ပခရီးသွားဦးရေ ပိုမိုများပြားလာနေပြီး မကြာမီကာလအတွင်း ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ပျူခေတ်ဒေသကြီးသုံးခုဖြစ်သော ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်းဒေသများသို့ ပြည်ပခရီးသွားများပြားစွာ လာရောက်မည်ဖြစ်ကြောင်း၊ ပြည်ပခရီးသွားများထံမှ ပြည်ဝင်ခွင့်ဗီဇာကြေးနှင့်တကွ ပြည်ပမှ
စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖



နိုင်ငံတကာမီဒီယာများထဲက မြန်မာနိုင်ငံအကြောင်း

ဒေသတွင်းစီးပွားရေး လွှမ်းခြုံထားသည့် အင်ဒိုနီးရှားနှင့် မြန်မာ

ဇူလိုင်လ ၂၂ ရက်ထုတ် ယူကေသတင်းစာတစ်စောင်ဖြစ်သော Financial Times UK က အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၌ အမေရိကန်ပြည်ထောင်စု၏ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးပွားလာကြောင်း၊ အမေရိကန်ပြည်ထောင်စုသည် ဒေါ်လာ ရင်းနှီးမြှုပ်နှံမှု၏ သုံးပုံတစ်ပုံကို အာဆီယံဒေသ၌ ရင်းနှီးမြှုပ်နှံမည်ဟု ကတိကဝတ်ပြုထားကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ စီမံကိန်းများသည် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ကျွမ်းကျင်အလုပ်သမားများ လွတ်လပ်စွာဝင်ရောက်ရေးနှင့် ရင်းနှီးငွေများ ပိုမိုလွတ်လပ်စွာစီးဝင်လာရေးတို့ကို ဧရာမရည်ရွယ်သည့် အသိုက်အဝန်းတစ်ခုထူထောင်ရန် မျှော်မှန်းထားကြောင်း၊ သို့ရာတွင် အာဆီယံအသိုက်အဝန်းဖြစ်ပေါ်ရေး နောက်ဆုံးသတ်မှတ်ချိန်ဖြစ်သော ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် မျှော်မှန်းချက်ပြည့်မီမည်ဟုယုံကြည်သူ အနည်းအကျဉ်းသာရှိကြောင်း၊ ယင်းကဲ့သို့ ဖြစ်ရခြင်း၏အကြောင်းရင်းမှာ ဒေသတွင်းစီးပွားရေး ကုန်ထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းကို လွှမ်းခြုံထားသည့် အင်ဒိုနီးရှားနှင့်မြန်မာနိုင်ငံတို့၏ ယှဉ်ပြိုင်အကျိုးစီးပွားများအပေါ်တွင်မူတည်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ မာတိကာ

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းမှုများ ပြုနေသမျှ စားကျက်မြေများ လိုအပ်နေ
ခေါင်းကြီး စာမျက်နှာ - ၂

တစ်ပတ်အတွင်း ကမ္ဘာ့မြင်ကွင်း
မျက်မှောက်ရေးရာ စာမျက်နှာ - ၅

ရေတာရှည်မြို့နယ်တွင် ငါးရက်အတွင်း အစာအဆိပ်သင့်မှု ဒုတိယအကြိမ် ထပ်မံဖြစ်ပွား
သတင်း စာမျက်နှာ - ၇

ကြေးမုံ စာတည်းရှုထောင့် ၂၈-၇-၂၀၁၄၊ တနင်္လာနေ့

စားကျက်မြေ ဖွံ့ဖြိုးရေး

မိမိတို့နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းသည် တောင်ပေါ်မြေပြန့်ကျေးရွာအနှံ့မှာ အခြေချနေထိုင်လျက်ရှိကြသည်။ ကျေးလက်နေပြည်သူအားလုံးသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးကို တွဲဖက်လုပ်ကိုင်လျက် ဘဝရပ်တည်နေကြသူများဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနေသော်လည်း ရှေးရိုးအစဉ်အလာမပျက် ကျွဲ၊ နွားများနှင့်လည်း ထွန်ယက်လုပ်ကိုင်နေကြရဆဲဖြစ်သည်။ ကျွဲ၊ နွားများသည် ယနေ့ထက်တိုင် လယ်ယာလုပ်ငန်းခွင်အတွက် မရှိမဖြစ်လိုအပ်နေဆဲဖြစ်သော လယ်ယာလုပ်အားရှင်များဖြစ်ပါသည်။

ထို့ကြောင့် ကျေးရွာတိုင်းတွင် ထိုကျွဲ၊ နွားများအတွက် စားကျက်မြေများကို ဖန်တီးပေးထားကြရသည်။ အချို့နိုင်ငံများတွင် စားကျက်မြေများစဉ်ဆက်မပြတ်ဖော်ထုတ်ထားကြသည်။ စားကျက်မြေဟူသည် ထွန်ယက်စိုက်ပျိုးမြေမဟုတ်ဘဲ မွေးမြူရေးတိရစ္ဆာန်များအတွက်ဖော်ထုတ်ထားခြင်းဖြစ်သည်။

ကျွဲ၊ နွားများ လွတ်လွတ်လပ်လပ်သွားလာလှုပ်ရှား စားသောက်ခွင့်ရနေသော ဘေးမဲ့ကွင်း ဘေးမဲ့တောတစ်မျိုးလည်းဖြစ်ပါသည်။ ကျွဲ၊ နွားများကို လွှတ်ကျောင်းရာ စားကျက်မြေများတွင် လယ်ယာလုပ်ငန်းခွင်ကို တစ်နည်းတစ်ဖုံအကျိုးပြုပေးနေသော သတ္တဝါများလည်း ခိုအောင်းကျက်စားအခြေချနေထိုင်လျက်ရှိနေတတ်ကြသည်။ ကျင်းတူး ခိုအောင်းနေထိုင်တတ်ကြသော တိရစ္ဆာန်များမှာ ခွေးအများနှင့် တောကြောင်များ ဖြစ်ပါသည်။ ဤသတ္တဝါများသည် လယ်သမားများ၏ မိတ်ဆွေဖြစ်သလို ကျွဲ၊ နွားများကိုလည်း အန္တရာယ်မပေးတတ်ကြပါ။

ယခုအခါ တိုးပွားလာသော လူဦးရေနှင့်အတူ လူနေရပ်ဝန်းများ ချဲ့ထွင်လာမှုကြောင့် သစ်တောနှင့်စားကျက်မြေများ လျော့နည်းလာသည်။ တောင်ပေါ်သစ်တောများမှာလည်း ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် စားကျက်မြေများပါ ကွယ်ပျောက်၍ တောင်ကတုံးများဖြစ်လာကာ ဂေဟစနစ်ပျက်ယွင်းလာသည်။

တောကိုမှီ၍ ရပ်တည်နေကြသူများ၊ တောကိုမှီ၍ရှင်သန်နေကြသော တောနေသတ္တဝါများ အခက်အခဲဖြစ်လာသည်။ တောကိုမှီ၍ အသက်မွေးဝမ်းကျောင်းပြုနေကြသော မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည့် စားကျက်မြေရှားပါးလာမှုများကို ယနေ့သိသာစွာမြင်တွေ့နေရသည်။ နွားနောက်မွေးမြူရေးလုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်နေသော ချင်းပြည်နယ်တွင် ရွှေ့ပြောင်းတောင်ယာစနစ်ကျင့်သုံးနေမှု၊ ရေစီးရေလာကောင်းသည့်နေရာများနှင့် သဘာဝသစ်တောများတွင် လူတို့ကျူးကျော်လုပ်ကိုင်နေထိုင်လာမှုတို့ကြောင့် နွားနောက်များအတွက် စားကျက်မြေများ တိမ်ကောပပျောက်လာကာ နွားနောက်မွေးမြူရေးအတွက် အခက်အခဲဖြစ်နေကြောင်း သိရသည်။

ထို့ပြင် အခြားပျက်စီးစေသောအချက်မှာ ကြွက်များတိုးပွားလာမှုကြောင့် အချို့စားကျက်မြေများပျက်စီးသွားရသည်ဟု ကြားသိနေရသည်။ အဆိုပါအကြောင်းအချက်မျိုးစုံတို့ကြောင့် ယခုအခါ စားကျက်မြေများ ပျောက်ကွယ်ရှားပါးသွားရခြင်းဖြစ်သည်။

သဘာဝတရား၏ ဖွဲ့စည်းပုံကို သဘာဝနှင့် ပြန်၍ထိန်းညှိပေးထားနိုင်ပါသည်။ ထိုသဘာဝတရားများ တစ်ဖက်ဖက်က ဟန်ချက်ပျက်လာပြီဆိုပါလျှင် ယနေ့ကြုံတွေ့နေရသကဲ့သို့ မဆုံးနိုင်သော သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု သံသရာလည်ပေလိမ့်မည်။ ဤသည်လည်း သဘာဝဟုဆိုရပါမည်။

လတ်တလောတွင် ချင်းပြည်နယ်၌ နွားနောက်မွေးမြူရေးဖွံ့ဖြိုးစေရန်အတွက် လယ်ကြွက်များသောင်းကျန်းမှုများကို ရှင်းလင်းကြပြီး တောင်ယာခုတ်ထွင်ရှင်းလင်းခြင်းများကို တားဆီးကြရမည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းမှုများပြုနေသမျှ "စားကျက်မြေ"များလိုအပ်နေဦးမည်သာဖြစ်၍ နယ်မြေဒေသအလိုက် အမြန်ဆုံး ပြန်လည်ဖော်ထုတ်ပေးနိုင်ရန်ကြိုးစားကြရမည်ဖြစ်ပါကြောင်း။ ။

သီးနှံထုတ်လုပ်မှုတိုးတက်မြင့်မားရေး သင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၂၇

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယမန်နေ့ နံနက် ၈ နာရီတွင် ဥတ္တရသီရိမြို့နယ် တောင်သူပညာပေးစိုက်ကွင်း ရှင်းလင်းဆောင်၌ ကျင်းပသည့် သီးနှံထုတ်လုပ်မှုတိုးတက်မြင့်မားရေး သင်တန်းဖွင့်လှစ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားသည်။

ယင်းအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေနှင့် တာဝန်ရှိသူများက တောင်သူများအား ကန်စွန်းသီးနှံမျိုးပျိုးစည်းများ၊ ပိန်းဥပျိုးပင်များ၊ ကညွတ်သီးနှံ ပျိုးပင်များ၊ ချည်မျှင်ရှည်ဝါပျိုးစေ့များကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ကညွတ်သီးနှံစိုက်ခင်း၊ ကညွတ်သီးနှံနှင့် စပ်မျိုးခရမ်းသီးစိုက်ခင်း၊ ကန်စွန်းဥနီစိုက်ခင်း၊ ပိန်းဥစိုက်ခင်းနှင့် စင်တင်ဘူးစိုက်ခင်း၊ ရွှေတောင်(၈)နှင့် ငွေချည်(၉) ချည်မျှင်ရှည်ဝါသီးနှံစိုက်ခင်း၊ ကြံစိုက်ခင်း၊ ကညွတ်စိုက်ခင်း၊ ခင်းကျင်းပြသထားသည့် ခါတုကင်းလွတ်ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအမယ်များကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ပျဉ်းမနားမြို့နယ်ရှိ တောင်သူပညာပေး ပိန်းဥသုတေသနစိုက်ခင်း၊ ပိန်းဥနှင့်နေကြာရောနှောစိုက်ခင်းတို့ကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မရမ်းဖွဲ့ဘာပုစွန်မွေးမြူရေးဇုန် စစ်ဆေး

နေပြည်တော် ဇူလိုင် ၂၇

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်အေးသည် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မရမ်းဖွဲ့ဘာပုစွန်မွေးမြူရေးဇုန်၌ ကုလားတန်ရွာ၊ ကရင်ချောင်ရွာ၊ ဖွဲ့ကနာရွာ၊ မဂ်လွန်းရွာ၊ ဘိုးဘ၊ ရှမ်းချောင်းရွာ၊ ထန်းခြောက်ပင်၊ တမန်ကြီးကုန်းကျေးရွာများမှ ရပ်မိရပ်ဖများ၊ ပုစွန်မွေးတောင်သူများနှင့်တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများ၊ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ ဆောင်ရွက်ရမည့်ကဏ္ဍများ၊ မြစိမ်းရောင်စီမံကိန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုစွန်ကန်များ၊ ကန်ပေါင်တည်ထားမှု၊ ရေတံခါးများ၊ ဒီရေတက်ရာချောင်းတာများ၊ ပင်လယ်ဂေဟစနစ်အရ သဘာဝဒီရေတောများကို လှည့်လည်စစ်ဆေးသည်။

မရမ်းဖွဲ့ဘာပုစွန်မွေးမြူရေးဇုန်သည် ကျောက်တန်းမြို့နယ် တောင်ဘက်မရမ်းလေးကျေးရွာနှင့် ဖွဲ့ဘာကုန်းတန်းကျေးရွာတို့ ဆက်စပ်နေသော မရမ်းဖွဲ့ဘာ ကမ်းပတ်တာ နှစ်ခုကြား မြေလွတ်များကို ဒေသခံ လယ်ယာမဲ့တို့အား တစ်ဦးလျှင် ၂ ဒသမ ၅၀ ဧကနှုန်းခွဲဝေချထားပေးခဲ့ပြီး ရေငန်ပုစွန်မွေးမြူနိုင်ရေးအတွက် ဧက ၈၃၀၀ ကျော်ဖော်ထုတ်ဆောင်ရွက်လျက်ရှိသည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၂၅ ရက်တွင် လှော်ကားငါးသားပေါက်စခန်းသို့သွားရောက်၍ တိုင်းရင်းငါးမျိုးများ ဦးစားပေးသားဖောက်ရေးနှင့် သားဖောက်နည်းပညာပြန့်ပွားရေးကိစ္စများကို မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

သုတဘဏ် စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပသော သုတဘဏ်စာတမ်းဖတ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံ စာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ စည်သူ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က အဖွင့်အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲသဘာပတိ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)က စာတမ်းနှင့်ပတ်သက်၍ မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် စာတမ်းရှင် ဒေါက်တာဦးခင်အေး(မောင်ခင်မင်-ဓနုဖြူ)က "မြန်မာဘာသာစကားတွင် အပြောဟန်နှင့် အရေးဟန်တို့ကွဲပြားလာမှုကို သမိုင်းဘာသာဗေဒအမြင်ဖြင့် လေ့လာခြင်း" စာတမ်းနှင့် စာတမ်းရှင် ဦးစိန်လှိုင်(ဆရာသူရဇော်)က "အချိုးကဗျာနှင့် ဇာတ်သဘင်"စာတမ်းတို့ကို ဖတ်ကြားကြသည်။

ယင်းနောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များက ဖြေကြားကြပြီး စာတမ်းရှင်များအား ဂုဏ်ပြုငွေများချီးမြှင့်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၈-၇-၂၀၁၄ (တနင်္လာနေ့)

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ ရတနသုတ်
၅း၂၀ MRTV-4 သတင်း
၇း၃၀ MRTV-4 သတင်း
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
၈း၁၀ Cartoon Series
(Go Go Giggles)
၈း၄၀ Cartoon Series
(Go Torara Go)
၃း၃၅ ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အထိမ်းအမှတ်စကားဝိုင်း
၄း၀၅ Cartoon Series
(Go Go Giggles)
၄း၄၅ Cartoon Series
(Go Torara Go)
၅း၀၀ ရန်ကုန်မြင်ကွင်းကျယ်
၅း၁၀ Minute to Win It
၆း၀၀ MRTV-4 သတင်း
၆း၁၀ Health Fix
၃း၄၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၄၀ တရားဓမ္မပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

✳ အလွတ်ကျက်ဖြေဆိုသည့်မှ

ဆရာများကို လေးစားတန်ဖိုးထားရန် လိုအပ်ပါကြောင်း၊ ကျောင်းကျန်းမာရေး ပိုင်းတွင်လည်း ဂရုတစိုက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စု လွှတ်တော်အနေဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးဘတ်ဂျက်ကို လေးဆတိုးမြှင့်ချထားပေးခဲ့ပါကြောင်း၊ ရမည်းသင်းခရိုင်အနေဖြင့် ယခုအခမ်း အနားများကို ကြည့်ခြင်းအားဖြင့် ပညာရေးကို အထူးတလည်လေးစားတန်ဖိုး ထားသည်ကို တွေ့ရပါကြောင်း။

မြန်မာ့ပညာရေးသမိုင်းကို ပြန်ကြည့်လျှင် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများမှ ဘုရင်များ၊ စစ်သူကြီးများထွက်ပေါ်လာသည်ကိုတွေ့ရှိရမည် ဖြစ်ပါကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည်ပင်လျှင် ကိုးနှစ်သားအရွယ်မှ ဘုန်းတော်ကြီးပညာသင်ကျောင်းမှ စတင်ကျောင်းတက် ခဲ့သည်ကိုတွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း များကို နိုင်ငံတော်အနေဖြင့် ကျောင်းအဆင့်များ များစွာတိုးမြှင့်ပေးခဲ့ပြီးဖြစ် ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျောင်းအဆင့်များ တိုးမြှင့်ပေးနေရုံဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမှာမဟုတ်ဘဲ ကျောင်းသားများ၏ ပညာလိုလားမှု၊ ဆရာများ၏မေတ္တာတရားကြီးမားမှု၊ မိဘများ၏ပညာအပေါ် အားပေးလိုလားမှု များ ရရှိရန်လိုအပ်ပါကြောင်း၊ မြန်မာစကားတွင်ရှိသည့် သေစာရှင်စာဆိုသည်မှာ မွေးဖွားသည်မှ သေဆုံးချိန်အထိ ပညာသင်ကြားရမည်ဖြစ်သလို အသက်ရှင် နေချိန်တွင်လည်း ပညာသင်ကြားရန်လိုအပ်သည့်အတွက် သေစာရှင်စာဟု ခေါ်ဆိုခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မိမိဒေသ၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အတွက် ရာသက်ပန်ပညာရှာမှီးသွားကြရန် မေတ္တာဖြင့်တိုက်တွန်းလိုပါကြောင်း ဖြင့် ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားများတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကျောင်းအဆင့် တိုးဆိုင်းဘုတ်များနှင့် ကျောင်းဆောင်သစ်ဆိုင်းဘုတ်တို့ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီနှင့်ဦးမြင့်စိုး၊ မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်နှင့် တာဝန်ရှိ သူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။ **(သတင်းစဉ်)**

☆ ရှေ့ဖုံးမှ

ထိုင်း-မြန်မာ မီးရထားလမ်း

ဇူလိုင်လ ၂၀ ရက်ထုတ် ယူကေ သတင်းစာတစ်စောင်ဖြစ်သော The Times က ၎င်း၏ စာအုပ်စင်ကဏ္ဍ တွင် ဒုတိယကမ္ဘာစစ်အတွင်း နေ့စဉ် ဖြစ်ပွားသော လူမဆန်သည့် လုပ်ရပ် များ၊ မဟာမိတ် အကျဉ်းသားများ အပေါ် ဂျပန်၏ ဆက်ဆံမှုကဲ့သို့သော ရက်စက်ကြမ်းကြုတ်မှုအားလုံးကို လူ အနည်းအကျဉ်းကသာ တုမီနိုင် ကြောင်း၊ သေအံ့ဆဲဆဲဖြစ်ပြီး ပိန်ချုံး ချည့်နဲ့သော စစ်သုံ့ပန်းတို့၏ အတင်း အဓမ္မလုပ်အားဖြင့် ထိုင်း-မြန်မာ မီးရထားလမ်းဖောက်လုပ်သည့် စီမံ ကိန်းမှာ မယုံကြည်နိုင်လောက်အောင် အရုပ်ဆိုး အကျည်းတန်ကြောင်း၊ မဟာမိတ်စစ်သား ၁၂၀၀၀ ကျော်မှာ အဆိုပါ ငရဲတွင်းမှ အသက်ရှင်လျက် ရုန်းထွက်နိုင်ခြင်းမရှိခဲ့ကြောင်း၊ သို့သော် ၎င်းတို့နှင့်အတူ သူရသတ္တိနှင့် ကြင်နာမှုကို ဖော်ကျူးသည့်ဖြစ်စဉ် များကို သယ်ဆောင်လာခဲ့ကြကြောင်း စသည်ဖြင့် ရေးသားဖော်ပြသည်။

မြန်မာဆန်တင်သွင်းမှု

သွင်းကုန်အခွန်လျှော့ချ

ဇူလိုင် ၁၆ ရက်ထုတ် အီတလီ သတင်းစာ တစ်စောင်ဖြစ်သည့် Italia Oggi က အီတလီစိုက်ပျိုးရေး ဝန်ကြီးဌာနနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာနတို့သည် ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံ စသော နိုင်ငံများမှ ဆန်တင်သွင်းမှု အပေါ် စည်းကြပ်သည့်သွင်းကုန် အခွန်ကို သုညအထိလျှော့ချလိုက်ခြင်း အပေါ် ဒေသအတွင်းရိုက်ခတ်မှုနှင့် ပတ်သက်၍ သက်သေအထောက် အထားများပြုစုရန် ပြင်ဆင်လျက် ရှိကြောင်း၊ သက်သေအထောက် အထားများပြုစုပြီးနောက် ဥရောပ ကော်မရှင်ထံတင်ပြမည်ဖြစ်ကြောင်း၊ အီတလီလယ်သမားများအသင်းဖြစ် သည့် Coldiretti သည် ဥရောပထွက် မဟုတ်သော ဆန်တင်သွင်းမှုအပေါ် ပိုမိုတင်းကျပ်သော ထိန်းချုပ်မှုများ ပြုလုပ်ရန် တောင်းဆိုခဲ့ကြောင်း၊ အီတလီစိုက်ပျိုးရေးဝန်ကြီး မော်ရီဇီ ယိုမာတီနာက ပြည်ပမှဆန်တင်သွင်း မှုနှင့်ပတ်သက်ပြီး မြို့အများအပြား တွင် ကန့်ကွက်လျက်ရှိသည့်အီတလီ ဆန်ထုတ်လုပ်ရေး လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိ သည်ဟု ကြေညာခဲ့ကြောင်း စသည် ဖြင့် ရေးသားဖော်ပြထားသည်။

bmomjyefa*wD

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတိယအဆင့် အရှိန်မြှင့်တင်ဆောင်ရွက်ရေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတိယ အဆင့် အရှိန်မြှင့်တင်ဆောင်ရွက်ရေးဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ရုံးတွင်ကျင်းပရာ**(အပေါ်ပုံ)** သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် သမ္မတ အကြံပေးပုဂ္ဂိုလ် ဦးဇော်ဦး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုအဖွဲ့ဝင် ဦးသူရ သောင်းလွင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်နိုင်ငံတကာအဖွဲ့အစည်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအား တတိယအဆင့် အရှိန်မြှင့်တင်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး တို့အတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အရှိန် မြှင့်တင်ဆောင်ရွက်သွားနိုင်ရန် လိုအပ်သည့်အတွက် ယခုဆွေးနွေးပွဲကျင်းပ ရခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က One Stop ရုံးကို ရန်ကုန်တွင် ဖွင့်လှစ်ပေးပြီးဖြစ်ပါကြောင်း၊ မကြာမီကုန်သွယ်ရေးဆိုင်ရာ One Stop ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖွင့်လှစ်ပေးမည်ဖြစ်ပါ ကြောင်း၊ ယင်းရုံးတွင် ပူးပေါင်းပါဝင်ရမည့် ဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ် ခန့်အပ်၍ စီးပွားရေးလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့အောင် တစိုက် မတ်မတ်ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း၊ အစိုးရသစ်တာဝန်ယူပြီး ချိန်မှစ၍ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများစွာကို ဖြေလျှော့ ပေးခဲ့ပြီးဖြစ်သည့်အပြင် ကမ္ဘာ့ဘဏ် IFC အဖွဲ့က ထုတ်ပြန်သည့် Doing Business Report 2014 ပါ အချက်များအနက် ပြင်ဆင်ဖြေလျှော့ပေး နိုင်သည်များကို ဖြေလျှော့ပေးပြီးဖြစ်ပါကြောင်း၊ ပြင်ဆင်ဖြေလျှော့ရန် ကျန်ရှိ သည့်အချက်အချို့မှာ ဥပဒေပြင်ဆင်ရမည့်ကိစ္စများဖြစ်သည့်အတွက် အစိုးရ အုပ်ချုပ်ရေးအဖွဲ့အစည်းများက ပြင်ဆင်ရေးအတွက် လွှတ်တော်အပိုင်းသို့ ဆက်လက်တင်ပြရမည့်ကိစ္စများဖြစ်သဖြင့် ပုဂ္ဂလိကကဏ္ဍနှင့်အစိုးရဌာနများ ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တစ်လ၊ နှစ်လလျှင် တစ်ကြိမ်တွေ့ဆုံပြီး ညှိနှိုင်းရုံဖြင့် အချိန်တိုအတွင်း မပြီးစီးနိုင်သည့်အတွက် အရှိန်အဟုန်မြှင့်တင် ဖွဲ့စည်းဆောင်ရွက်မှုပုံစံအဖြစ် အထူးလုပ်ငန်းအဖွဲ့နှင့် လိုအပ်သည့်အဖွဲ့များ ကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ တစိုက်မတ်မတ် တာဝန်ယူအချိန်ပေးလုပ် ဆောင်နိုင်မည့် ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှုသာမက ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းအသီးသီး အဆင်ပြေချောမွေ့အောင် One Stop ရုံးနှင့် အထူးလုပ်ငန်းအဖွဲ့၊ လုပ်ငန်း အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားမည့်အခြေအနေများ၊ ကမ္ဘာ့ဘဏ် IFC ၏ စီးပွားရေးလုပ်ငန်းများ လွယ်ကူမှု အဆင့်သတ်မှတ်ချက်တွင် မြန်မာနိုင်ငံသည် အဆင့်နိမ့်နေသည့်အတွက် နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး မြင့်မားတိုးတက် အောင် ဆောင်ရွက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့်အဖွဲ့၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင် ဦးဆောင် သောအဖွဲ့၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးနှင့် နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ် ဦးဇော်ဦး၊ ANU အဖွဲ့မှ Mr. Peter Drysdale ဦးဆောင်သောအဖွဲ့များက ဆွေးနွေးညှိနှိုင်းတင်ပြကြပြီး တက်ရောက်လာသူများက ပါဝင်အကြံပြုဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ မြန်မာမှ

လာရောက်သော ခရီးသွားများသုံးစွဲ သည့် နိုင်ငံခြားငွေများသည် တိုင်း ပြည်အတွက် ဝင်ငွေများဖြစ်ရာ ခရီး သွားလုပ်ငန်းကို မီးခိုးမဲ့စက်ရုံဟု နိုင်ငံတကာမှ တင်စားသုံးနှုန်းပြော ဆိုနေကြောင်း၊ ပြည်ပလုပ်ငန်းရှင်များ အနေဖြင့် နိုင်ငံခြားငွေ ၆၉၀ ဒသမ ၈၈ သန်းရင်းနှီးမြှုပ်နှံသော ဟိုတယ် ၂၂ လုံး၊ နိုင်ငံခြားငွေ ၃၈ ဒသမ ၂ သန်း ရင်းနှီးမြှုပ်နှံသော ဖက်စပ် အကျိုးတူ ဟိုတယ်လေးလုံး(ရန်ကုန် တွင် သုံးလုံး၊ မန္တလေးတွင် တစ်လုံး) ကို ပြည်တွင်းတွင် လုပ်ကိုင်နေကြ ကြောင်း၊ အသင်းဝင်တိုးပွားပြီး စုပေါင်း၍ တစ်ဦးချင်းအသိအမြင်၊ ဗဟုသုတလုပ်ဆောင်ချက်များဖြင့် ပေါင်းစပ်လုပ်ကိုင်သွားရန် ပြောကြား သည်။

အဆိုပါ အဖွဲ့တွင် လေကြောင်း လိုင်း ခုနစ်ခု၊ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး၊ ငွေဆောင်နှင့်ငပလီကမ်း ခြေ၊ ဟိုတယ် ၃၃ လုံး၊ ခရီးသွား လုပ်ငန်း ၇၄ ဖွဲ့၊ ပြည်တွင်းသွားနှစ်ဖွဲ့ စုစုပေါင်း အဖွဲ့ဝင် ၁၁၇ ဦးရှိကြောင်း နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြ ထားသည်။ **(မောင်စေအောင်)**

လစ်ဗျားရှိ အမေရိကန်သံရုံး ဝန်ထမ်းများကို တူနီးရှားသို့ ပြောင်းရွှေ့

ဝါရှင်တန် ဇူလိုင် ၂၇

လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီတွင် လုံခြုံရေးစိုးရိမ်ရသည့် အခြေအနေကြောင့် ယင်းမြို့ရှိ အမေရိကန်သံရုံးမှ ဝန်ထမ်းများကို ယာယီရွှေ့ပြောင်းပေးခဲ့ပြီဖြစ်ကြောင်း ဝါရှင်တန်က စနေနေ့တွင် ပြောသည်။

လစ်ဗျား ပြည်သူ့စစ်များအကြား တိုက်ခိုက်မှုများ ပြင်းထန်လာပြီဖြစ်၍ သံရုံးလုံခြုံရေးအစောင့် မရိမ်းတပ်ဖွဲ့ဝင်များ အပါအဝင် ဝန်ထမ်းများကို တူနီးရှားနိုင်ငံသို့ ရွှေ့ပြောင်းခဲ့သည်ဟု ဆိုသည်။

ထရီပိုလီမြို့ရှိ အမေရိကန်သံရုံးသည် ဝန်ထမ်းအင်အား အကန့်အသတ်ဖြင့် လုပ်ငန်းများဆောင်ရွက်နေနှင့်ပြီးဖြစ်သည်။ ကျန်ရှိနေသေးသည့် ဝန်ထမ်းအားလုံးကို စနေနေ့နံနက်စောစောပိုင်းတွင် ကုန်းလမ်းဖြင့် တူနီးရှားသို့ ရွှေ့ပြောင်းပေးခဲ့ခြင်းဖြစ်သည်။

ဎင်းတို့ကို အက်ဖ်-၁၆ နှင့် အမ်ဗွီ-၂၂ အိုစပရေးလေယာဉ်တို့ဖြင့် လိုက်ပါစောင့်ရှောက်ပေးခဲ့ကြောင်း အမေရိကန် စစ်ဘက်ကပြောသည်။ ငါးနာရီကြာခရီးကို ပြဿနာတစ်စုံတစ်ရာမရှိဘဲလျက် ဆောင်ရွက်နိုင်ခဲ့သည်ဟု ထပ်မံပြောကြားသည်။

မြို့တော်ထရီပိုလီရှိ လေဆိပ်အနီး၌ တိုက်ပွဲများဖြစ်ပွားမှုကြောင့် မီးခိုးများ လွှမ်းခြုံလျက်ရှိသည်ကို တွေ့ရစဉ်။

စိုးရိမ်

ပင်လယ်ရပ်ခြားရှိ အမေရိကန်သံတမန်များအတွက် အန္တရာယ် ကျရောက်မည်ကို အိုဘားမားအစိုးရက စိုးရိမ်သဖြင့် ယင်းသို့ရွှေ့ပြောင်းခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီဟတ်က ပြောသည်။

ပြိုင်ဘက်လက်နက်ကိုင်အုပ်စုများအကြား တိုက်ပွဲများသည် အမေရိကန်သံရုံးနှင့် အလွန်နီးကပ်သောနေရာအထိ ရောက်ရှိလာကြောင်း မာရီဟတ်က ပြောသည်။

အမေရိကန် နိုင်ငံသားများအား လစ်ဗျားနိုင်ငံသို့သွားရောက်ခြင်းမပြုကြရန် နိုင်ငံခြားရေးဝန်ကြီးဌာနက တိုက်တွန်းထားသည်။

ဘီဘီစီ။

လစ်ဗျားနိုင်ငံဘင်ဂါဇီ၌ တိုက်ပွဲများပြင်းထန် အရပ်သားများအပါအဝင် ၅၀ ကျော်သေဆုံး

ဘင်ဂါဇီ(လစ်ဗျား) ဇူလိုင် ၂၇

လစ်ဗျားနိုင်ငံအရှေ့ပိုင်း ဘင်ဂါဇီမြို့တွင် လစ်ဗျားအထူးတပ်ဖွဲ့နှင့် အစ္စလာမ္မစ်စစ်သွေးကြွများအကြား စနေနေ့ညမှ တနင်္ဂနွေနေ့ နံနက်ပိုင်းအထိ တိုက်ပွဲများဖြစ်ပွားရာ အရပ်သားအများအပြား အပါအဝင် အနည်းဆုံး ၃၆ ဦးသေဆုံးခဲ့ကြောင်း လုံခြုံရေးသတင်းအရင်းအမြစ်က ပြောကြားသည်။

မြို့တော်၏ အဓိကလေဆိပ်၌ ပြိုင်ဘက်ပြည်သူ့စစ်များအကြား တိုက်ပွဲများဖြစ်ပွားစဉ် အီဂျစ်အလုပ်သမားများနေထိုင်သော အိမ်ပေါ်သို့ စနေနေ့တွင် ဒုံးကျည်တစ်လုံးကျရောက်ပေါက်ကွဲသဖြင့် နောက်ထပ် ၂၃ ဦးသေဆုံးခဲ့ရကြောင်း အီဂျစ်အစိုးရပိုင်သတင်းဌာနက ဖော်ပြသည်။

လစ်ဗျားနိုင်ငံတွင် ဗိုလ်မှူးကြီး မွမ်မာကဒါဖီကို ဖယ်ရှားခဲ့သည့် ၂၀၁၁ ခုနှစ် လူထုအုံကြွမှုအပြီး လွန်ခဲ့သော ရက်သတ္တနှစ်ပတ်အတွင်း ပြိုင်ဘက်အုပ်စုတို့အကြား အပြင်းအထန် တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ အသေအပျောက်အများအပြားရှိခဲ့သည်။

လစ်ဗျားဗဟိုအစိုးရသည် တရားဥပဒေစိုးမိုးစေရန် မထိန်းသိမ်းနိုင်သဖြင့် ပြိုင်ဘက်ပြည်သူ့စစ်များသည် မြို့တော်ထရီပိုလီ၌ တိုက်ပွဲများဖြစ်ပွားနေပြီး ဘင်ဂါဇီ၌ စစ်စခန်းများ တည်ဆောက်နေသော အစ္စလာမ္မစ် စစ်သွေးကြွများကို အစိုးရတပ်ဖွဲ့များက မောင်းထုတ်နိုင်ရန် ကြိုးစားလျက်ရှိသည်။

လစ်ဗျား၏ အနောက်အုပ်စု လုပ်ဖော်ကိုင်ဖက်များက အိုပက်အဖွဲ့ဝင်နိုင်ငံအတွင်း အဓိကပြည်သူ့စစ်အုပ်စုနှစ်စုအကြား အကွဲအပြဲကြီးမားလာခြင်းကို စိုးရိမ်ပူပန်လျက်ရှိသည်။

ရိုက်တာ။

ယူကရိန်းအရှေ့ပိုင်း ဒွန်းတက်မှ
မြို့သားများ ထွက်ပြေးကြပြီ

ဒွန်းတက် ဇူလိုင် ၂၇

ယူကရိန်းနိုင်ငံ အရှေ့ပိုင်း ဒွန်းတက်မြို့မှ တောင်ဘက်သို့ ထွက်ခွာသော လမ်းများပေါ်၌ စနေနေ့တွင် မော်တော်ယာဉ်များနှင့် ပြည့်ကျပ်လျက်ရှိသည်။

မြို့၏ မြောက်ဘက်အစွန် ရပ်ကွက်များတွင် လေယာဉ်များမှ တစ်ညလုံး ဗုံးကြဲခဲ့သည့်အတွက် မြို့လယ်၌ နေထိုင်ကြသော မြို့သူမြို့သားများက ထွက်ပြေးရန် ကြိုးစားကြရာမှ ယာဉ်တန်းကြီးများ တန်းစီနေခြင်းဖြစ်သည်။

ရာပေါင်းများစွာသော ယာဉ်များသည် ရှေ့တိုးမရ၊ နောက်ဆုတ်မရဖြင့် လမ်းများ ပိတ်ဆို့လျက်ရှိသည်။ ရုရှားလိုလားသော ခွဲထွက်ရေးသမားများ၏ ခြေကုပ်မြို့သို့ ရထားများလည်း ပြေးဆွဲခြင်း မရှိတော့ပေ။

နယ်စပ်ဖြတ်ကျော်၍ ရုရှားနိုင်ငံအတွင်းသို့ ခိုလှုံရန် ရောက်လာသော ယူကရိန်းဒုက္ခသည်များမှာ စနေနေ့တွင် ပိုမိုများပြားလာကြောင်း ရုရှားသတင်းဌာန အင်တာဖက်စ်က ဖော်ပြသည်။ လွန်ခဲ့သည့် ၂၄နာရီအတွင်း ယာယီခိုလှုံရေးစခန်းများသို့ နောက်ထပ် ဒုက္ခသည် ၄၆၀၀ ရောက်ရှိလာကြောင်း ရုရှားအရေးပေါ်လုပ်ငန်းများဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍အင်တာဖက်စ်ကပြောကြားသည်။ သို့အတွက် ထိုစခန်းများ၌ စုစုပေါင်း ဒုက္ခသည် ၃၁၀၀၀ ကျော်သွားပြီဟု ဆိုသည်။

လွန်ခဲ့သောရက်က ယူကရိန်းဒုက္ခသည်များအတွက် ယာယီစခန်း ၂၀ ကို ရုရှားက ဖွင့်လှစ်ထားခဲ့သည်ဟု ဎင်းဝန်ကြီးဌာနက အင်တာဖက်စ်ကို ပြောကြားသည်။ ဎင်းတို့တွင် ကလေးအရေအတွက် ၁၁၀၀၀ ကျော် ပါဝင်သည်ဟု ဆိုသည်။

အဆိုပါသတင်းကို လွတ်လပ်စွာ အတည်ပြုချက်မရရှိဟု စီအင်န်အင်န်က ပြောကြားသည်။ **စီအင်န်အင်န်။**

အမြောက်ကျည်များ ညလုံးပေါက် ကျရောက်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် ဘေးလွတ်ရာသို့ ထွက်ပြေးခိုလှုံကြရသော ဒေသခံများ၏ မော်တော်ယာဉ်များကို တွေ့ရစဉ်။

တရုတ်နိုင်ငံတွင် တိုင်ဖွန်းမက်မိုတိုက်ခတ် ၁၃ဦးသေဆုံး၊ ဒေါ်လာ ၅၄၇သန်းဖိုးဆုံးရှုံး

ပေကျင်း ဇူလိုင် ၂၇

တရုတ်နိုင်ငံတွင် မက်မိုဟုအမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ရာ ၁၃ ဦးထက်မနည်းသေဆုံး၍ ဒေသခံပြည်သူ ၂ ဒသမ ၅ သန်းခန့် ဘေးဒုက္ခ ကြုံတွေ့ကြရကြောင်း မြို့ပြကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၂၇ ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စီပြည်နယ်တွင် မုန်တိုင်းကြောင့် ကိုးဦးသေဆုံးပြီး တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်တွင် လေးဦးသေဆုံးကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အရေးပေါ်လိုအပ်

လျောင်နင်း၊ ကျန်းဆုစီကျန်း၊ အင်ဟွေး၊ ဖူကျင်း၊ ကျန်စီပြည်နယ်နှင့် ကွမ်တုန်ပြည်နယ်အပါအဝင် ပြည်နယ် ရှစ်ခုနှင့် စီရင်စု ၁၈၅ ခုတွင် နေထိုင်သူပြည်သူ ၂ဒသမ ၅၄သန်းကျော် မုန်တိုင်းဒဏ်ခံကြရကြောင်း၊ ဒေသခံ ပြည်သူ ၂၈၉၀၀၀ ခန့်အတွက် နေရာရွှေ့ပြောင်းရန်ရှိသော်လည်း ပြည်သူ ၃၇၀၀၀ နေထိုင်ရန်နေရာများ အရေးပေါ်လိုအပ်လျက်ရှိကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ယခုနှစ်အတွင်း တရုတ်နိုင်ငံ၌ တိုက်ခတ်ခဲ့သောမုန်တိုင်းအနက် မက်မိုမှာ ၁၀ ခုမြောက်မုန်တိုင်းဖြစ်ကြောင်း၊ နေအိမ်များနှင့် စိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုကြောင့် စီးပွားရေးအရ အမေရိကန်ဒေါ်လာ ၅၄၇ သန်းဖိုးခန့် ဆုံးရှုံးနစ်နာခဲ့ရကြောင်း၊ တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကျန်းပြည်နယ်တွင် ဇူလိုင်၂၃ရက်က ယင်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် အခြားပြည်နယ်များသို့ ပျံ့နှံ့ရောက်ရှိကာ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ဆင်ဟွာ။

တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်တွင် အကျင့်ပျက်အရာရှိ ၇၅၀ ကျော်ကို အလုပ်မှထုတ်ပယ်

ရှန်ဟိုင်း ဇူလိုင် ၂၇

တရုတ်နိုင်ငံတွင် ဇနီးနှင့်သားသမီးများကို နိုင်ငံခြားသို့ ရွှေ့ပြောင်းပို့ထားသည့် အရာရှိများကို နှိမ်နင်းလျက်ရှိရာ နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်တွင် အစိုးရဝန်ထမ်း ၈၅၀ကျော်ကို အလုပ်မှ ထုတ်ပယ်လိုက်ကြောင်း ရိုက်တာသတင်းဌာနက မကြာသေးမီက ဖော်ပြခဲ့သည်။

ပြည်နယ်အစိုးရက စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ရာတွင် "အကျင့်ပျက်အရာရှိများ"ဟု သမုတ်ထားသည့် အရာရှိ ၂၁၉၀ ကို တွေ့ရှိခဲ့သည်။ ဎင်းတို့အနက် ၈၆၆ ဦးကို တာဝန်မှ ရပ်စဲခဲ့ကြောင်း ကွမ်တုန်ပြည်နယ်အစိုးရက သောကြာနေ့တွင် တရားဝင် သတင်းထုတ်ပြန်ခဲ့ပြီး ပြည်နယ်မီဒီယာများက စနေနေ့တွင် ဖော်ပြခဲ့ကြသည်။

သုံးသပ်

"အကျင့်ပျက်အရာရှိများ" ကို ရာထူးတိုးမြှင့်ပေးရာတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း နိုင်ငံပိုင်မီဒီယာများကဖော်ပြသည်။ အကြောင်းမှာ ဎင်းတို့သည် ပြည်ပသို့ထွက်ပြေးနိုင်သော စွမ်းပကားရှိသည်ဖြစ်၍ အဂတိလိုက်စားရန် ဆန္ဒပိုရှိသူများဟု သုံးသပ်ထားသည့်အတွက်ဖြစ်သည်ဟုဆိုသည်။

ဟောင်ကောင်နှင့် ကပ်လျက်ရှိသည့်ကွမ်တုန်ပြည်နယ်တွင် "အကျင့်ပျက် အရာရှိများ" သည် အရေးကြီးသော ပြဿနာတစ်ရပ်ဖြစ်သည်ဟု ဆင်ဟွာက ဖော်ပြသည်။ ကွမ်တုန်ပြည်နယ်တွင် နေထိုင်သော အသိုင်းအဝိုင်းသည် ရှေးအစဉ်အလာကတည်းက အရှေ့တောင်အာရှ၊ ဥရောပ၊ ဩစတြေးလျနှင့် မြောက်အမေရိကရှိ နိုင်ငံများသို့ ပျံ့နှံ့လျက်ရှိသည်။

အရာရှိအများအပြားသည် ဟောင်ကောင် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်မှ ပြည်ပ၌ တိုက်ခန်းများ၊ အိုးအိမ်များ ဝယ်ယူခြင်းအပါအဝင် ဒေါ်လာ တစ်သန်းကျော်စီ ကိုယ်ကျိုးရှာကြသည်။ ထိုအစီအစဉ်ကိုပြည်မကြီး၌ နေထိုင်သူများကိုမူ ခွင့်ပြုပေးခြင်းမရှိပေ။

တရုတ် ကွန်မြူနစ်ပါတီအပေါ် ပြည်သူတို့က မကျေနပ်မှုများ ပေါ်ပေါက်လာမည်ကို စိုးရိမ်သည့်အတွက် သမ္မတရှီကျင့်ဖျင်က အဂတိလိုက်စားမှုများကို နှိမ်နင်းလျက်ရှိသည်။ သို့သော် ရှီသည် ဎင်းကိုဆန့်ကျင်သူများအား ဖယ်ရှား၍ ဎင်း၏မဟာမိတ်များကို အစားထိုးရာတွင် အသုံးပြုသော လက်နက်တစ်ခုအဖြစ် ဎင်းလုပ်ရပ်ကို ရှုမြင်ကြသည်ဟု ဆိုသည်။

ရိုက်တာ။

လေယာဉ်ပျက် စုံစမ်းစစ်ဆေးမှုမှာ မှတေ့အိုင် မအာနိုင် ဖြစ်ရဆဲ

■ ucb

မလေးရှား လေကြောင်း၃၁နမှ ခရီးသည်တင် လေယာဉ်တစ်စင်း ပျက်ကျခဲ့သည့် နေရာတွင် နောက်ဆုံး လက်ကျန် ရုပ်အလောင်းများအား ရှာဖွေနိုင်ရန်နှင့် မှုခင်းဆေးပညာ ကျွမ်းကျင်သူ စုံစမ်းစစ်ဆေးရေးမှူးများက သဲလွန်စများ ရှာဖွေနိုင်ရန် နယ်သာလန်နိုင်ငံက ယူကရိန်းနိုင်ငံ အရှေ့ပိုင်းဒေသသို့ လုံခြုံရေး စောင့်ကြပ်ပေးမည့် စစ်ရဲတပ်ဖွဲ့ဝင် ၄၀ ကို စေလွှတ်မည်ဖြစ်ကြောင်း ဇူလိုင် ၂၅ ရက်တွင် ထုတ်ပြန် ကြေညာလိုက်သည်။

နယ်သာလန်နိုင်ငံ နည်းတူ ဩစတြေးလျနိုင်ငံကလည်း လေယာဉ်ပျက်ကျခဲ့သည့်နေရာသို့ ရဲတပ်ဖွဲ့ဝင်များကို စေလွှတ်ပေးမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

အမ်အိပ်ချ်-၁၇ လေကြောင်းခရီးစဉ် ပျံသန်းခဲ့သော ခရီးသည်တင်လေယာဉ် ပျက်ကျမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုကို နယ်သာလန်နိုင်ငံက ဦးဆောင်ပြုလုပ်မည်ဖြစ်သည်။ ယူကရိန်းနိုင်ငံ အရှေ့ပိုင်းရှိ ခွဲထွက်ရေး လှုပ်ရှားသူများ ထိန်းချုပ်ထားသည့်နေရာတွင် လေယာဉ်ပျက်ကျခဲ့ပြီး လူပေါင်း ၂၉၈ ဦး ဇီဝိန်ကြွေခဲ့ရသည်။ လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့ရသူ ဦးရေ၏ သုံးပုံနှစ်ပုံမှာ ဒတ်ချ်လူမျိုးများဖြစ်သည်။

မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်တစ်စင်းထိမှန်ခံရမှုကြောင့် လေယာဉ်ပျက်ကျခဲ့ရသည်ဟု သက်သေမကင်းဖြစ်ကြရပြီး မည်သူ့လက်ချက်ဖြစ်သည်ကို စုံစမ်းဖော်ထုတ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။

ပျက်ကျခဲ့သော ဘိုးအင်း-၇၇၇ အမျိုးအစားခရီးသည်တင်လေယာဉ်၏ အပျက်အစီးအပိုင်းအစများကို ထပ်မံရှာဖွေတွေ့ရှိခဲ့ကြပြီး ရုပ်အလောင်းများကိုလည်း နောက်ထပ် ရှာဖွေတွေ့ရှိခဲ့ကြသည်။

လေယာဉ်ပျက်ကျသည့်နေရာကို ထိန်းချုပ်ခွင့်ရရှိရေးအတွက် နယ်သာလန်နှင့် ဩစတြေးလျနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများက ကြိုးပမ်းခဲ့ကြပြီး ယူကရိန်းနိုင်ငံနှင့် သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့သည်။

လက်ကျန်ရုပ်အလောင်းများ ရှာဖွေရေးနှင့် သဲလွန်စများ ရှာဖွေနိုင်ရေးတို့အတွက် အထူးလုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်နိုင်ရန် ယူကရိန်းနိုင်ငံက နယ်သာလန်နိုင်ငံအား တာဝန်ဝတ္တရားများကို တရားဝင် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဂျူလီဘစ်ရှော့က ယူကရိန်းနိုင်ငံ မြို့တော်ကီယက်ဗ်တွင် ဇူလိုင် ၂၅ ရက်က သတင်းထောက်များအား ပြောကြားခဲ့သည်။

လေယာဉ်ပျက်ကျခဲ့သည့်နေရာ၌ လုံခြုံမှုရှိရေးနှင့် ရုပ်အလောင်းများအား အပြီးတိုင် ရှာဖွေနိုင်ရေးအတွက် ဖက်ဒရယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိ ၅၀ ကို စေလွှတ်ပေးရန် အသင့်ရှိနေပြီဟု ဩစတြေးလျအစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။

လေယာဉ်ပျက်ကျသည့် ကြမ္မာဆိုးနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမည့် နိုင်ငံခြားသား မှုခင်းဆေးပညာရှင်များအတွက် လုပ်ငန်းဆောင်ရွက်ခွင့်ဆိုင်ရာ အခြေခံမူဘောင် သဘောတူညီချက်တစ်ရပ် ရရှိခဲ့ခြင်းမှာ တိုးတက်မှုတစ်ရပ်ဖြစ်သည်။ သို့ရာတွင် ယူကရိန်းအစိုးရအဖွဲ့နှင့် ရရှိခဲ့သော သဘောတူညီချက်ကို ခွဲ ထွက်ရေးသမားများက ရင်ကြားစေ့ လက်ခံနိုင်ခြင်း ရှိ မရှိတိတိပပ မသိရသေးပေ။

ထိုစဉ်အတွင်း ယူကရိန်းနိုင်ငံရေးမှာ ရိုးတိုးရွတဖြစ်လာသည်။ မတည်မငြိမ် လှုပ်ရှားလာသော နိုင်ငံရေးအခြေအနေတစ်ရပ်အတွင်း ဖြစ်ပေါ်လာသည့် အရှုပ်အထွေးတစ်ရပ်မှာ ယူကရိန်းဝန်ကြီးချုပ် အာဆန်နီယက်ဆန်ယွတ် ရာထူးမှ နုတ်ထွက်စာတင်ခြင်းဖြစ်သည်။ ယင်းမှာ အစိုးရအဖွဲ့အတွင်း အိုးနင်း ခွက်နင်းကသောင်းကနင်းဖြစ်လျက် ဖြေရှင်းချက်ထုတ်ရမည့် နိုင်ငံရေး ပုစ္ဆာတစ်ရပ်ဖြစ်သည်ဟု ဆိုရချိမ့်မည်။

ယူကရိန်းသမ္မတ ပီထရိုပိုရိုရှန်ကိုသည် ရွေးကောက်ပွဲသစ်ကျင်းပရန် တိုက်တွန်းလိုက်ပြီး ကြားဖြတ် အစိုးရအဖွဲ့ ဖွဲ့စည်းရေးသို့ ဦးတည်နေချိန်တွင် လေယာဉ်ပျက်ကျသည့်ကိစ္စနှင့် ပတ်သက်၍ နိုင်ငံတကာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ရသည်။

လေယာဉ်ပျက်ကျမှုဖြစ်ရပ်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုပြုလုပ်နိုင်ရန် တာဝန်ဝတ္တရားများကို ယူကရိန်း နိုင်ငံက နယ်သာလန်နိုင်ငံထံသို့ လွှဲပြောင်းပေးအပ်ခြင်းဖြင့် ရှုရှားလိုလားသော ခွဲထွက်ရေးသမားများအနေဖြင့် အထိအရှမခံ ပျက်လွယ်သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လေးစားလိုက်နာလာရန် အကြောင်းအထောက်အပံ့တစ်ရပ်ဖြစ်လာမည်ဟု မျှော်လင့်ရသည်။

ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအက်စ်စီအီး)၏ စစ်ရေးအကဲခတ်ပုဂ္ဂိုလ်များသည် ခွဲထွက်ရေးလှုပ်ရှားမှု ခေါင်းဆောင်များနှင့် တိုက်ရိုက်ဆက်သွယ်ခဲ့ကြပြီး လေယာဉ်ပျက် စုံစမ်းစစ်ဆေးရေးမှူးများအနေဖြင့် စစ်ဇုန်အတွင်းသို့ ဝင်ရောက်ကာ အလုပ်လုပ်ကိုင်နိုင်ရန် ညှိနှိုင်းခဲ့ကြသည်။

လေယာဉ်ပျက်ကျသည့်နေရာ၌ ကယ်ဆယ်ရေးလုပ်ဆောင်နိုင်ရန် စေလွှတ်ခဲ့သည့် မိမိတို့၏ လုပ်သားများ အခြေစိုက်သည့် စခန်းမှ ရွက်ဖျင်တဲများကို သေနတ်သမားများက ယူဆောင်သွားခဲ့ကြကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းသုံး စက်ကိရိယာများနှင့်အတူ ပြန်လည်ထွက်ခွာသွားရန် ၎င်းတို့က မိမိတို့၏ လုပ်သား များကို သေနတ်ပြောင်းဝဖြင့်တေ့၍ မောင်းထုတ်ခဲ့ကြကြောင်း အရေးပေါ်လုပ်ငန်းများဆိုင်ရာ အကြီး အကဲတစ်ဦးက ယူကရိန်းနိုင်ငံအရှေ့ပိုင်း ခါဗစ်မြို့၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ သို့ရာတွင် ယင်းဖြစ်ရပ် မည်သည့်အချိန်က ဖြစ်ပွားခဲ့သည်ကို မသိရပေ။

လေယာဉ်ပျက်ကျရာနေရာ အဝန်းအဝိုင်းအတွင်းသို့ ဝင်ရောက်ရန် အခက်အခဲများရှိနေသည်ဟု ယူကရိန်းနိုင်ငံရောက် နယ်သာလန်ရဲတပ်ဖွဲ့ ကိုယ်စားလှယ်အဖွဲ့အကြီးအကဲဂျန်တွင်ဒါက ပြောကြားသည်။

နယ်သာလန်နိုင်ငံရှိ စစ်အခြေစိုက် စခန်းတစ်ခုသို့ ရုပ်အလောင်း ၇၄ လောင်း သယ်ဆောင်လာသော စစ်လေယာဉ်နှစ်စင်း ဆိုက်ရောက်လာချိန်မှာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေဆဲ အချိန်ဖြစ်သည်။ နယ်သာလန်နှင့် ဩစတြေးလျ စစ်လေယာဉ်များက ရုပ်အလောင်းများကို ကူသယ်ခေါက်သယ် ပို့ဆောင်ပေးခဲ့သည်။

နယ်သာလန်နိုင်ငံအလယ်ပိုင်း ဟီဗာဆမ်မြို့ရှိ အိန်းဟိုဗင် လေတပ်စခန်းမှ စစ်တန်းလျားတစ်ခု တည်ရှိရာသို့ နိဗ္ဗာန်ယာဉ် ယာဉ်တန်းဖြတ်သန်းမောင်းနှင်ချိန်တွင် လူထောင်ပေါင်းများစွာ က လမ်းဘေးဝဲယာမှ ရပ်လျက် ရင်သပ်ရှုမောစွာဖြင့် ငေးမောကြည့်ရှုနေခဲ့ကြသည်။ စစ်တန်းလျား၌ ခေတ္တထားရှိမည့် ရုပ်အလောင်းများကို နိုင်ငံတကာမှ ကျွမ်းကျင်သူ ပညာရှင်များက စစ်ဆေးကာ မည်သူ မည်ဝါတို့ဖြစ်သည်ဟု အတည်ပြုပေးမည်ဖြစ်သည်။

စုံစမ်းစစ်ဆေးမှုကို အရှိန်အဟုန်မြှင့်တင်နိုင်ရန် လာမည့် ရက်ပိုင်းအတွင်း လေယာဉ်ပျက်ကျသည့်နေရာ သို့ မှုခင်းဆေးပညာရှင်များကို ထပ်မံစေလွှတ်ပေးမည်ဟု နယ်သာလန်ဝန်ကြီးချုပ်မာ့ခ်ရုက ပြောကြားသည်။

ဩစတြေးလျ စုံစမ်းစစ်ဆေးရေးမှူးများမှာလည်း လေယာဉ်ပျက်ကျသည့်နေရာသို့ ရောက်ရှိနေကြပြီး လုံခြုံရေးအခြေအနေကို တီးခေါက်လေ့လာလျက်ရှိကြသည်။

စုံစမ်းစစ်ဆေးမှု အသေးစိတ်ပြုလုပ်နိုင်မည့်နေရာ လုံခြုံမှုရှိရေးမှာ အရေးကြီးလှပြီး လောလောဆယ်တွင် မထွေးနိုင် မအန်နိုင် အကျပ်အတည်းဖြစ်လျက် အနေထားမှ ကျော်လွှားလွန်မြောက်နိုင်ရန် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးမှူးများက မျှော်လင့်တကြီး စောင့်စားလျက်ရှိနေကြလေသည်။ ။

အင်ဒိုနီးရှားနိုင်ငံ၏ ရွေးကောက်ပွဲအကြောင်း တစေ့တစောင်း

ကိုကိုအောင်

(ယမန်နေ့မှအဆက်)

ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခွင့်

အင်ဒိုနီးရှားနိုင်ငံရေးပါတီများသည် ပြည်ထဲရေးဝန်ကြီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားပြီးနောက် ရွေးကောက်ပွဲဝင်ရောက်ခွင့်အတွက် ရွေးကောက်ပွဲကော်မရှင် KPU ထံတွင် ထပ်မံမှတ်ပုံတင်ကြရပါသည်။ KPU သို့ ရွေးကောက်ပွဲမကျင်းပမီ တစ်နှစ်အလိုခန့်တွင် မှတ်ပုံတင်လျှောက်ကြရပြီး KPU ၏ စိစစ်ခွင့်ပြုချက်အရ ရွေးကောက်ပွဲမတိုင်မီ ကိုးလအလိုခန့်တွင် ရွေးကောက်ပွဲဝင်ခွင့်ရရှိကြပါသည်။ ထိုအချိန်မှစ၍ နိုင်ငံရေးပါတီများသည် ပါတီအလိုက် မဲဆွယ်မှု Election Campaign ကို Close Activities အဖြစ် ရရှိကြပါသည်။ Close Campaign ဆိုသည်မှာ အဆောက်အအုံများ၊ ခန်းမများ၊ ပါတီရုံးများအတွင်း စည်းရုံးဟောပြောခြင်းဖြစ်ပါသည်။ ထိုအချိန်တွင် ကိုယ်စားလှယ်လောင်း Candidate List မထွက်သေးသဖြင့် Party Campaign (တစ်နည်းအားဖြင့် Long Term Campaign) ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းစာရင်း ထုတ်ပြန်ကြေညာပြီးသည့်နောက်တွင်မူ အဆိုပါကိုယ်စားလှယ်လောင်းများက အများပြည်သူဆိုင်ရာနေရာများ၌ စုဝေးဟောပြောခြင်း၊ ကြော်ငြာပိုစတာ၊ လက်ကမ်းစာစောင်ဖြင့် မဲဆွယ်စည်းရုံးခြင်း၊ Short Term Campaign ကို တစ်လ (သို့မဟုတ်) ၂၁ ရက် မဲဆွယ်ခွင့်ရရှိကြပါသည်။ ယင်းသို့ မဲဆွယ်စည်းရုံးနိုင်ရန် KPU က နေရာ/အချိန် ညှိနှိုင်းစီစဉ်၍ သတ်မှတ်ပေးပါသည်။ မဲဆွယ်စည်းရုံးခြင်း ရပ်ဆိုင်းရမည့်အချိန်မှာ ရွေးကောက်ပွဲကျင်းပသည့်နေ့မတိုင်မီ သုံးရက်အလိုတွင် ရပ်ဆိုင်းရပါသည်။ (ဥပမာ အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲကို ၉-၇-၂၀၁၄ ရက်တွင် ကျင်းပခြင်းဖြစ်ရာ ၆/၇/၈-၇-၂၀၁၄ ရက်များတွင် Silent Days များဖြစ်ကြပါသည်။) အဆိုပါ Silent Days များတွင် မဲဆွယ်စည်းရုံးဟောပြောခြင်းလုံးဝမပြုလုပ်ရသည့်အပြင် ကြော်ငြာထားသော ကြော်ငြာ၊ ပိုစတာ၊ ဓာတ်ပုံ၊ ဆောင်ပုဒ်စသည့် ပစ္စည်းများလည်း အားလုံးဖြုတ်သိမ်းထားကြရပါသည်။ မလိုက်နာပါက အပြစ်ပေးအရေးယူမှုများရှိပါသည်။ ကမ္ဘာပေါ်ရှိနိုင်ငံအများစုတွင် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများကို အချိန်ကာလကန့်သတ်ချက်ဖြင့်သာ ခွင့်ပြုလေ့ရှိကြပါသည်။ များသောအားဖြင့် ရွေးကောက်ပွဲမတိုင်မီ တစ်လခန့်ခွင့်ပြုသည့် နိုင်ငံအများစုဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အများပြည်သူဆိုင်သောနေရာ၌ စုဝေးဟောပြောမဲဆွယ်စည်းရုံးမှုများကို အချိန်ကြာမြင့်စွာ ခွင့်ပြုထားပါက ရွေးကောက်ပွဲကုန်ကျစရိတ်များပြားခြင်း၊ အများပြည်သူလွတ်လပ်မှုကို အနှောင့်အယှက်ဖြစ်စေခြင်း၊ တရားဥပဒေစိုးမိုးမှုကို ထိခိုက်စေခြင်း၊ အပြိုင်အဆိုင်စည်းရုံးပြောဆိုမှုများကြောင့် ပဋိပက္ခအသွင်ဆောင်ပြီး နိုင်ငံရေးတည်ငြိမ်မှု ပျက်ပြားစေနိုင်ခြင်း စသည့်အကြောင်းတရားများစွာတို့ကြောင့် အချိန်ကန့်သတ်မှုများရှိလာရကြောင်း နိုင်ငံအများအပြားတွင် တွေ့မြင်နိုင်ပါသည်။

ရွေးကောက်ပွဲတွင်မဲပေးခြင်းနှင့် ရလဒ်ကြေညာခြင်း

အင်ဒိုနီးရှားနိုင်ငံရွေးကောက်ပွဲများတွင် ပြည်တွင်းရှိမဲဆန္ဒရှင်များက မဲရုံသို့ကိုယ်တိုင်သွားရောက်မဲပေးရပါသည်။ အစိုးရရုံးပိတ်ရက် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ရွေးကောက်ပွဲနေ့တွင် အလုပ်ပိတ်ပေးပါသည်။ ဆေးရုံတက်၊ အချုပ်ကျနှင့် ကျောင်းသားများလည်း မဲရုံ၌ပင် မဲပေးရပါသည်။ (ဆေးရုံ၊ အကျဉ်းထောင်စသည်များ၌လည်း မဲရုံဖွင့်ပေးပါသည်။)

ကြိုတင်မဲဟူ၍ နိုင်ငံပြင်ပရောက် Over Sea Voting တစ်ခုသာရှိပါသည်။ Over Sea ရောက် Voters များသည် ရွေးကောက်ပွဲမတိုင်မီ တစ်ပတ်အလိုတွင် သက်ဆိုင်ရာသံရုံးအသီးသီးရှိ မဲပေးမည့်နေရာများသို့ သွားရောက်မဲပေးကြရပါသည်။ သံရုံးများ၌ သုံးရက်တိတိမဲပေးခွင့်ရှိကြပါသည်။ ယင်း Over Sea Vote များကို ရွေးကောက်ပွဲနေ့တွင် အသိသက်သေများရှေ့မှောက်၌ ဖွင့်ဖောက်ရေတွက်ပြီး မဲရလဒ်ကို KPU သို့အဆင့်ဆင့် စာရင်းပေါင်း၍ သတ်မှတ်ပုံစံများဖြင့် စာရင်းသွင်းပေးပို့ကြရပါသည်။ KPU မှရွေးကောက်ပွဲရလဒ် တရားဝင်ထုတ်ပြန်ကြေညာမှုမှာ သာမန်အားဖြင့် နှစ်ပတ်ခန့်ကြာမြင့်တတ်ပါသည်။

ယခု အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲကို ၉-၇-၂၀၁၄ ရက်နေ့တွင် ကျင်းပခဲ့ပြီး ရွေးကောက်ပွဲရလဒ်ကို ရွေးကောက်ပွဲကော်မရှင် KPU က ၂၂-၇-၂၀၁၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာပေးခဲ့ပါသည်။ KPU ၏ ကြေညာချက်အရ ဂျကာတာမြို့တော်ဝန်(သမ္မတလောင်း)ဂျိုကိုဝိဒိုဒို Ir. H. JOKOWIDODO က ထောက်ခံမဲ ၅၃ ဒသမ ၁၅ ရာခိုင်နှုန်းဖြင့် အနိုင်ရကြောင်း၊ ရှုံးနိမ့်သွားသည့် (သမ္မတလောင်း) ပရာဘိုဝိုဆူဘီယန်တို H. PRABOWO SUBIANIO ထက် ထောက်ခံမဲ ၈ ဒသမ ၅ သန်းခန့် ပိုမိုရရှိခဲ့ကြောင်း သတင်းများတွင် တွေ့ရပါသည်။ သို့ရာတွင် စုစုပေါင်း မဲအရေအတွက်သန်း ၁၃၀ ခန့်အနက် ၂၁ သန်းခန့်မှာ အငြင်းပွားဖွယ်ရာဖြစ်ပေါ်နေကြောင်း၊ ပရာဘိုဝို၏ ဥပဒေအကျိုးဆောင် မဟိန္ဒြာဒတ်တာက ဝေဖန်ပြောကြားခဲ့ပြီး ရွေးကောက်ပွဲရလဒ်ကို မကျေနပ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးတွင် ကန့်ကွက်တိုင်ကြားရန် စီစဉ်လျက်ရှိကြောင်း ပြောကြားမှုများလည်း ရှိနေပါသည်။ ဤသည်မှာ ရွေးကောက်ပွဲများ၏ သဘာဝ၊ လူသားများ၏ ဖြစ်တတ်သော သဘာဝအရ အရှုံးနှင့်ရင်ဆိုင်ရသော ရလဒ်ကို အလွယ်တကူလက်မခံနိုင်သည့် သဘောအဖြစ် တွေ့ရပါသည်။ သက်ဆိုင်ရာခုံရုံး(တရားရုံး)များက ဥပဒေနှင့်အညီ မှန်ကန်မျှတစွာ စီရင်ဆုံးဖြတ်ပေးသွားမည်သာ ဖြစ်ပါသည်။ သို့ရာတွင် အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲရလဒ်နှင့်စပ်လျဉ်း၍ ပရာဘိုဝိုက ကန့်ကွက်သည့်တိုင်အောင် ရွေးကောက်ပွဲရလဒ်မှာ ပြောင်းလဲသွားနိုင်သော အလားအလာနည်းပါးကြောင်း၊ ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲသည် အင်ဒိုနီးရှားနိုင်ငံသမိုင်းတွင် အသန့်ရှင်းဆုံးသောရွေးကောက်ပွဲဟု ဆိုနိုင်ကြောင်း နိုင်ငံရေးလေ့လာဆန်းစစ်သူများက ပြောကြားကြသည်ဟုလည်း သတင်းများတွင် ဖတ်ရှုလေ့လာရပါသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံသည် ကမ္ဘာပေါ်တွင် အမေရိကန်နှင့် အိန္ဒိယတို့ပြီးလျှင် တတိယအကြီးဆုံး ဒီမိုကရေစီနိုင်ငံဖြစ်ပြီး တစ်ရက်တည်းဖြင့် မဲပေး၍ ရွေးကောက်ပွဲကျင်းပနိုင်မှုတွင် ဒုတိယအကြီးဆုံးနိုင်ငံတစ်ခုဖြစ်ပါသည်။ အင်ဒိုနီးရှားရွေးကောက်ပွဲများသည် အခြားဒီမိုကရေစီနိုင်ငံများနည်းတူ စိန်ခေါ်မှုများ၊ အငြင်းပွားဖွယ်ရာများ ရှိပင်ရှိသော်ငြားလည်း ရွေးကောက်ပွဲကော်မရှင် (KPU)နှင့် ရွေးကောက်ပွဲစောင့်ကြည့်ရေးကော်မတီ (BAWASLU) တို့၏ စီမံဆောင်ရွက်နိုင်မှု၊ Honourable Council တစ်ရပ်ထပ်မံဖွဲ့စည်း၍ မူဝါဒဆိုင်ရာ အကြံပေးဆောင်ရွက်နိုင်မှု၊ ခိုင်မာအားကောင်းသော အရပ်ဘက်လူ့အဖွဲ့အစည်း(ဥပမာ Observation Teams Quick Count) များ၏ ပူးပေါင်းပါဝင်မှုတို့ကြောင့် မြဲမြံသည့်ခြေလှမ်းများဖြင့် ဒီမိုကရေစီပန်းတိုင်သို့ ဦးတည်လျှောက်လှမ်းနေသည်ဟုသာ ရှုမြင်မိပါသည်။ ။

ကြိုတင်မဲဟူ၍ နိုင်ငံပြင်ပရောက် Over Sea Voting တစ်ခုသာရှိပါသည်။ Over Sea ရောက် Voters များသည် ရွေးကောက်ပွဲမတိုင်မီ တစ်ပတ်အလိုတွင် သက်ဆိုင်ရာသံရုံးအသီးသီးရှိ မဲပေးမည့်နေရာများသို့ သွားရောက်မဲပေးကြရပါသည်။ သံရုံးများ၌ သုံးရက်တိတိမဲပေးခွင့်ရှိကြပါသည်။ ယင်း Over Sea Vote များကို ရွေးကောက်ပွဲနေ့တွင် အသိသက်သေများရှေ့မှောက်၌ ဖွင့်ဖောက်ရေတွက်ပြီး မဲရလဒ်ကို KPU သို့ အဆင့်ဆင့်စာရင်းပေါင်း၍ သတ်မှတ်ပုံစံများဖြင့် စာရင်းသွင်းပေးပို့ကြရပါသည်။

သွားနှင့်ခံတွင်းဝေဒနာခံစားရသူများအား အခမဲ့ဆေးဝါးကုသပေး

နေပြည်တော် ဇူလိုင် ၂၇

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်တွင် ဖွင့်လှစ်ထားရှိသော မြတ်ပါရမီလူမှုကူညီရေးအသင်းမှ မြို့နယ်အတွင်းရှိ သက်ကြီး၊ သက်ရွယ်၊ သက်ငယ်၊ အမျိုးဘာသာမရွေး သွားနှင့်ခံတွင်း ဝေဒနာခံစားရသူများအား အခမဲ့ ဆေးဝါးကုသမှုကို ဝဏ္ဏသိဒ္ဓိရပ်ကွက် အသင်းရုံးခန်းတွင် ယမန်နေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်လှလှကြည်၊ ကျန်းမာရေးအရာရှိ ဒေါက်တာလှိုင်လှိုင်ဌေးတို့ အနီးကပ်ကြီးကြပ်၍ နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံကြီး သွားနှင့်ခံတွင်း အထူးကုဆရာဝန် ဒေါက်တာခင်မောင်၊ လက်ထောက်ဆရာဝန် ဒေါက်တာသိန်းသန်းထွန်းနှင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများက ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ သွားနှင့် ခံတွင်းဝေဒနာခံစားရသူ ၁၅၀ အား အခမဲ့ စစ်ဆေးခြင်း၊ ဆေးဝါးကုသခြင်း၊ လိုအပ်သောဆေးဝါးများ ပေးခြင်း စသည့်ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်းနှင့် "ကျွန်တော်တို့ မြတ်ပါရမီလူမှုကူညီရေးအသင်းအနေနဲ့ မြို့နယ်အတွင်းရှိ ရပ်ကွက်များမှ သွားနဲ့ခံတွင်းရောဂါ ဝေဒနာခံစားနေရသူများကို အသင်းပိုင်မော်တော်ယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်၍ အခမဲ့ဆေးဝါးကုသပေးခြင်း၊ ဆေးကုသပြီးရင်လည်း ပြန်လည်၍ မိမိအိမ်အရောက်ပို့ဆောင်ပေးခြင်း ဆောင်ရွက်ပေးခဲ့ပါတယ်၊ လာမယ့် (စနေ၊ တနင်္ဂနွေ) အပတ်စဉ်တွေမှာ မြို့နယ်အတွင်းမှာရှိတဲ့ သက်ကြီး၊ သက်ရွယ်၊ သက်ငယ် မျက်စိဝေဒနာရှင်တွေကိုလည်း မျက်စိအထူးကုဆရာဝန်ကြီးတွေနဲ့ ကုသပေးသွားမှာဖြစ်ပါတယ်" ဟု မြတ်ပါရမီလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ရှင်းပြသည်။

ကိုကိုရှုပ(နေပြည်တော်)

ရေစီးရေလာကောင်းမွန်ရေး လမ်းကူးကွန်ကရစ်တံတားများတည်ဆောက်

သုံးခွ ဇူလိုင် ၂၇

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မိုးရာသီကာလအတွင်း ရေစီးရေလာကောင်းမွန်စေရန်၊ သွေးလွန်တုပ်ကွေးရောဂါများ၊ အခြားသောကူးစက်ရောဂါများ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန်၊ လမ်းကူးရာတွင် အဆင်ပြေလွယ်ကူစေရန် လမ်းကူးကွန်ကရစ်တံတား(Box Culvert)များ တည်ဆောက်လျက်ရှိသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် Box Culvert ၂၄ ခု တည်ဆောက်မည်ဖြစ်ပြီး ၃၅၂ ဒသမ ၉ သိန်းကုန်ကျမည်ဟု သိရသည်။ ယခုအချိန်အထိ ရှစ်ခု ပြီးစီးသွားပြီဟု သိရသည်။ ဆက်လက်၍ Box Culvert ကိုးခုကို မင်းရဲကျော်စွာလမ်း၊ အနော်ရထာလမ်း၊ ဘုရင့်နောင်လမ်း၊ ကျန်စစ်လမ်း၊ တပင်ရွှေထီးလမ်း၊ မြနန္ဒာလမ်း၊ ဆိပ်ကမ်းသာလမ်း၊ မင်းတုန်းလမ်းတို့တွင် ရေမြောင်းများကို စက်ယန္တရားဖြင့်တူးဖော်၍ တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **(ဝ၂ဝ)**



လှိုင်သာယာစက်မှုဇုန်ရှိ အလုပ်ရှင်၊ အလုပ်သမား ပေါင်းစပ်ညှိနှိုင်း

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် လှိုင်သာယာစက်မှုဇုန်ရှိ SMK အထည်ချုပ်စက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၇

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ဒုတိယဝန်ကြီး ဦးထင်အောင်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ် (ILO) မှ ကိုယ်စားလှယ် World Vision မှ ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်အတွင်းရှိ FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ SMK အထည်ချုပ်စက်ရုံနှင့် SUNNY ရှူးဖိနပ်စက်ရုံများသို့ သွားရောက်ကာ လုပ်ငန်းခွင်အေးချမ်းသာယာမှုရှိစေရေးနှင့် ကုန်ထုတ်စွမ်းအားတိုးတက်စေရေး၊ တည်ငြိမ်အေးချမ်းပြီး ကျန်းမာ၍ သင့်တင့်လျောက်ပတ်သော လုပ်ငန်းခွင်အခြေအနေဖြစ်စေရေးတို့အတွက် အလုပ်ရှင်၊ အလုပ်သမားများနှင့် တွေ့ဆုံကာပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မှာကြားရာတွင် လုပ်ငန်းခွင်အေးချမ်းသာယာရေးနှင့် ကုန်ထုတ်စွမ်းအားတိုးတက်စေရေးတို့အတွက် အလုပ်ရှင်နှင့် အလုပ်သမားတို့အနေဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဆိုသလို တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အလုပ်ရှင်များဘက်မှ မိမိတို့ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လိုက်နာဆောင်ရွက်ရမည့် ဥပဒေများကို သိရှိသာမက လိုက်နာဆောင်ရွက်သွားရန်လိုသလို အလုပ်သမားများဘက်ကလည်း အလုပ်သမားရေးရာဥပဒေများ သိရှိလိုက်နာ ဆောင်ရွက်ရန်တို့ကို သိရှိလိုက်နာ ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှုများကို အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားဟူ၍ သုံးဦးသုံးဖလှယ်ပူးပေါင်း၍ ဆောင်ရွက်ပေးနေသလို အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ပေးနေပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စက်ရုံ၊ အလုပ်ရုံများ၏ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုပြီး အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများနှင့် တွေ့ဆုံကာ အခြေခံလစာရရှိမှု၊ အချိန်ပိုလုပ်ခလစာရရှိမှု အခြေအနေ၊ လုပ်ငန်းခွင်အခြေအနေတို့ကို မေးမြန်းပြီး ILO နှင့် World Vision မှ တာဝန်ရှိသူများကလည်း သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့အဝင် လမ်းညွှန်ဆိုင်းဘုတ်မရှိသဖြင့် ယာဉ်များ အခက်ကြုံ

တောင်ငူ ဇူလိုင် ၂၇

အမြန်လမ်းမကြီး မန္တလေး-ရန်ကုန်အစုန်လမ်းဘက်တွင် ယခင်က စိုက်ထူထားသည့် တောင်ငူမြို့အဝင် လမ်းညွှန်ဆိုင်းဘုတ်မရှိတော့သဖြင့် မန္တလေးဘက်မှ တောင်ငူသို့လာသည့် မော်တော်ယာဉ်များသည် ကျော်လွန်မောင်းနှင်သွားမိကြပြီး နောက်သို့ ပြန်လှည့်မောင်းနေကြရသဖြင့် မလိုလားအပ်သည့် အချိန်ကြန့်ကြာမှုများ ဖြစ်ပေါ်နေကြရသည့်အတွက် မော်တော်ယာဉ်မောင်းများက လမ်းညွှန်ဆိုင်းဘုတ် အမြန်ပြန်လည်စိုက်ထူပေးရန် လိုလားလျက်ရှိနေကြောင်း သိရှိရသည်။

အဆိုပါ အမြန်လမ်းပိုင်း နေပြည်တော်နှင့် တောင်ငူအကြား လမ်းပိုင်းတွင်လည်း မော်တော်ဆိုင်ကယ်များ သုံးယောက်အထိစီးပြီး စည်းကမ်းမဲ့အမြန်မောင်းနှင်နေမှုများအပြင် ကျွဲ၊ နွားများလည်း ဖြတ်သန်းသွားလာနေသည့်အတွက် ယာဉ်အန္တရာယ်များ ကျရောက်နိုင်သဖြင့် သက်ဆိုင်ရာမှ လိုအပ်သည့်ကြပ်မတ်ဆောင်ရွက်မှုများ ပြုလုပ်သင့်ကြောင်း ယာဉ်မောင်းဦးမျိုးဌေးက ပြောသည်။ **(၁၂၉)**

ရေတာရှည်မြို့နယ်တွင် ငါးရက်အတွင်း အစာအဆိပ်သင့်မှု ဒုတိယအကြိမ်ထပ်မံဖြစ်ပွား

ရေတာရှည် ဇူလိုင် ၂၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဇူလိုင် ၂၁ ရက်က ရေနီမြို့ ဇေယျသိမ်ကျေးရွာ အလယ်တန်းကျောင်း(ခွဲ)တွင် အာဟာရထမင်းဟင်းစားခဲ့ပြီး ဆရာမ၊ ကျောင်းသားကျောင်းသူ ကျေးရွာဒေသခံ ၁၁၃ ဦး အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ပြီးနောက် ငါးရက်အကြာ ဇူလိုင် ၂၅ ရက် ညနေပိုင်းက ရေနီမြို့ ငွေသုံးပင်ရပ်ကွက်တွင် ဝတ်အသင်းလှည့်သူများ ကုသိုလ်ရှင်များကျွေးသည့် ပေါင်မုန့်အုန်းနို့ဆမ်းစားသူများ အစာအဆိပ်သင့်ပြီး အမျိုးသားခြောက်ဦး၊ အမျိုးသမီး ၁၅ ဦး မူးဝေအော့အန်၊ ဝမ်းလျှော၊ ဝမ်းပျက်ဖြစ်ပွားခဲ့ပြီးနောက် မြို့လှတိုက်နယ်ဆေးရုံသို့ ရှစ်ဦး တင်ပို့ခဲ့ရသည်။

ဇူလိုင် ၂၅ ရက် နေ့လယ်ပိုင်းက ငွေသုံးပင်ရပ်ကွက် (ဝတ်အသင်း) သည် ရေနီမြို့ ပေါ်ရပ်ကွက်များအနှံ့ အလှူခံလှည့်ခဲ့ပြီး ကုသိုလ်ရှင်များက တိုဟူးသုပ်များ၊ ရေခဲရေများ ကျွေးမွေးခဲ့သည်။ ညနေပိုင်း ငွေသုံးပင်ရပ်ကွက်အရောက် ပေါင်မုန့်အုန်းနို့ဆမ်းကျွေးခဲ့ပြီးနောက် ညနေ ၅ နာရီခွဲမှစတင်ကာ အော့အန်မူးဝေမှုများနှင့် ဝမ်းလျှောခြင်းတို့ ဖြစ်ပွားခဲ့သည်။

"စားတဲ့အချိန် ကွာခြားမှုအပေါ်မူတည်ပြီးဖြစ်တဲ့ အချိန်က တစ်ဦးနဲ့တစ်ဦး မတူဘူး၊ စားပြီးတော့ နှစ်နာရီနဲ့သုံးနာရီအကြားမှာ ဖြစ်သွားတာ၊ အမျိုးသား သုံးယောက်နဲ့ အမျိုးသမီး ငါးယောက်ကို မြို့လှဆေးရုံသို့ပို့ရတယ်"ဟု ရေတာရှည်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးခင်ညိုက ပြောပြသည်။

ဆေးရုံတက်ရောက် ကုသနေသူများမှ လက်ရှိအချိန်တွင် သက်သာလာပြီဖြစ်ကြောင်း ငွေသုံးပင်ရပ်ကွက် ရပ်မိ ရပ်ဖ ဦးတင်မောင်မြင့်က "ဆေးရုံတက်နေတဲ့သူတွေ မနေ့က ဆင်းကုန်ပြီ၊ ကလေးသုံးယောက်ပဲ ကျန်တော့တယ်၊ သက်သာပါတယ်" ဟု ပြောပြသည်။

ကိုလွင်(ဆွာ)

စန္ဒီ (Artist)၏ သစ်သီးနှင့် ဟင်းသီးဟင်းရွက် အလှဆင်ခြင်း

သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များကို အရသာ သာမက မျက်စိပသာဒ အလှဆင်ပြုပြင်နိုင်သည့် သစ်သီးအလှဆင်နည်းများကို ဆရာမလိုဘဲ မိမိကိုယ်တိုင် ဖတ်ရှုလေ့လာလိုက်လုပ်နိုင်သည့်အတတ်ပညာကို ရေးသားဖော်ပြထားသော စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် ထိုင်းရိုးရာသစ်သီးအလှထွင်းနည်း၊ အသီးများကိုကြာရှည်ခံအောင် ထွင်းနည်း၊ ပါတီပွဲ၊ မွေးနေ့ပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ မင်္ဂလာပွဲများတွင် ပြင်ဆင်ပေးနိုင်မည့် သစ်သီးအလှဆင်ပွဲ၊ အလှဆင်ပြုလုပ်ရာတွင် အသီးများလှီးဖြတ်ပုံအဆင့်ဆင့်ကို ရောင်စုံဓာတ်ပုံများဖြင့် ပြသထားပါသည်။

စာအုပ်ကို စာပေလောက ၅ အမှတ် (၁၃၈/၁၄၀) ပထမထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၁၂၅၀၆၇ မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

သက်ရှည်ကျန်းမာ အသက်(၁၀၀) နေလိုလျှင် (၂)

ပေါက်ပေါက် ရေးသားထားသော သက်ရှည်ကျန်းမာ အသက်(၁၀၀)နေလိုလျှင်(၂) စာအုပ်ထွက်ရှိလာသည်။ စာအုပ်တွင် အသည်းရောဂါအကြောင်း၊ ရေမသောက်သင့်သည့်အချိန်၊ တစ်ခါသုံးခွက်ဖြူဖြူလေးတွေ၏ အန္တရာယ်၊ ဦးနှောက်ပျက်စီးစေသည့်အကြောင်းများ၊ နှလုံးသွေးကြော ပိတ်ခြင်း၏အကြောင်း၊ စားသောက်နေထိုင်လိုက်နာရမည့် အချက်ပေါင်း ၂၀ တင်ပြထားသည်။ စာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ်(ဝဲ) (၃၉) လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅ မှ တန်ဖိုးကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။

စာပေဗိမာန်စာမူဆု ဒုတိယဆုရစာအုပ်များ ဖြန့်ချိရောင်းချပေးလျက်ရှိ



စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဒုတိယဆုရရှိသောစာမူများကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ထုတ်ဝေဖြန့်ချိရောင်းချပေးလျက်ရှိသည်။

အဆိုပါ စာအုပ်များမှာ ၂၀၁၀ ခုနှစ် စာပေဗိမာန်စာမူဆုလူငယ်စာပေ ဒုတိယဆုရ သိန်းဇော် (ရွှေလီဦး)၏ ကျီးစာငှက်စာနှင့် ကျေးလက်စကားသံ ဝတ္ထုတိုများ (ရောင်းဈေး ကျပ် ၇၀၀)၊ ၂၀၁၀ ခုနှစ် စာပေဗိမာန်စာမူဆု ဝတ္ထုရှည်စာပေ ဒုတိယဆုရ ကေ (တောင်တန်းပြာ)၏ နမာန်းရှဲလ်လော (ရောင်းဈေး ကျပ် ၇၀၀)၊ ၂၀၁၀ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ ဝိဇ္ဇာပညာရပ် ဒုတိယဆုရ မင်းဘူးအောင်ကြိုင်၏ မြန်မာနိုင်ငံပုဂံခေတ်မှသည် ယနေ့တိုင် ခေါ်ဝေါ်ဆဲဖြစ်သည့် မြို့ရွာအမည်များ (ရောင်းဈေး ကျပ် ၇၅၀)၊ ၂၀၁၀ ခုနှစ် စာပေဗိမာန်စာမူဆု ပြဇာတ်စာပေ ဒုတိယဆုရ မောင်စိုးထိုက် (သုံးဆယ်)၏ သူပုန်တဲ့လား . . . . သူက အာဇာနည် (ရောင်းဈေး ကျပ် ၈၀၀)၊ ၂၀၁၀ ခုနှစ် စာပေဗိမာန်စာမူဆု စာပဒေသာ ဒုတိယဆုရ လှမြင့် (ရန်ကုန်တက္ကသိုလ်)၏ ရွှေနိုင်ငံတော်နှင့် ရွှေပုံရိပ်များ (ရောင်းဈေး ကျပ် ၇၅၀)တို့ဖြစ်သည်။



အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ်(၂၄၅-၂၄၇) အနော်ရထာလမ်းနှင့် (၉)လမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း-၀၆၇-၄၁၄၆၈၁)၊ (၈၆)လမ်း၊ (၂၁)လမ်းနှင့် (၂၂)လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ပါကြောင်း သိရသည်။

အသွင်သစ်နှင့် ဇူလိုင်လထုတ် သုတပဒေသာစာစောင် ထွက်ပြီ



အသက် ၁၆ နှစ်မှ ၂၀ နှစ်အတွင်း လူငယ်များအား ဦးတည်ပရိသတ်အဖြစ်ထားရှိပြီး အသွင်ပြောင်းလဲထုတ်ဝေလိုက်သော ဇူလိုင်လထုတ် သုတပဒေသာစာစောင်ကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်မှ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ဇူလိုင်လထုတ် သုတပဒေသာစာစောင်တွင် ဆရာဖိုးသောကြာ (ခေတ်+မိုး)၊ ကိုကို (စက်မှုတက္ကသိုလ်)၊ တက္ကသိုလ်မြတ်သူ၊ ဦးဟန်ညွန့် (ဥပဒေ)နှင့် K.M.A တို့၏ ရှုထောင့်အမြင်အမျိုးမျိုးဖြင့် ရေးသားပုံဖော်ထားသော Freedom of Press မျက်နှာဖုံးဆောင်းပါးများ၊ မျိုးဇော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆောင်းပါး၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၏ အာဆီယံဆိုင်ရာ ဆောင်းပါး၊ ဟိန်းလတ်၊ တင်ညွန့်၊ ဒေါက်တာ ခင်စန်းမော်တို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ ဇော်ဝင်း၊ နိုင်အောင်၊ သောင်းထိုက်ဦး (သယ်န်းကျွန်းကြီး)တို့၏ နိုင်ငံတကာရေးရာ ဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ စည်သူဒေါက်တာ ခင်မောင်ညွန့်၊ ဆောင်းဝင်းလတ်၊ သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ စိန်ဝင်းမော်၊ ဒေါက်တာမြင့်သန်း(သန္ဓေသား)၊ ဒေါ်စောကြိုင်(အငြိမ်းစားပါမောက္ခ)၊ တင်ကြည်အောင်(တွံတေး)၊ ဖိုးရန်နိုင် (ကျောက်ကြီး)၊ သန်းမင်းစိုး၊ ပြည်ကြီး၊ ကျော်ရှင်း၊ ကလျာအိအိလွင် စသော စာရေးဆရာကြီးများ၏ သိပ္ပံနှင့် နည်းပညာ၊ ကဗျာ၊ ဝတ္ထုတိုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင်းပါးပေါင်းများစွာကို ရောင်စုံ၊ ဖြူ/မည်းသရုပ်ဖော်ပုံများ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင်များ၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့နယ်အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်ဆိုင်အမှတ် (၅၂၉/၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။

❍ ပြည်ထောင်စုမှ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်မှု လုပ်ငန်းအား စမ်းသပ်နယ်မြေအဖြစ် ရခိုင်ပြည်နယ် မြေပုံမြို့နယ်ကို ရွေးချယ်ဆောင်ရွက်ပေးခဲ့ရာ လူဦးရေ ၁၀၉၅ ဦးအား ဆောင်ရွက်ပေးရာတွင် လူတစ်ဦးစာရင်း ထပ်သွားသည့်အတွက် ၁၀၉၄ ဦးအား ဦးစီးဌာန(ရုံးချုပ်) တွင် ဝန်ထမ်း ၅၀နှင့် အမှုတွဲများတည်ဆောက်ဆောင်ရွက် လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အခြား သွေးနှောများကို ဆောင်ရွက်ရာတွင် ခြောက်လခန့် ကြာမြင့်တတ်သော်လည်း မြေပုံတွင် ပြုလုပ်နေသည့် ကိစ္စရပ်များကိုမူ တစ်လခွဲနှင့် ပြီးပြတ်နိုင်အောင် အမြန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဘင်္ဂါလီရပ်မိရပ်ဖ များက ပညာရေး၊ ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များ ၁၉၈၂ ခု မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ နိုင်ငံသား စိစစ်ခြင်းလုပ်ငန်းအား ဘင်္ဂါလီရပ်မိရပ်ဖများနှင့် ဘင်္ဂါလီ လူမျိုးများ နားလည်သဘောပေါက်နိုင်ရန် လာရောက် ရှင်းလင်းနိုင်ရေးနှင့် ကယ်ဆယ်ရေးစခန်းများ၏ လိုအပ် ချက်များသိရှိလိုသည့် မေးမြန်းချက်များကို မေးမြန်းကြ ပြီးနောက် အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသည့် သံအမတ် ကြီးများက ဘင်္ဂါလီရပ်မိရပ်ဖများအား သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် အဖွဲ့**(အပေါ်ပုံ)**သည် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပုဏ္ဏားကျွန်းမြို့နယ်ရှိ စက်မှုဇုန်ဆောင်ရွက်မည့် မြေနေရာ ကို ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းနှင့် လုပ်ငန်းသုံးပစ္စည်းများ ရောက်ရှိနေမှုအခြေအနေများနှင့် ပင်မလျှပ်စစ်ဓာတ်အားခွဲစက်ရုံ တည်ဆောက်နေမှုအခြေ အနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် တာဝန်ရှိသူတို့အား လုပ်ငန်းအချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများကို မှာကြားခဲ့သည်။ ယင်းနောက် ပုဏ္ဏားကျွန်းမြို့နယ် အခြေခံ ပညာအထက်တန်းကျောင်း၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမတို့အား တွေ့ဆုံပြီး ပညာရည်မြင့်မားရေးဆိုင်ရာ များကို မှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ပင်မလျှပ်စစ်ဓာတ်အားခွဲစက်ရုံ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပုဏ္ဏားကျွန်းစက်မှုဇုန်အား အမြန်ဆုံးအကောင်အထည် ဖော်သွားမည့်အခြေအနေနှင့် ဒီဇင်ဘာလအတွင်း မဟာ ဓာတ်အားလိုင်းမှတစ်ဆင့် ပုဏ္ဏားကျွန်းနှင့် စစ်တွေမြို့များသို့ လျှပ်စစ်မီးရရှိရေးကို အားထည့်ကြိုးပမ်းဆောင်ရွက်လျက် ရှိနေမှု၊ ပုဏ္ဏားကျွန်းမှစစ်တွေမြို့သို့ သောက်သုံးရေ ဖြန့်ဝေပေးသွားမည့် လုပ်ငန်းအစီအမံများကို ထည့်သွင်း ပြောကြားခဲ့သည်။

ထို့နောက် မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဦးဆောင်သည့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရ အဖွဲ့အစည်းအဝေးခန်းမ၌ စစ်တွေမြို့မိမြို့ဖများ၊ လူမှု ကွန်ရက်အဖွဲ့များနှင့်တွေ့ဆုံပြီး ရခိုင်ပြည်နယ်တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်း ပြောကြားခဲ့သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ရခိုင် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေလုံလောက်စွာ ရရှိရေး၊ စက်မှုဇုန် အကောင် အထည်ဖော်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ ဒေသ ဖွံ့ဖြိုးရေးအတွက် UN၊ INGOs အဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ရမည့် အခြေအနေ၊ ဒေသတည်ငြိမ်အေးချမ်း ရေးအတွက် လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့် ဒေသခံ ပြည်သူများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်မှုလုပ်ငန်းများ၊ ဆောင်ရွက်နေမှုအခြေ အနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ် များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများ နှင့် လူမှုကွန်ရက်ကိုယ်စားလှယ်များမှ ဒေသဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ပြည်နယ်တိုင်းရင်းသားများ၏ လိုအပ်ချက် အခြေအနေများ၊ သိရှိလိုသည့် မေးမြန်းချက်များကို ရှင်းလင်းဆွေးနွေးမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးများသည် အခမ်းအနားသို့တက်ရောက်လာသူတို့အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သတင်းရရှိ သည်။ **(ပြည်နယ် ပြန်/ဆက်)**

နွားထိုးကြီးမြို့နယ်လုံးကျွတ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲများနှင့် အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ပွဲများ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

နွားထိုးကြီးမြို့နယ် လုံးတော- သမန်းတော အခြေခံပညာအထက် တန်းကျောင်း(ခွဲ) (၁၁)နှစ်မြောက် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကို ဇူလိုင် ၂၁ ရက်တွင် ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး တက်ရောက်အမှာစကား ပြောကြားရာတွင် နွားထိုးကြီးမြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များကို ဆောင်ရွက်ခဲ့ရာ ၂၀၀၃ ခုနှစ် မှ ယနေ့ထိ(၁၁)နှစ်ရှိခဲ့ပြီဖြစ် ကြောင်း၊ ယခုနှစ်တွင် မြို့နယ် လုံးကျွတ် ဆရာ ဆရာမ တစ်ဦး မကျန် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ပြီး တစ်မြို့နယ်လုံးရှိ ကျောင်းအားလုံးမှ ကျောင်းသားများ၊ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ များ၊ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများပါမကျန် ဆုများချီးမြှင့် ပေးသွားမည်ဖြစ်ကြောင်း ပြောကြား သည်။

ထို့နောက် အခြေခံပညာသင် ကျောင်း လေးကျောင်းမှ ဆရာ ဆရာမ ၄၂ ဦး၊ ကျောင်းသား ကျောင်းသူ ၈၄ ဦးတို့ကိုလည်းကောင်း၊ ရွာကြီး-ရွာသစ် အခြေခံပညာအထက် တန်းကျောင်း(ခွဲ)ပညာရည်ချွန်ဆု ပေးပွဲတွင် အခြေခံပညာကျောင်း ခုနစ်ကျောင်းမှ ဆရာ ဆရာမ ၆၂ ဦး၊ ကျောင်းသား ကျောင်းသူ ၁၃၂ ဦးတို့ကို လည်းကောင်း၊ လက်ဝဲ-မြင်းနီ အခြေခံပညာအထက်တန်းကျောင်း တွင် အခြေခံပညာကျောင်း နှစ်ကျောင်း မှ ဆရာ ဆရာမ ၆၂ ဦး၊ ကျောင်းသား ကျောင်းသူ ၅၁ ဦးတို့ကိုလည်းကောင်း ပြည်ထောင်စုဝန်ကြီး၊ ဇနီးနှင့် တာဝန် ရှိသူများက တစ်ဦးချင်း ဆုများချီးမြှင့် ခဲ့ကြသည်။

စိန်ပန်းကန် အခြေခံပညာအလယ် တန်းကျောင်း(ခွဲ)၊ ပဲချက်အခြေခံ ပညာအထက်တန်းကျောင်း(ခွဲ)နှင့် ကံဦးအခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)များ အဆင့်တိုးမြှင့်ဖွင့် လှစ်ပွဲများနှင့် ပညာရည်ချွန်ဆုပေး ပွဲများကို ဇူလိုင် ၂၄ ရက်တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အခြေခံပညာ ကျောင်းများကို ဖဲကြိုးဖြတ်၍ အဆင့် တိုးမြှင့်ဖွင့်လှစ်ပေးသည်။

အဆိုပါ ကျောင်းများ၌ ကျင်းပ သော ပညာရည်ချွန်ဆုပေးပွဲများ တွင် အခြေခံပညာကျောင်း ၁၀ ကျောင်းမှ ဆရာ ဆရာမ ၉၄ ဦး၊ ကျောင်းသား ကျောင်းသူ ၂၀၂ ဦး တို့ကိုလည်းကောင်း၊ ဝက်လူးအခြေခံ ပညာအထက်တန်းကျောင်း၌ ပြုလုပ် သော ပညာရည်ချွန်ဆုပေးပွဲတွင် အခြေခံပညာကျောင်း လေးကျောင်းမှ ဆရာ ဆရာမ ၄၇ ဦး၊ ကျောင်းသား ကျောင်းသူ ၇၅ ဦးတို့ကို လည်းကောင်း တစ်ဦးချင်းဆုများ ချီးမြှင့်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ သည် ဇူလိုင် ၂၅ ရက်တွင် ငါန်းဇွန် မြို့နယ် မြို့သာအခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်သော ပညာရည်ချွန်ဆုပေးပွဲ၌ ကျောင်းသုံး ဗလာစာအုပ် ဒါဇင် ၃၀၀၀ ကို မြို့နယ် ပညာရေးမှူး ဒေါ်ညွန့်ညွန့်မြင့်ထံ ပေးအပ်လှူဒါန်းပြီး အခြေခံပညာ ကျောင်းပေါင်း ကိုးကျောင်းမှ ဆရာ ဆရာမ ၂၈ ဦး၊ ကျောင်းသား ကျောင်းသူ ၇၃ ဦးတို့ကို တစ်ဦးချင်း ဆုများချီးမြှင့်ခဲ့ပြီး ငါန်းဇွန်မြို့နယ် မိုးတောင် အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)၊ ရတနာမိုး(၃)ကျောင်း ဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်၍ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တိုင်း ဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်သူက မြို့နယ်၏ ဒေသအခြေ အနေများကို ရှင်းလင်းတင်ပြကာ ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင် စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✪ ကျောက်ဖြူမှ

သွားရောက်လေ့လာမှာဖြစ်ပါတယ်။ တစ်ဆက်တည်း မင်းဘူးရွှေစက်တော်နဲ့ နေပြည်တော်ရှိ အထင်ကရ နေရာတွေကို သွားရောက်ဖို့လည်း စီမံထားပါတယ်" ဟု ကိုဝေယံအောင်က ပြောသည်။

မြန်မာအလှမယ်များလေ့လာရေးခရီးစဉ်အတွင်း သက်ကြီးဘိုးဘွားများနှင့် ချို့တဲ့သောကလေးငယ်များကို လမ်းတစ်လျှောက် အလှူဒါနများပြုလုပ်သွားမည်ဖြစ်ပြီး ခရီးစဉ်သည် ဇူလိုင် ၂၇ ရက်မှ ၃၀ ရက်ထိကြာမြင့်မည်ဖြစ် ကြောင်း သိရသည်။

ခရီးစဉ်သွားရောက်လေ့လာခဲ့သော မြန်မာအလှမယ် များအနက် ငါးဦးကိုဆန်ခါတင်ရွေးချယ်၍ နိုင်ငံတကာ အလှမယ်ပြိုင်ပွဲများသို့ နိုင်ငံကိုယ်စားပြုသွားရောက် ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ဆန်ခါတင်အလှမယ်လူရွေးချယ် ပွဲကို ဩဂုတ် တတိယပတ်အတွင်း ရန်ကုန်မြို့ရှိ MCC ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ ❖ ရှိုင်းထက်ဇော်

ရန်ကုန်ယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်။

လက်ရှိချန်ပီယံ ရန်ကုန်နှင့် ထိပ်ဆုံးမှရတနာပုံတို့ သရေကျ

MNL Myanmar 2014 ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၅) နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက် ကျင်းပသည်။

(YUSC ကွင်း)
ရန်ကုန်ယူနိုက်တက် - နှစ်ဂိုး
(အီမာဆင်နှင့် ရန်အောင်ကျော်)
ရတနာပုံ - နှစ်ဂိုး
(ရန်အောင်ဝင်းနှင့် မက်ဆီမန်)

အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရတနာပုံအသင်းမှာ ထိပ်ဆုံးနေရာအတွက် အရေးပါသည့် ပွဲတွင် အဖိုးတန် သရေတစ်မှတ်ရယူနိုင်ခဲ့သည့်အတွက် ထိပ်ဆုံးတွင် လေးမှတ်အသာဖြင့် ဆက်လက်ဦးဆောင်နိုင်ခဲ့ သည်။ ရတနာပုံအသင်းမှာ နှစ်ကြိမ်တိုင် နောက်မှ လိုက်ကာ ချေပဂိုးများသွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး ယခုရာသီ တွင် ရန်ကုန်အသင်းနှင့် သုံးကြိမ်တွေ့ဆုံရာတွင် နှစ်ပွဲနိုင် တစ်ပွဲသရေကျခဲ့သည်။

ရန်ကုန်အသင်းနှင့် ရတနာပုံအသင်းတို့၏ တွေ့ဆုံ မှုမှာ အပြန်အလှန်ရှိခဲ့ပြီး သုံးမိနစ်တွင် အီမာဆင်၊ ၄၁ မိနစ်တွင် ရန်အောင်ကျော်တို့က ရန်ကုန်အတွက် ဂိုးများ စတင်သွင်းယူခဲ့သည်။ ရတနာပုံအသင်းအတွက် ချေပဂိုး များကို ၂၈ မိနစ်တွင် ရန်အောင်ဝင်း၊ ၅၄ မိနစ်တွင် မက်ဆီမန်တို့က သွင်းယူခဲ့သည်။

(အောင်ဆန်းကွင်း)
နေပြည်တော် - သုံးဂိုး
(ပြည့်ဖြိုးဦး - နှစ်ဂိုး၊ ဒီပီဒီ - တစ်ဂိုး)
GFA - တစ်ဂိုး
(အိုဘီနာ)

ပွဲစဉ်(၁၅)အပြီးတွင် ရတနာပုံအသင်းက ၃၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရန်ကုန်၊ နေပြည်တော်နှင့် ကမ္ဘောဇတို့က ၂၈ မှတ်စီ၊ မကွေးအသင်းက ၂၆ မှတ်၊ ဧရာဝတီက ၂၅ မှတ်တို့ ရရှိထားသည်။

○○○

ပြည်ထောင်စုဝန်ကြီးများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းလူငယ်များ တွေ့ဆုံပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်တို့မှ စေတနာ့ ဝန်ထမ်းအဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းလူငယ်များ တွေ့ဆုံပွဲအခမ်း အနားကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့် က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မြစိမ်းရောင်ကျေးလက်စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် **(အပေါ်ပုံ)**က ထောက်ပံ့ငွေများပေးအပ်ခြင်းသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း၊ အဆင့်လိုက်တာဝန် သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အညီ ပြည်သူများအတွက် ပိုမိုကောင်းမွန် သည့် လူမှုစီးပွားဘဝများရရှိစေရေးအတွက် လည်းကောင်း၊ တစ်ဖက် တစ်လမ်းမှ အထောက်အကူပြုနေခြင်းပင်ဖြစ်ပါကြောင်း၊ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်များအတွက် နည်းပြသင်တန်းများကို ကျေးရွာပေါင်း ၃၀၀ ကျော်မှ လူငယ်မောင်မယ်စုစုပေါင်း ၁၀၀၀ ကျော်ခန့်ကို နည်းပြသင်တန်းများပို့ချခဲ့ပြီး ဆင့်ပွားသင်တန်းများလည်း ဆက်လက်ဖွင့်လှစ်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် တို့က အောင်မြေသာစံမြို့နယ် အတွင်းရှိ မန်းတောင်ခြေ ဘိုးဘွားရိပ်သာ အတွက် ၅၁ ဒသမ ၀၅ သိန်း၊ တိုင်းရင်းသား မိဘမဲ့လူငယ်ဖွံ့ဖြိုးရေး ပရဟိတ ဂေဟာအတွက် ၃ ဒသမ ၃၀ သိန်းနှင့် ဧရိပ်မွန်အမျိုးသမီးဂေဟာအတွက် ၃၇ ဒသမ ၉၁ သိန်း၊ ချမ်းအေးသာဇံမြို့နယ်အတွင်းရှိ မင်းကွန်းဘိုးဘွားရိပ်သာ အတွက် ၅၁ ဒသမ ၁၀ သိန်းနှင့် အမ်-ဘီ-အိုအေ လူငယ်ဖွံ့ဖြိုးရေး ပရဟိတ ဂေဟာအတွက် သိန်း ၃၀၊ မဟာအောင်မြေမြို့နယ်အတွင်းရှိ ပေပင်တိုင်းရင်း သား လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ၁၁ ဒသမ ၄၀ သိန်း၊ ချမ်းမြ သာစည်မြို့နယ်အတွင်းရှိ ချမ်းမြသာယာဘိုးဘွားရိပ်သာအတွက် ၁၀ ဒသမ ၂၀ သိန်း၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ပြည်လုံးချမ်းသာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၂၆ ဒသမ ၇၀ သိန်း၊ မန္တလေးခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၂၆ ကျောင်းအတွက် ၁၅၆ သိန်း၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ရွှေစေတီဘိုးဘွားရိပ်သာအတွက် ၁၈ ဒသမ ၂၅ သိန်း၊ မြစ်သားမြို့နယ်အတွင်းရှိ မြစ်သားဘိုးဘွားရိပ်သာအတွက် ၁၇ ဒသမ ၅၂ သိန်း၊ ပေတောကျောင်း လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၈၆ ဒသမ ၈၂ သိန်းနှင့် နေရှင်နယ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၉၄ ဒသမ ၁၇ သိန်း၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ခြောက်ကျောင်းအတွက် ထောက်ပံ့ငွေ ၃၆ သိန်း စုစုပေါင်း ကျပ်သိန်းပေါင်း ၆၃၀ ဒသမ ၄၂ သိန်းကို တာဝန်ရှိသူများထံ ပေးအပ်ထောက်ပံ့ပြီး ဂေဟာအုပ်ချုပ်ရေးမှူးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာတွင် ယာဉ်စည်းကမ်းဖောက်ဖျက်သည့် မော်တော်ဆိုင်ကယ်များ ဒဏ်ငွေတစ်ထောင့်ငါးရာကျပ်မှ သုံးသောင်းကျပ် ပြောင်းလဲသတ်မှတ်

မိတ္ထီလာ ဇူလိုင် ၂၇

မိတ္ထီလာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်မောင်း နှင်သည့် မော်တော်ဆိုင်ကယ် မောင်းနှင်သူများအား ယခင်က ဒဏ်ငွေ ကျပ်တစ်ထောင့်ငါးရာ ပေးဆောင်စေခဲ့ရာမှ ဇူလိုင်လနှောင်း ပိုင်းကစတင်ပြီး သုံးသောင်းကျပ် အထိ ပြောင်းလဲသတ်မှတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး စည်ပင် သာယာရေးဥပဒေ ပုဒ်မ ၉၁ အရ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိသည့် မော်တော်ဆိုင် ကယ်မောင်းနှင်သူများအား ဒဏ်ငွေ သုံးသောင်းကျပ်မှ တစ်သိန်းကျပ် အထိ ပြောင်းလဲပေးဆောင်ရမည် ဖြစ်သောကြောင့် ဒဏ်ကြေးငွေ ပြောင်းလဲသတ်မှတ်ခြင်းဖြစ်ပြီး မော်တော်ဆိုင်ကယ်များအပြင် ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု မရှိသည့် မော်တော်ယာဉ်များကို လည်း စစ်ဆေးအရေးယူဆောင်ရွက် သွားမည်ဖြစ်သည်။

မိတ္ထီလာတွင် မော်တော်ဆိုင်ကယ် မောင်းနှင်သူများအနေဖြင့် ဆိုင်ကယ်စီး ဦးထုပ်ဆောင်းရန်၊ ဆိုင်ကယ်တစ်စီး နှစ်ဦးထက် ပိုမစီးရန်နှင့် ဆိုင်ကယ်၏ ရှေ့နောက်ယာဉ်နံပါတ်များတပ်ဆင် ရန်အချက်များကို လိုက်နာပါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့၏ အရေးယူမှုခံရ မည်မဟုတ်ဘဲ အဆိုပါ စည်းကမ်း ချက်များ ဖောက်ဖျက်မှသာ ဒဏ်ငွေ သုံးသောင်းကျပ်ပေးဆောင်ရမည် ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာဥပဒေပါ ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည့် အချက် ၁၁ ချက်တွင် အဆိုပါ အချက်သုံးချက်သည် မိတ္ထီလာ၌ မော်တော်ဆိုင်ကယ် မောင်းနှင်သူများ အဓိက လိုက်နာရ မည့်စည်းကမ်းချက်များဖြစ်သည်။

မိတ္ထီလာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်မှု မရှိသည့် မော်တော်ယာဉ်၊ မော်တော် ဆိုင်ကယ်များအား သက်ဆိုင်ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့မှ ရှောင်တခင် စစ်ဆေးအရေးယူ ဆောင်ရွက်မှုများ ကို ၂၀၁၄ ခုနှစ် ဧပြီလပိုင်းကစတင်ပြီး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ ရာ စည်းကမ်းဖောက်ဖျက်သည့် မော်တော်ဆိုင်ကယ်များကို အများ ဆုံးစစ်ဆေးအရေးယူဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

၂၀၁၄ ခုနှစ် မိတ္ထီလာ မဟာသင်္ကြန်ကာလက မော်တော်ဆိုင်ကယ်မောင်းနှင်သူများကို တွေ့ရစဉ်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မြောင်းတကာစက်မှုဇုန်၌ကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၄ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲနှင့် ၂၀၁၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ဆုရရှိခဲ့သော စိုက်ခင်းများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မြောင်းတကာသံမဏိသံရည်ကျို စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ကျင်းပခဲ့သည့်သစ်ပင်စိုက်ပျိုးပွဲများသည် ရန်ကုန်တိုင်း ဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ပြည်သူများ ကို အသိပေးနှိုးဆော်ခြင်းဖြစ်ပြီး နိုင်ငံတော်၏ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရာ တွင် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ပါဝင်ဆောင်ရွက် ခြင်းဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အစိုးရ၊ ပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍမှ ၂၀၁၄ ခုနှစ်တွင် စုစုပေါင်းသစ်ပင် ၁၄ သိန်းကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမော်က ၂၀၁၄ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ၂၀၁၃ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တွင်ဆုရရှိခဲ့သော စိုက်ခင်းများအား ဆုချီးမြှင့်ပွဲအခမ်း အနားနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြောင်းတကာ သံမဏိသံရည်ကျိုစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးရွှေထူးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၁၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သည့် စိုက်ခင်းများအတွက် ဆုများပေးအပ် သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် တာဝန်ရှိသူများထံ ပျိုးပင်များပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ် ကံ့ကော် ပင်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့က ပျိုးပင် များအား စိုက်ပျိုးပေးကြပြီး စက်ရုံအလုပ်ရုံများမှ အလုပ် သမားများနှင့် ဒေသခံပြည်သူများမှ စုပေါင်း သစ်ပင် စိုက်ပျိုးနေမှုများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့အခမ်းအနားတွင် ကံ့ကော်၊ ပိတောက်၊ ကျွန်း၊ မဟော်ဂနီ၊ ခရေ၊ ယူကလစ်၊ အင်ကြင်းအပါအဝင် သစ်ပင်အမျိုးပေါင်း ၁၀ မျိုး၊ သစ်ပင်ပေါင်း ၁၀၂၀ ပင် စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာတွင် ဘင်ခရာသင်တန်းဆင်း

ဖားကန့် ဇူလိုင် ၂၇

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ ရပ်ကွက်(၁)ရှိ အခြေခံပညာအထက် တန်းကျောင်း (၁/၂၀၁၄) ဘင်ခရာ သင်တန်းဆင်းပွဲအခမ်းအနားကို အဆိုပါကျောင်းခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဘင်ခရာအဖွဲ့မှ အခမ်းအနားဖွင့်တီးလုံးဖြင့် စတင် ဖွင့်လှစ်ပြီး ဘင်ခရာသင်တန်းဖြစ် မြောက်ရေးကော်မတီဥက္ကဋ္ဌ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတူးမိုင်အား ကျောင်းဘင်ခရာသင်တန်းတပ်ဖွဲ့မှ အလေးပြုပြီး ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူး ဦးတူးမိုင်က ဘင်ခရာသင်တန်း ဖွင့်လှစ်ရခြင်းအကြောင်းနှင့် ကျောင်း ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်အေးက သင်တန်းသား သင်တန်းသူများအား ထားရှိရမည့် စိတ်ဓာတ်နှင့် စည်းကမ်းများ အကြောင်းကို ပြောကြားသည်။

ဆက်လက်၍ ဘင်ခရာတပ်ဖွဲ့မှ မြန်မာနိုင်ငံတော်သီချင်း၊ ကျောင်းသား လူငယ်သီချင်းနှင့် ဘင်ခရာစွမ်းရည် များ ပြသခဲ့ပြီး**(အပေါ်ပုံ)** ထူးချွန် ဘင်ခရာ သင်တန်းသား သင်တန်း သူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

အဆိုပါသင်တန်းကို ဆိပ်မူ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးက ကြီးမှူး၍ ဖွင့်လှစ်ပေးခဲ့ပြီး ဆိပ်မူ ကျေးရွာအုပ်စု အတွင်းရှိ ကျောင်း ပေါင်းစုံမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၃ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်လခွဲကြာမြင့် ခဲ့ကြောင်း သိရသည်။

မြတ်မင်းသူ(ဖားကန့်)

■

မြန်မာလယ်သမားများ ဂျပန်နိုင်ငံရှိ လယ်သမားများထံတွင် လယ်ယာစိုက်ပျိုးရေးနည်းပညာများ သွားရောက်လေ့လာ

ရန်ကုန် ဇူလိုင် ၂၇

ကော့မှူးမြို့နယ်၊ ခရမ်းမြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ဒေးဒရဲ မြို့နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ဒေသခံလယ်သမား ခြောက်ဦးတို့သည် ဂျပန်နိုင်ငံ၌ လယ်ယာစိုက်ပျိုးရေးနည်းစနစ်နှင့် လယ်ယာ စိုက်ခင်းများကို ခုနစ်ရက်တာ လက်တွေ့လေ့လာမည်ဖြစ်ကြောင်း AFFM မှ သတင်းထုတ်ပြန်သည်။

မြန်မာလယ်သမားများ ဂျပန်လယ်သမားများထံတွင် စိုက်ပျိုးရေး နည်းပညာများ လေ့လာနိုင်ရန် ဇူလိုင် ၂၆ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့သို့ လေ့လာရေးခရီး ထွက်ခွာသွားကြောင်း သိရသည်။

မြန်မာလယ်သမားများသည် မြေဩဇာအသုံးပြုပုံ၊ လယ်ယာသုံး ပိုးသတ် ဆေးအသုံးပြုပုံ၊ စပါးစိုက်ပျိုးနည်းအမျိုးမျိုးနှင့် သီးပင်စားပင် စိုက်ပျိုးခြင်း တို့ကို ဂျပန်လယ်သမားများအိမ်တွင် နေထိုင်ပြီး လက်တွေ့စိုက်ပျိုးနည်းပညာများ ကို လေ့လာသွားမည်ဖြစ်ကြောင်းသိရသည်။

"ဒါက ပထမဆုံး စေလွှတ်တဲ့ ခရီးစဉ်ပါ။ ဂျပန်နိုင်ငံမှာ မြန်မာလယ်သမား တွေကိုယ်တိုင် လက်တွေ့လေ့လာဖို့ တစ်နှစ်ကို နှစ်ကြိမ်စေလွှတ်ဖို့ စီစဉ်ထား ပါတယ်။ မြေဆီလွှာအရည်အသွေး စစ်ဆေးတိုင်းတာပြီး စိုက်ပျိုးမယ့်သီးနှံ အမျိုးအစားကို ရွေးချယ်နိုင်ဖို့ AFFM နဲ့ NPO (အာရှလူငယ် ယဉ်ကျေးမှု ဖလှယ်ရေးစင်တာ)တို့ ပေါင်းပြီး ပဲခူးနဲ့ ဒိုက်ဦးမှာ လက်တွေ့ကွင်းဆင်းလေ့လာ ခြင်းနဲ့ သင်တန်းတွေ ဖွင့်ခဲ့တယ်။ သုံးခွ၊ ကျောက်တန်း၊ သန်လျင်နဲ့ ခရမ်းမြို့ တွေမှာလည်း အခုလို သင်တန်းတွေ ဆက်ဖွင့်ဖို့ အစီအစဉ်ရှိပါတယ်" ဟု မြန်မာနိုင်ငံတောင်သူလယ်သမားနှင့်စိုက်ပျိုးရေး အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်ဥက္ကဋ္ဌက ပြောသည်။ ယင်းလေ့လာရေးခရီးစဉ်ကို မြန်မာနိုင်ငံ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM) နှင့်အာရှလူငယ် ယဉ်ကျေးမှုဖလှယ်ရေးစင်တာ (NPO-Center for Social and Cultural Exchange in Asia) တို့ ပူးပေါင်း၍ ပထမဆုံး အကြိမ် စေလွှတ်ခြင်းဖြစ်သည်။ **(ရဲခေါင်၊ မြတ်သန္တာမောင်)**

လက်ပံတောင်းတောင် စီမံကိန်းနယ်မြေအတွင်း ရွာသူ ရွာသားများ ကျူးကျော်ဝင်ရောက် လေးခွနှင့်ခဲများဖြင့်ပစ်ပေါက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ဒဏ်ရာများရရှိ

နေပြည်တော် ဇူလိုင် ၂၇

စစ်ကိုင်းတိုင်းဒေသကြီးဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင် စီမံကိန်းနယ်မြေအတွင်း ဇူလိုင် ၂၆ ရက်က မိုးကြိုးပြင်အလယ်ရွာမှ ကျေးရွာသူ ကျေးရွာသားများ ကျူးကျော်ဝင်ရောက်ပြီး လေးခွ၊ ခဲများဖြင့် ပစ်ပေါက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဇူလိုင် ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် လက်ပံတောင်းတောင် စီမံကိန်း ဧရိယာအတွင်း အနောက်ဘက်မျက်နှာစာ လုံခြုံရေးဆောင်ရွက်နေသည့် ရဲကင်း၏ ယာယီခြံစည်းရိုးအပြင်ဘက် ပေ ၂၀ ခန့်အကွာ စီမံကိန်းဧရိယာအတွင်းသို့ မိုးကြိုးပြင်အလယ်ရွာနေ ဒေါ်ဝ (၃၅) နှစ် အပါအဝင် အမျိုးသမီး ၁၅ ဦးခန့်က နွားအကောင် ၇၀ ခန့်အား လာကျောင်းခဲ့ကြောင်း၊ ထို့နောက် အဆိုပါကျေးရွာမှ အမျိုးသား ၃၅ ဦး၊ အမျိုးသမီး ၃၀ ခန့်က နွားအကောင် ၈၀ ခန့်ဖြင့် ထပ်မံရောက်ရှိလာပြီး ခြံစည်းရိုးကာရံထားသည့်အတွင်းသို့ဝင်ရောက် နွားကျောင်းလိုကြောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအား လာရောက်ပြောကြားခဲ့ရာ တပ်ဖွဲ့ဝင်များက စီမံကိန်းဧရိယာဖြစ်၍ အန္တရာယ်ရှိသဖြင့် အပြင်တွင်သာ ကျောင်းရန် ရှင်းပြသည်ကို လက်မခံဘဲ ဆဲဆိုပြီး ခြံစည်းရိုးအား အတင်းတွန်းလှဲဖျက်ဆီးကာ နွားများကို မောင်းသွင်းခဲ့ကြောင်း သိရသည်။

ယင်းသို့ မောင်းသွင်းသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နွားများ စီမံကိန်းဧရိယာအတွင်း မဝင်ရောက်နိုင်စေရန် တားဆီးပြီး ပြန်လည်မောင်းနှင်ခဲ့ရာ အဆိုပါ ရွာသူ ရွာသားများက

ဇူလိုင်၂၆ ရက် မွန်းလွဲ ၃ နာရီ ၅ မိနစ်က လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဧရိယာအတွင်း ဒေသခံရွာသူ/ရွာသားများမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေးခွ၊ ခဲများဖြင့် ပစ်ခတ်တိုက်ခိုက်၍ ဒဏ်ရာရရှိမှုမှတ်တမ်း။

တပ်ဖွဲ့ဝင်များအား လေးခွများ၊ ခဲများဖြင့် ပစ်ပေါက်ခဲ့သဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ နဖူးတွင် ပေါက်ပြဲဒဏ်ရာ တစ်ချက် ရရှိခဲ့ကြောင်း သိရသည်။

ညနေ ၄ နာရီခန့်တွင် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးတို့က အဆိုပါနေရာသို့ ရောက်ရှိလာပြီး အခြေအနေကို ထိန်းသိမ်းဆောင်ရွက်သော်လည်း ရွာသူ ရွာသား ၈၀ ခန့်က နွားများကို အကာအကွယ်ယူ၍ လေးခွ၊ ခဲများဖြင့်ဆက်လက်ပစ်ခတ်ပြီးနောက် ထွက်ခွာသွားခဲ့ကြောင်း၊ ယင်းနောက် ရွာသူ ရွာသားများသည် စီမံကိန်းနယ်မြေအတွင်းရှိ လိပ်ခွံတောင်အနီးတွင် ပြန်လည်စုစည်းပြီး ယင်းတောင်ပေါ်ရှိ ရဲကင်း၌ လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအား လေးခွ၊ ခဲများဖြင့် မိနစ် ၂၀ ခန့် ပစ်ခတ်ခဲ့ပြီး ဘန်ကာအနီးသို့ ရောက်ရှိလာသဖြင့် ၁၂ ဗို့သေနတ်ဖြင့် နှစ်ချက် သတိပေးပစ်ခတ်ခဲ့မှသာ လူစုကွဲပြီး ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ရွာသူ ရွာသားများ၏ လေးခွနှင့် ခဲများဖြင့် ပစ်ပေါက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦးဒဏ်ရာများ ရရှိခဲ့သဖြင့် မုံရွာပြည်သူ့ဆေးရုံကြီးနှင့်ဆားလင်းကြီးပြည်သူ့ဆေးရုံတို့သို့ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဆားလင်းကြီးမြို့မရဲစခန်းက ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်ပြီးဖြစ်

နေပြည်တော် ဇူလိုင် ၂၈

အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစံမြင့်ဦးသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ဂျကာတာမြို့၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုရိုနိုထံပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်းဒေသကြီး မြို့တော်စည်ပင်သာယာနယ်နိမိတ်ခရိုင်လေးခရိုင်အတွင်းရှိ မြို့နယ်များမှ အဓိကလမ်းမကြီးများယာဉ်သွားလာမှု လွယ်ကူချောမွေ့စွာမောင်းနှင်သွားလာနိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စီစဉ်မှုဖြင့် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) က ကြီးကြပ်မှုဖြင့် လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းများ နေပူမိုးရွာမရှောင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများနှင့်မြို့နယ်တွဲဖက်အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) တာဝန်ခံရုံးများမှ ဝန်ထမ်းများပူးပေါင်းပြီး အချိန်နှင့် တစ်ပြေးညီဆောင်ရွက်နေပြီဖြစ်ကြောင်း ခရိုင်အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ပြောသည်။

ထိုသို့နေပူမိုးရွာ မရှောင် လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းအား ဇူလိုင် ၂၆ ရက်က မဟာဗန္ဓုလလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းဆုံ မီးပွိုင့်အနီးတွင် ပုဇွန်တောင်မြို့နယ် စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံးမှ လမ်းပေါက်ဖာထေးခြင်း လုပ်ငန်းဆောင်ရွက်မှုအား တွေ့ရသည်။

(ထွန်းဝင်း)

ဘူမိအမြင်ဖြင့် ဧရာဝတီမြစ်ကို ပညာရှင်များရှုထောင့်က သုံးသပ်

မန္တလေး ဇူလိုင် ၂၇

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း (မန္တလေး)က ဦးစီးကျင်းပသည့် ဘူမိအမြင်ဖြင့် ဧရာဝတီမြစ်အတွက် အန္တရာယ်များကို ပညာရှင်များရှုထောင့်က သုံးသပ်ချက်များ ဟောပြောပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီကစတင်ပြီး မန္တလေးမြို့ ဈေးချိုဟိုတယ်ခန်းမ၌ ကျင်းပရာ ပညာရှင်များ၊ ဝါသနာရှင်များနှင့် စိတ်ဝင်စားသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

ဟောပြောပွဲတွင် ဧရာဝတီမြစ်အန္တရာယ်နှင့်ပတ်သက်၍ ဘူမိအမြင်၊ ပထဝီဝင်အမြင်၊ လျှောက်နှင့်ပတ်သက်နိုင်မှု၊ ဧရာဝတီလင်းပိုင်နှင့် ဆက်စပ်မှုအစရှိသည်များကို ဟောပြောရာ ဒေါက်တာမျိုးသန့်က မြန်မာနိုင်ငံနှင့် မြေငလျင်အန္တရာယ်၊ ဒေါက်တာဝင်းမောင်က ဧရာဝတီမြစ်နှင့် အန္တရာယ်၊ ဒေါက်တာဇော်မြင့်နိုက ရေဝေရေလဲ ဧရိယာထိန်းသိမ်းခြင်း၊ ငါးလုပ်ငန်းဦးစီးဌာန အငြိမ်းစား ညွှန်ကြားရေးမှူး ဦးမြသန်းထွန်းက ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးခေါင်းစဉ်များဖြင့် အသီးသီးဟောပြောကြသည်။ ထို့ပြင် အမျိုးသားစာပေဆုများရှင် စာရေးဆရာ နေဝင်းမြင့်ကလည်း ဧရာဝတီအတွက် အန္တရာယ်များနှင့်ပတ်သက်ကာ ဟောပြောကြောင်း သိရသည်။

ဧရာဝတီမြစ်သည် မြန်မာမြစ်စစ်စစ်ဖြစ်ပြီး ထူးခြားမှုများစွာရှိကာ အန္တရာယ်မျိုးစုံရှိနေကာ သဘာဝကပေးသော မူလအနေအထားဖြစ်ရန် ပညာရှင်အသီးသီးက ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

(ဝဝ၂)

မန္တလေးတွင် လိုင်စင်မဲ့ယာဉ်များဆက်တိုက်ဖမ်းဆီး

မန္တလေး ဇူလိုင် ၂၇

စက်မှုဇုန်ထုတ်မော်တော်ယာဉ်များ အပ်နှံခွင့်ပြုခြင်း၊ သုံးဘီးယာဉ်များ အပ်နှံခွင့်ပြုပြီး အစားထိုးယာဉ်တင်သွင်းခွင့်ပြုခြင်း၊ လိုင်စင်မဲ့နိဗ္ဗာန်ယာဉ်များအား လိုင်စင်ပြုလုပ်ပေးနေခြင်း အပေါ် အခြေပြု၍ ကားပွဲစားများက ၂၀၁၅ မတိုင်မီလိုင်စင်မဲ့ယာဉ်များအား တရားဝင်လိုင်စင်များပြုလုပ်ပေးမည်ဆိုသော မဟုတ်မမှန်ကောလာဟလသတင်းများ ထုတ်လွှင့်၍ တစ်ဖက်နိုင်ငံမှ ယာဉ်ဟောင်းများအား နယ်စပ်လမ်းကြောင်းများမှ သွင်းယူကာ မသိနားမလည်သော ပြည်သူများအား ကျပ်သိန်း ၅၀ ဝန်းကျင်ဖြင့် ရောင်းချလျက်ရှိသည်။ မန္တလေးမြို့ရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့စုများကလည်း လမ်းဆုံလမ်းခွများတွင် နေ့ ည ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးအရေးယူလျက်ရှိသည်။

ပြည်ကြီးတံခွန်မြို့နယ် ကွဲဆည်ကန်လမ်းဆုံတွင် ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက ယာဉ်ထိန်းတပ်ဖွဲ့စု (၅၇)မှ ရဲအုပ်ချစ်ကိုကိုနှင့် အဖွဲ့ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆောင်ရွက်စဉ် ရန်ကုန်-မန္တလေးလမ်းအတိုင်းတောင်မှ မြောက်သို့ ကျော်အောင် (၄၇)နှစ် ထန်းတောရပ် မုံရွာမြို့နေသူ မောင်းနှင်လာသည့် 5D/ . . . နံပါတ်ပါ MarkII အဖြူရောင် ယာဉ်အားစစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ တင်ပြနိုင်ခြင်းမရှိ၊ ယာဉ်ထိန်းကွန်ပျူတာမှတ်တမ်းတွင် မှတ်ပုံတင်ထားခြင်းမရှိသဖြင့် ကျော်အောင်အားပြည်ကြီးတံခွန်မြို့မရဲစခန်းက(ပ) ၄၁၄/၂၀၁၄ ပို့ကုန်သွင်းကုန်ပုဒ်မ ၈ အရ အမှုဖွင့်အရေးယူထားသည်။

အလားတူ မန္တလေး-စစ်ကိုင်းကားလမ်းနှင့် ကမ်းနားလမ်းဆုံတွင် ဇူလိုင် ၂၅ ရက် ညနေ ၃ နာရီခွဲက ယာဉ်ထိန်းရဲတပ်ဖွဲ့စု (၅၇)မှ ရဲအုပ်စိုးမိုးကျော် ဦးစီးအဖွဲ့သည် ယာဉ်စည်းကမ်းစစ်ဆေးဆောင်ရွက်နေစဉ် စစ်ကိုင်းဘက်မှ မန္တလေးဘက်သို့ 9G/. . . . အော်တက်စီအမျိုးအစားအနက်ရောင် ယာဉ်အားရပ်တန့်စစ်ဆေးရာ ယာဉ်မောင်းမှာ ရန်နိုင် (၃၇)နှစ် နန်းဦးမြို့သစ် စစ်ကိုင်းမြို့နေသူဖြစ်ပြီး ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတင်ပြနိုင်ခြင်းမရှိ၊ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရသဖြင့် သိမ်းဆည်းပြီး အမရပူရမြို့မ ရဲစခန်းက (ပ) ၂၁၃/၂၀၁၄ ပို့ကုန် သွင်းကုန်ပုဒ်မ ၈ အရ အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အလားတူ ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက် (၇၈)လမ်း ၂၆ လမ်းနှင့် ၂၇ လမ်းကြားတွင် ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီက ယာဉ်ထိန်းတပ်ဖွဲ့စု (၅၅)မှ ရဲအုပ်နေထွဏ်းလင်းနှင့် ပူးပေါင်းအဖွဲ့သည် ယာဉ်စည်းကမ်းဆောင်ရွက်စဉ် ဇော်လတ် (၄၀) နှစ် ချမ်းအေးသာစံအလယ်ရပ်ကွက်နေသူ မောင်းနှင်လာသော ၅ဂ/. . . SURF အနက်ရောင် ယာဉ်အားစစ်ဆေးရာ လိုင်စင်အထောက်အထားတင်ပြနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ဖြစ်ကြောင်းတွေ့ရသဖြင့် သိမ်းဆည်းပြီး ဇော်လတ်အား ချမ်းအေးသာစံမြို့နယ်မြို့မရဲစခန်းက (ပ) ၅၂၄/၂၀၁၄ သွင်းကုန်ပို့ကုန် ပုဒ်မ ၈ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းရှိယာဉ်များအား ဩဂုတ် ၁ ရက်မှစ၍ ညသိပ်ခွင့်မပြုတော့

ရန်ကုန် ဇူလိုင် ၂၇

မင်းရဲကျော်စွာယာဉ်ရောင်းဝယ်ရေးစခန်းမှ ဇူလိုင် ၁၈ ရက်တွင် ပြောင်းရွှေ့လာခဲ့သည့် လှိုင်မြို့နယ်ယာဉ်ရောင်းဝယ်ရေးစခန်းအား ဩဂုတ် ၁ ရက်မှစတင်၍ ညသိပ်ယာဉ်များ ရပ်နားခြင်းကို ခွင့်ပြုသွားတော့မည်မဟုတ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးအခွန်ဌာန လက်ထောက်ဌာနမှူး ဦးအေးဝင်းက ဇူလိုင် ၂၆ ရက်တွင် လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းတွင်ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသွားသည်။

ယင်းကဲ့သို့ လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းတွင် မော်တော်ယာဉ်များ ဝင်/ထွက်သွားလာခြင်းကို နံနက် ၅ နာရီခွဲ မှ ညနေ ၅ နာရီခွဲအထိသာ ခွင့်ပြုသွားမည်ဖြစ်ပြီး ရောင်းချနေသည့် မော်တော်ယာဉ်များအား ည ၉ နာရီခွဲအထိ အချိန်သတ်မှတ်ထားရှိ၍ ညသိပ်ရပ်နားပါက တစ်ရက်လျှင် ဒဏ်ငွေ ကျပ် ၁၀၀၀၀ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

"ညသိပ်ရပ်နားခွင့်မပြုခြင်းဟာ ဩဂုတ် ၁ ရက်မှစတင်ကာ အတည်ဖြစ်ပါတယ်။ မော်တော်ကားဝယ်ရောင်းသမားတွေရဲ့ ဖြစ်ပေါ်လာမယ့် ယာဉ်ကြောပိတ်ဆို့မှုတွေ၊ နံပတ်မပါရှိဘဲ လမ်းပေါ်မှာသွားလာလို့ မရတာတွေနဲ့ အခက်အခဲတွေကို အထက်ကို တင်ပြပေးသွားမှာပါ။ သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်းကိုလည်း အခုလိုပဲ ညသိပ်ရပ်နားခွင့်ပြုသွားမှာမဟုတ်ပါဘူး" ဟု ၎င်းက ပြောသည်။

"အခုလို ညသိပ်ရပ်နားခွင့်မပြုဘူးဆိုတာ မော်တော်ကားဝယ်ရောင်းပြုလုပ်သူတွေအတွက် အများကြီးအခက်အခဲဖြစ်စေပါတယ်။ ဒီဝင်းထဲမှာ ကားသေးရော၊ ကားကြီးရော နှစ်မျိုးစလုံးဝယ်ရောင်းပြုလုပ်နေတာပါ။ တစ်ပြိုင်နက်တည်း ကားတွေအဝင်/အထွက်လုပ်ရင် ယာဉ်ကြောပိတ်ဆို့မှုက ဒီထက်ပိုပြီး ဖြစ်ပွားနိုင်တယ်။ တချို့ကားတွေဆိုရင် နံပါတ်မပါရှိတဲ့ ကားတွေဖြစ်တဲ့အတွက် လမ်းပေါ်မှာ အမြဲတမ်းမောင်းနှင်လို့လည်းမရပါဘူး။ နောက်တစ်ခုက ဒီဝင်းကြီးကို ကားအရောင်းအဝယ်ပြုလုပ်လို့မရဘဲ ပိတ်ပစ်လိုက်မှာစိုးရိမ်တယ်။ ကျွန်တော်တို့ မော်တော်ကား ဝယ်ရောင်းပြုလုပ်တဲ့သူတွေအားလုံး ညသိပ်ခွင့်ရမှပဲ အဆင်ပြေမှာပါ။ ညသိပ်ခွင့်ရပ်နားလို့ရမယ်ဆိုရင် နိုင်ငံတော်ကိုပေးဆောင်ရမယ့် သင့်တော်တဲ့အခွန်နှုန်းထားကို ပေးဆောင်သွားမှာပါ"ဟု မော်တော်ကားရောင်းဝယ်ရေးအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဝင်းက ပြောသည်။

လက်ရှိလှိုင်မြို့နယ် ယာဉ်ရောင်းဝယ်ရေးစခန်းဝင်းအတွင်း မော်တော်ကားအကြီးအသေး အစီးရေပေါင်း ၁၃၅၀ ခန့်ရပ်နားနိုင်ပြီး ၎င်းမော်တော်ယာဉ်များသည် နေ့စဉ်ဝင်ထွက်သွားလာပါက ယာဉ်ကြောပိတ်ဆို့ကျပ်တည်းမှု ပိုမိုဆိုးရွားစွာဖြစ်ပေါ်လာနိုင်ပြီး နောက်ဆက်တွဲဖြစ်ပေါ်လာမည့် အခက်အခဲများအား အမြန်ဆုံးဖြေရှင်းပေးရန် လိုအပ်နေလျက်ရှိကြောင်း မော်တော်ကားဝယ်ရောင်းပြုလုပ်သူအများစုထံမှ သိရသည်။

(ကေသိန်းဆွေ)

ပိန်းဇလုပ်–ရွာမရွာ၌ ကျေးရွာမီးလင်းရေး ကူညီပေးစေချင်

ညောင်လေးပင် ဇူလိုင် ၂၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်-ရွာမ ရွာသည် အိမ်ခြေ ၁၀၀ ကျော်သာရှိသော လယ်သမားမိသားစုအများစုနေထိုင်ကြသည့် ရွာလေးဖြစ်သည်။ ရွာငယ်သော်လည်း စည်းလုံးညီညွတ်မှုရှိကာ ခေတ်အဆက်ဆက် ပညာရေးကို လိုက်စားသောရွာဖြစ်၍ ပျမ်းမျှတစ်အိမ်လျှင် အနည်းဆုံး ၁၀ တန်းအောင်၊ ဘွဲ့ရ နှစ်ဦးနှင့်အထက်ရှိသည်။

နိုင်ငံတော်သမ္မတကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးကိစ္စရပ်များကို အထူးအလေးပေး ဆောင်ရွက်နေသည့်နည်းတူ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနကလည်း ကျေးရွာများ မီးလင်းရေးကို ပံ့ပိုးကူညီမည်ဟု သိရသဖြင့် ရွာသူရွာသားများသည် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ရန် စိတ်အားထက်သန်လာကြသည်။

ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ကရင်တိုင်းရင်းသား ဦးစောလိုင်းနယ်က "ကျွန်တော်တို့ မီးလင်းရေးစလုပ်တာ အခုဆိုရင် ခြောက်လရှိပါပြီ။ ငွေကောက်ခံရရှိသလောက်တော့ မီးလင်းရေးအတွက်လုပ်ဆောင်နေပါတယ်။ **(အပေါ်ပုံ)** သိန်း ၄၅၀ လောက်ကုန်မယ်လို့တွက်ထားတယ်။ အခုထိ သိန်း ၂၅၀ လောက်ပဲရထားသေးတယ်။ နောက်စပါးပေါ်ချိန် တစ်လနှစ်လပိုင်းလောက် ငွေတစ်ခါ ထပ်ကောက်ရင်တော့ သိန်း ၁၀၀ ပတ်ဝန်းကျင်ရရင် နီးစပ်လာပါပြီ။ ကျေးလက်ဦးစီးဌာန(ဒါမှမဟုတ်) တိုင်းဒေသကြီးအစိုးရအဖွဲ့ (ဒါမှမဟုတ်) အလှူရှင်တစ်ဦးဦးက ထိုက်သင့်သလောက်ကူညီမယ်ဆိုရင်တော့ စပါးပေါ်ချိန်မှာ မီးလင်းနိုင်မှာပေါ့ဗျာ" ဟု ပြောပြသည်။

ပိန်းဇလုပ်-ရွာမ ရွာသည် ရွာငယ်သော်လည်း ပညာတတ်များ ပေါများကာ လူနေမှုအဆင့်အတန်းမနိမ့်သော သာယာသည့် ရွာလေးဖြစ်ပါသည်။ လျှပ်စစ်မီးရရှိပါက ယခုထက်ပို၍ တိုးတက်ဖွံ့ဖြိုးသာယာသောရွာ ဖြစ်လာပါလိမ့်မည်။

စောလင်းအောင် (ပိန်းဇလုပ်)

စိတ်ဖောက်ပြန်လာသော အလုပ်သမတစ်ဦးအား မြန်မာသံရုံးနှင့် MAT တို့ကူညီပို့ဆောင်

ဗန်ကောက် ဇူလိုင် ၂၇

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်ရှိ အိမ်အကူမြန်မာအလုပ်သမငယ်တစ်ဦး ရုတ်တရက်စိတ်ဖောက်ပြန်လာသဖြင့် မြန်မာသံရုံးနှင့် MAT အဖွဲ့တို့ပူးပေါင်း၍ ဇူလိုင် ၂၅ ရက်က မြဝတီမြို့မှ စောင့်ကြိုနေကြသည့် မိဘများထံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီဖြစ်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand)မှ ဇူလိုင် ၂၆ ရက် ညပိုင်းက ဆက်သွယ်ပြောကြားခဲ့သည်။

အဆိုပါကရင်အမျိုးသမီး အငယ်လေး အသက်(၁၈)နှစ်သည် မွန်ပြည်နယ် ဘီးလင်းမြို့နယ် သူဌေးကုန်းရပ်ကွက်နေသူ ဦးဖားကျွဲ-ဒေါ်မထွေးတို့၏ သမီးဖြစ်သည်။ ၎င်းသည် ၂၀၁၃ ခုနှစ် ကုန်ပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ဗန်ကောက်မြို့အနီး လပ်ဘုရီမြို့မှ ထိုင်းသူဌေးတစ်ဦးအိမ်တွင် အိမ်အကူအလုပ် လုပ်ကိုင်ခဲ့သည်။ ၎င်းသည် ယခင်က ကျန်းမာရေးကောင်းမွန်ခဲ့သော်လည်း ပြီးခဲ့သည့် တစ်လခန့်မှစ၍ လက်ကိုင်ဖုန်းတစ်လုံးဝယ်ကာ သူငယ်ချင်းများနှင့် ဆက်သွယ်စကားပြောနေခဲ့သည်။ ထို့နောက်ပိုင်းမှစ၍ အမူအရာများ တဖြည်းဖြည်း ပြောင်းလဲလာကြောင်း၊ လွန်ခဲ့သည့် တစ်ပတ်ခန့်မှစ၍ ညပိုင်းတွင် သီချင်းဆိုကြောင်း၊ ကြောင်တောင်တောင်ဖြစ်လာကြောင်း သူဌေးအမျိုးသမီးက MAT အဖွဲ့သို့ ပြောဆိုခဲ့ခြင်း ဖြစ်သည်။ ဗန်ကောက်မြို့တွင် အလုပ်လုပ်ကိုင်နေသည့် အဆိုပါ စိတ်မနှံ့သူအငယ်လေး၏ အစ်မဖြစ်သူတို့က ဗန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့ MAT ရုံးသို့ လာရောက်အကူအညီတောင်းခံခဲ့ခြင်းကြောင့် MAT အဖွဲ့သည် ဥပဒေအကြံပေးရှေ့နေကြီး ဦးအောင်မျိုးသန့်နှင့်အတူ ထိုင်းတောင်ပိုင်းအခြေစိုက် ပညာရေးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း FED အဖွဲ့ ဒါရိုက်တာဦးထူးချစ်နှင့် ညှိနှိုင်းစီစဉ်ခဲ့ကြကြောင်း သိရသည်။ **(ဝ၄ဝ)**

အရက်မူးနေသူလူငယ်တစ်ဦး ကြိုးဆွဲချသေဆုံး

ရန်ကုန် ဇူလိုင် ၂၇

ဇူလိုင် ၂၄ ရက် နံနက် ၆ နာရီခွဲက အင်းစိန်ဆေးရုံသို့ ကြိုးဆွဲချသေဆုံးသောလူတစ်ဦးရောက်ရှိနေကြောင်း သတင်းရသဖြင့် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ ကြိုးဆွဲချသေဆုံးသူမှာ ဝင်းထက်နိုင် (၂၂)နှစ် စက်မှုဇုန်-၃ တညင်းကုန်းရပ်ကွက် အင်းစိန်မြို့နယ်နေသူဖြစ်ပြီး "ဟိန်းစိုး"သစ်အချောထည်စက်ရုံလုပ်သားဖြစ်ကာ ဇူလိုင် ၂၃ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် အရက်မူးပြီး "ဟိန်းစိုး"သစ်အချောထည်စက်ရုံဝင်းအတွင်းရှိ အလုပ်သမားဆောင်အနီး အမြင့် ၁၀ ပေ ၈ လက်မရှိ ပေါင်းအိုးစင်ပေါ်တက်သည့် သံလှေခါးပေါ်တွင် ပုဆိုးနှစ်ထည်ဖြင့် လည်ပင်းကြိုးကွင်းစွပ်ကာ ကြိုးဆွဲချနေသည်ကို သစ်ဝိုင်းဆရာ ကိုဝင်းထွန်းက တွေ့ရှိသဖြင့် အင်းစိန်ဆေးရုံသို့ပို့ဆောင်ကာ ဆေးကုသမှုခံယူနေစဉ် ဇူလိုင် ၂၄ ရက်နံနက် ၂ နာရီ မိနစ် ၅၀ က သေဆုံးသွားခဲ့သည်။

အင်းစိန်ဆေးရုံမှ အလောင်းအား PR-02/2014 ဖြင့် လက်ခံကာ အင်းစိန်မြို့မရဲစခန်းက ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ်စစ်ဆေးမှုများဆောင်ရွက်လျက်ရှိသည်။

(၆၈၄)

စာ တည်း ထံ ပေး စာ များ

ဆက်သွယ်ရေးလိုင်းပြတ်တောက်နေ

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် စျေးကလေးရပ် ထီးတန်းအိမ်ရာအတွင်းမှာ (FISCA Co.,Ltd.)မှ ၂၀၀၆-၂၀၀၇ မှစ၍ (EPABX) လိုင်းခွဲဖုန်းစနစ်ဆက်သွယ်မှုလုပ်ငန်းများ လုပ်ဆောင်နေရာမှ ယခုအခါတွင် ဆက်သွယ်မှုလိုင်းများ ပြတ်တောက်နေသည်မှာ နှစ်လကျော်နေပြီဖြစ်ပါသဖြင့် တာဝန်ရှိသူမှ မည်သို့ဆက်လက်ဆောင်ရွက်ပေးမည်ကို သိလိုပါ၍ စာတည်းမှူးမှတစ်ဆင့် တင်ပြအပ်ပါသည်။ **(ထီးတန်းအိမ်ရာမိသားစု)**

ကားလမ်းမပေါ်တွင် စည်းကမ်းမဲ့ကျူးကျော်၍ အုတ်ရိုက်နေ

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်း (၂၆)ရပ်ရှိ ရွှေမြင့်မိုရ်ပတ်လမ်း ကွန်ကရစ်လမ်းမပေါ်တွင် လမ်းတစ်ခြမ်းလုံးကျူးကျော်၍ သဲများပုံခြင်းပြုလုပ်ကာ ကွန်ကရစ်အုတ်ရိုက်ခြင်းများပြုပြီး ရိုက်ပြီးသောအုတ်များကိုလည်း ယင်းလမ်းမပေါ်တွင်ပဲ စုပုံလျက်ရှိပါသဖြင့် အများပြည်သူသွားလာရေးခက်ခဲမှုရှိခြင်း၊ ယာဉ်မတော်တဆမှုများရှိလာနိုင်ပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးအရေးယူဆောင်ရွက်ပေးစေလိုပါသည်။

(ရွှေလင်ပန်းသူ)

ရပ်ကွက်အတွင်းမှ အညှော်နံ့ ပတ်ဝန်းကျင် ကျန်းမာရေးထိခိုက်

ဒဂုံမြို့သစ်(တောင်ပိုင်း) (၁၈)ရပ်ကွက် L/ဘလောက် ကျွန်းရွှေမြိုင်လမ်းမပေါ်ရှိ ထမင်းဆိုင်တစ်ဆိုင်သည် နေ့ရောညပါ ကြော်လှော်ချက်ပြုတ်နေပါသဖြင့် ဘေးပတ်ဝန်းကျင်ရှိ နေအိမ်များမှ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ၊ နေထိုင်မကောင်းသူများမှာ နေ့စဉ်ရက်ဆက် ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေးကိုထိခိုက်စေပါသည်။ ၎င်းထမင်းဆိုင်အား အချိန်နှင့်ကန့်သတ်၍ ချက်ပြုတ်ပေးပါရန် တင်ပြလိုက်ရပါသည်။ **(လမ်းသူလမ်းသား)**

တရားမဝင်လောင်းကစားဝိုင်းများ ရှင်းလင်းဖယ်ရှားပေးပါ

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် နယ်မြေ(၈)နှင့် ရွှေညောင်ပင်ရပ်ကွက် နယ်မြေ(၆) နေအိမ်တို့တွင် တရုတ်နိုင်ငံမှ တရားမဝင်တင်သွင်းလာသည့် မန်းနီးဂိမ်း(ခ)ငါးပစ်ဂိမ်းလောင်းကစားဝိုင်းများမှာ တရားဝင်လောင်းကစားဝိုင်းများအသွင်ဆောင်နေပြီး အဆိုပါဂိမ်းဆိုင်များဖွင့်လှစ်မှုကြောင့် မြို့ပေါ်ရပ်ကွက်နေ လူငယ်အများစုမှာ အကျင့်စာရိတ္တများ ပျက်ပြားလာပြီး အသေးစားလုယက်မှု၊ ခိုးမှုများဖြစ်ပွားလျက်ရှိရာ မိဘအုပ်ထိန်းသူများကလည်း ၎င်းတို့သားသမီးများအတွက် ရတက်မအေးဖြစ်နေရ၍ တာဝန်ရှိသူများက ဂိမ်းဆိုင်များကို အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြလိုက်ရပါသည်။

(အုပ်ထိန်းသူမိဘများ)

ကျောင်းနှင့်မသက်ဆိုင်သူများဖယ်ရှားပေးပါ

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အမက(၂)မူလွန်ကျောင်းဝင်းအတွင်း၌ ကျောင်းနှင့်မသက်ဆိုင်သောသူများ ၃၀ ခန့် တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိပါသည်။ ထိုသူများကြောင့် ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားရေးနှင့် ဘေးကင်းလုံခြုံရေး၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းဝင်းစာသင်ဆောင်နှင့် ကျောင်းပိုင်ပစ္စည်းများလုံခြုံရေးတို့သည် စိုးရိမ်ဖွယ်အခြေအနေတွင် ရှိနေပါသည်။ ထို့အပြင် ကျောင်းခြံဝင်းကို မိမိပိုင်နေအိမ်သဖွယ် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်း၊ တရားမဝင်လောင်းကစားများလုပ်နေခြင်းတို့ကြောင့် ကျောင်းနှင့်မသက်ဆိုင်သူများအားလုံးကို ကျောင်းဝင်းအတွင်းမှ အမြန်ဆုံးဖယ်ရှားရှင်းလင်းပေးပါရန် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။

(ကျောင်းအကျိုးတော်ဆောင်)

ကုန်တင်ယာဉ်များဝင်ထွက်မှုကြောင့် လမ်းများပျက်စီးနေ

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အောင်ချမ်းသာ (၃)ရပ်ကွက် ပဒေသရာဇာလမ်းမပေါ်ရှိ သစ်ခွဲစက်နှင့် အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်သို့ ရောင်းဝယ်နေသည့် သစ်ကားကြီးများ အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေကားကြီးများနှင့် ထော်လာဂျီများ၊ မော်တော်ကားရောင်းဝယ်ရေးမှ ကားများ နေ့စဉ်ဖြတ်သန်းသွားလာနေသဖြင့် ပဒေသရာဇာလမ်းမကြီးမှာ အလွန်ပင်ပျက်စီးယိုယွင်းနေခြင်း၊ ယင်းသစ်ခွဲစက်မှ အသံများမှာ နားမခံနိုင်အောင်ဆူညံနေခြင်း၊ လမ်းမပေါ်၌ ကားများ၊ ထော်လာဂျီများပိတ်ဆို့ရပ်နေသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

(လမ်းသူလမ်းသားများ)

ကျန်းမာရေးထိခိုက်နေသည့် အမှိုက်ပုံ ပြောင်းရွှေ့ရှင်းလင်းပြီး

၁၃-၇-၂၀၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာမျက်နှာ (၁၂) စာတည်းမှူးထံပေးစာများတွင် ဖော်ပြပါရှိသည့် ပိတောက်မြိုင်စျေးအတွင်းရှိ အထည်ရုံအမှတ်(၂)နှင့် ကြက်သားတန်းရုံအမှတ်(၅)ရှေ့တွင် စွန့်ပစ်ထားသော ငါးပုပ်အညစ်အကြေးအနံ့ဆိုးများကြောင့် ကျန်းမာရေးကို များစွာထိခိုက်နေပါသဖြင့် အမှိုက်ပုံကို အခြားနေရာသို့ပြောင်းရွှေ့ပေးပါရန်နှင့် စျေးဝင်/ထွက်ပေါက်များကိုလည်း အနံ့ဆိုးများကင်းပြီး သန့်ရှင်းသပ်ရပ်သော စျေးဖြစ်အောင် ဆောင်ရွက်ပေးပါရန် တင်ပြချက်နှင့်ပတ်သက်၍ ၂၄-၆-၂၀၁၄ ရက်နေ့တွင် အထည်ရုံ(၁)နှင့် ငါးသည်များကြား ၁၂ ပေခွာ၍ လူသွားလမ်းအဖြစ် သတ်မှတ်ခြင်း၊ အမှိုက်ပုံးကို အထည်ရုံနှင့် ဝေးကွာသောစျေးမြောက်ဘက်အပေါက်ဘေးတွင်ထားရှိခြင်း၊ သား၊ ငါးရောင်းချသော နေရာများကို ရေပိုက်ခေါင်းဖြင့် နေ့စဉ်ဆေးကြောခြင်းတို့ကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(မိတ္ထီလာမြို့နယ်စည်ပင်)

Fashion Rocks ဂီတဖျော်ဖြေပွဲတွင် ဂျေလိုပါဝင်ဖျော်ဖြေမည်

အမေရိကန်နိုင်ငံ နယူးယောက်မြို့ ဘရွတ်ကလင်းရှိ ဘာကလေစင်တာ၌ စက်တင်ဘာ ၉ ရက်တွင် ကျင်းပမည့် Fashion Rocks ဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဂျနီဖာ လိုပက်ဇ် အပါအဝင် ဂီတကြယ်ပွင့်များစွာ ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။

ယခုနှစ်ကုန်ပိုင်း၌ကျင်းပမည့် အဆိုပါဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဂျေလိုအပြင် အက်ရှာ၊ ပစ်ထ်ဘူးလ်၊ မာရန်ဒါလမ်းဘတ်၊ ကစ်စ် စသည့် နာမည်ကြီးဂီတကြယ်ပွင့်များပါဝင်ကြမည်ဖြစ်ကာ ဖျော်ဖြေပွဲအစီအစဉ်များကို အမေရိကန်ရုပ်သံလိုင်း စီဘီအက်စ်မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကာ အဆိုပါဖျော်ဖြေပွဲအတွက် လက်မှတ်များကို ဩဂုတ် ၁ ရက်မှစတင်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ် နိုင်ငံတကာပရဟိတရန်ပုံငွေရှာဖွေရေးပွဲတော်တစ်ခုဖြစ်သည့် အဆိုပါဖျော်ဖြေပွဲတွင် ကမ္ဘာ့ထိပ်တန်းဖက်ရှင်ဒီဇိုင်နာများက ခေတ်ပေါ်ဂီတများနှင့် ပေါင်းစပ်ကာ ဖက်ရှင်ဒီဇိုင်းများကို တင်ဆက်ပြသကြခြင်းဖြစ်ပြီး ယခုနှစ်တွင် ထူးခြားမှုတစ်ခုအနေဖြင့် Fashion Rocks Worldwide အကြောင်း မိတ်ဆက်သည့် ဝက်ဘ်ဆိုက် www.fashionrocks.com ကို မိတ်ဆက်ပေးသွားမည်ဖြစ်သည်။ On the Floor တေးသံရှင်ဂျေလိုသည် ဇူလိုင် ၂၄ ရက်က ၎င်း၏ (၄၅)နှစ်ပြည့်မွေးနေ့ပွဲကို အရင်းနှီးဆုံးမိတ်ဆွေ ၁၀၀ ဖြင့် Southampton တွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

မျိုးစန္ဒာမောင်-စုစည်းသည်

မြက်ခင်းတုလေ့ကျင့်ရေးကွင်းနှင့် လူငယ်ဘောလုံးပွဲတော် ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၂၇

ဧရာဝတီဖောင်ဒေးရှင်းမှ တည်ဆောက်လှူဒါန်းသည့် မြက်ခင်းတုဘောလုံးကွင်းများ လွှဲပြောင်းပေးအပ်ပွဲနှင့် လူငယ်ဘောလုံးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲက ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဧရာဝတီဖောင်ဒေးရှင်းက လူနာတင်ယာဉ်တစ်စီးအား လှူဒါန်းရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်က လက်ခံသည်။ ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အခြေခံပညာကျောင်းများအတွက် ဘောလုံးအလုံး ၁၀၀၀နှင့် ဘောလုံးအခြေခံစာအုပ်များကို လှူဒါန်းရာ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်က လက်ခံသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က အမှာစကားပြောကြားကြသည်။

ယင်းမြက်ခင်းတုလေ့ကျင့်ရေးကွင်း နှစ်ကွင်းကို ဧရာဝတီဖောင်ဒေးရှင်းက အမေရိကန်ဒေါ်လာ တစ်သန်းကျော် အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

[ဖိုးသော်ဇင်]

အနုပညာလောကမှ အနားယူတော့မည့် f(x)အဖွဲ့မှ Sulli

ဂီတလောက၌သာမက သရုပ်ဆောင်ပိုင်းတွင်လည်း အထိုက်အလျောက်အောင်မြင်မှုရရှိထားသည့် တောင်ကိုရီးယား ကေပေ့ါပ်ဂီတအဖွဲ့ f(x)မှအဖွဲ့ဝင်တစ်ဦးဖြစ်သူ Sulli က အနုပညာလောကမှ အနားယူတော့မည်ဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ကြေညာခဲ့သည်။

"ဒါကြောင့် f(x)'s ရဲ့ Red Light အယ်လ်ဘမ်ရဲ့ ပရိုမိုးရှင်းလုပ်ငန်းများကို အဆုံးသတ်ဖို့ ဆုံးဖြတ်ခဲ့တာပါ၊ သူ့ကိုလဲ ဒုက္ခတွေ ထပ်မခံစားစေချင်တဲ့အတွက် ဒီလိုလုပ်ခွင့်ပေးလိုက်တာပါ"ဟု အက်စ်အမ် အင်န်တာတိန်းမန့်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

Sulli သည် ၎င်း၏အနုပညာအောင်မြင်မှုများရရှိနေသည့်ဘဝကို ရပ်တန့်တော့မည်ဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် တမင်ရည်ရွယ်မကောင်းကြံမှုများနှင့် တရစပ်ပေါ်ထွက်နေသော ကောလာဟလများကြောင့် စိတ်ပင်ပန်းနေပြီဖြစ်သဖြင့် ယင်းသို့ ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သို့သော် f(x)၏အခြားအဖွဲ့ဝင်များအနေဖြင့် ကိုယ်စီအောင်မြင်မှုများကို ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းနှင့် ဩဂုတ် ၁၅ ရက်တွင်ကျင်းပမည့် SMTOWN ဂီတပွဲတော်တွင် f(x)၏ ကျန်အဖွဲ့ဝင်များဖြင့်သာ ပါဝင်တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူးတောရက်စ်အား ခေါ်ယူရန် မိုနာကိုစောင့်ကြည့်

ပြင်သစ်ကလပ် မိုနာကိုအသင်းသည် လာမည့်ဘောလုံးရာသီတွင် အသင်း၏ တိုက်စစ်ပိုင်းကိုအားဖြည့်ရန်အတွက် ချယ်လ်ဆီးအသင်း၏ စပိန်တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်အားခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။ ထို့ပြင် တောရက်စ်အားစပိန်ထိပ်သီးကလပ် အက်သလက်တီကိုအသင်းကလည်း စိတ်ဝင်စားလျက်ရှိပြီး မိုနာကို အသင်းနှင့်အပြိုင်ကမ်းလှမ်းသွားဖွယ်ရှိနေကြောင်း သိရသည်။ ထို့ပြင် ချယ်လ်ဆီးအသင်းကလည်း တိုက်စစ်မှူးတစ်ဦးအား မဖြစ်မနေရောင်းထုတ်သွားရန် ဆန္ဒရှိနေပြီး အသင်းတွင် ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသည့် တောရက်စ်အားရောင်းချရန် ပြင်ဆင်လျက်ရှိကြောင်း ဗြိတိန်သတင်းစာ DAILY MAIL က ဖော်ပြသည်။ ချယ်လ်ဆီးအသင်းမှာ ယခုနှစ်ဘောလုံးရာသီတွင် စပိန်တိုက်စစ်မှူး ဒီယေဂိုကော်စတာနှင့် အသင်း၏ တိုက်စစ်မှူးဟောင်း ဒရော့ဘာတို့ကို ပြန်လည်ခေါ်ယူထားခဲ့ပြီး လူကာကူနှင့် တောရက်စ်တို့အနက်မှတစ်ဦးအား ရောင်းထုတ်သွားနိုင်ဖွယ်ရှိကြောင်း သိရသည်။

[စွမ်းထက်အောင်]

မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်များ ရက်အပြောင်းအလဲပြုလုပ်ရန်စီစဉ်

နေပြည်တော် ဇူလိုင် ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် MFFသည် မြန်မာ့လက်ရွေးစင်အသင်း၏ နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန်ရှိနေသောကြောင့် MNL ပွဲစဉ်များကို ရက်ပြောင်းလဲကျင်းပရန် စီစဉ်လျက်ရှိကြောင်းသိရသည်။ မြန်မာ့လက်ရွေးစင်အသင်းမှာ လာအိုနိုင်ငံတွင်ကျင်းပမည့် ဆူဇူကီး ဖလားခြေစစ်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်မှုအနေဖြင့် ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖလားပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ရန်ရှိနေပြီး ယင်းပြိုင်ပွဲကျင်းပမည့် ကာလမှာ MNL ပြိုင်ပွဲများကျင်းပနေချိန်နှင့် တိုက်ဆိုင်လျက်ရှိသောကြောင့် ယခုကဲ့သို့ပွဲစဉ်များကို အပြောင်းအလဲ ပြုလုပ်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။ ရာသီအစ ပွဲစဉ်ဇယားရေး ဆွဲထားမှုအရ MNL ပွဲစဉ်များမှာ စက်တင်ဘာလကုန်ပိုင်းမှသာ ပြီးဆုံးမည်ဖြစ်ပြီး ဖိလစ်ပိုင်ဖိတ်ခေါ်ဖလားပြိုင်ပွဲမှာ စက်တင်ဘာလ ၁ ရက်မှ ၉ ရက်အထိကျင်းပရန် စီစဉ်ထားသောကြောင့် MNL ပွဲစဉ်များကို ရပ်နားထားဖွယ် ရှိနေပြီး လာမည့်အောက်တိုဘာလတွင်လည်း ဆူဇူကီး ဖလားခြေစစ်ပွဲဝင်ရန်ရှိနေသောကြောင့် MNL ပွဲစဉ်များကို အချိန်ပြောင်းလဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

[ရဲစွမ်း]

ရီးယဲလ်ကွင်းလယ်လူ အစ္စကိုအား မန်စီးတီး ပစ်မှတ်ထား

အင်္ဂလန်ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းသည် လာမည့် ဘောလုံးရာသီတွင် အသင်း၏တိုက်စစ်ပိုင်းကို အားဖြည့်ရန်အတွက် ရီးယဲလ်မက်ဒရစ်အသင်း၏ စပိန် ကွင်းလယ်လူ အစ္စကို အားခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် ရီးယဲလ်မက်ဒရစ်အသင်းမှာ နာမည်ကျော် ကွင်းလယ်ကစားသမားများဖြစ်ကြသည့် တိုနီခရူးစ်နှင့် ဂျိမ်းရိုဒရီဂွက်ဇ်တို့အား ပေါင်သန်း ၉၀ ကျော်သုံးစွဲကာ ခေါ်ယူထားခဲ့ပြီး အစ္စကိုမှာ ပုံမှန်နေရာရရှိရန် မသေချာသည့်အတွက် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေကြောင်း ၎င်း၏ အေးဂျင့်ဖြစ်သူက ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ကြောင့် မန်စီးတီး နည်းပြဖြစ်သူ ပယ်လီဂရီနီမှာ မာလာဂါအသင်းတွင် အတူလက်တွဲခဲ့ဖူးသည့် အစ္စကို အားခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး မကြာမီအချိန်တွင် ရီးယဲလ်အသင်းထံ တရားဝင် ကမ်းလှမ်းသွားနိုင်ဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ ကြသည်။ အစ္စကိုမှာ စပိန်ကလပ် မာလာဂါ အသင်းမှ ရီးယဲလ်မက်ဒရစ် အသင်းသို့ ပြီးခဲ့သည့်ဘောလုံးရာသီက ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ ဖြင့် ပြောင်းရွှေ့လာ ခဲ့သူဖြစ်သည်။

[ကိုရဲ]

ဒဂုံတက္ကသိုလ် ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

နိုင်ငံတကာအဆင့်မီ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်ထူးချွန်အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ဒဂုံတက္ကသိုလ်အားကစားဌာနမှ ကြီးမှူးကျင်းပသော ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဒဂုံတက္ကသိုလ်ဘာသာရပ်အလိုက် ကြက်တောင်ရိုက်(ကျား+မ) အားကစားပြိုင်ပွဲကို ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ ဒဂုံတက္ကသိုလ် မိုးလုံလေလုံအားကစားရုံ၌ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ဒဂုံတက္ကသိုလ်ဘာသာရပ်ဌာန ၁၄ ခုမှ ကျောင်းသားကျောင်းသူ ၁၄၀ ဝင်ရောက်ယှဉ်ပြိုင် ခဲ့ပြီး အသင်းလိုက်ပထမတံခွန်စိုက်ဆုကို အင်္ဂလိပ်စာဌာနအသင်းမှ(အမျိုးသား၊ အမျိုးသမီး)နှစ်ဖွဲ့စလုံးမှရရှိခဲ့ပြီး အမျိုးသားတံခွန်စိုက် ဒုတိယဆုကို ကွန်ပျူတာသိပ္ပံအသင်း၊ တတိယဆုကို ဓာတုဗေဒအသင်းနှင့် အမျိုးသမီးတံခွန်စိုက် ဒုတိယဆုကို ဓာတုဗေဒအသင်းနှင့် တတိယဆုကို ရုက္ခဗေဒအသင်းတို့မှရရှိခဲ့ကြသည်။ ဆုရရှိသူများအား ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဦးလှဒွေးက ဆုများချီးမြှင့်ခဲ့ကြောင်းသိရသည်။ (အပေါ်ပုံ)

[သီသီမင်း]

နိုင်ငံတော်သမ္မတ၏ပညာတော်သင်ဆု(ဘွဲ့လွန်တန်း)လျှောက်လွှာခေါ်ယူခြင်း

၁။ နိုင်ငံတော်၏ ဖွံ့ဖြိုးရေးနှင့်တည်ဆောက်ရေးတွင် ကမ္ဘာပေါ်ထွန်းမှု ပူပေါင်းပါဝင်နိုင်သည့် နိုင်ငံတကာစံချိန်မီသော ပညာတတ် လူငယ်များ မွေးထုတ်ပေးရန်၊ ထူးချွန်ထက်မြက်သော မြန်မာနိုင်ငံသား လူငယ်များအတွက် ရေရှည်အကျိုးရှိမည့် လက်တွေ့ကျသော ပညာရေးအခွင့်အလမ်းများ ရရှိစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ပညာရပ်များကို နိုင်ငံတကာတက္ကသိုလ် များတွင် လူငယ်များ လေ့လာသင်ကြားခွင့် ရရှိစေရန် ရည်ရွယ်ပြီး နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ပေးအပ်ချီးမြှင့်သွား မည်ဖြစ်ပါသည်။

၂။ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု(ဘွဲ့လွန်တန်း)အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက် ထားနိုင်ပါသည်-

(က) မြန်မာနိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသည့် မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) မဟာတန်းပညာတော်သင်ဆုအတွက် တက္ကသိုလ်ဂုဏ်ထူးတန်း/ မဟာအရည်အချင်းစစ်သင်တန်း/ ဘွဲ့လွန်ဒီပလိုမာ တန်းအောင်မြင်ပြီး မဟာတန်းတက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။

(ဂ) ပါရဂူတန်း ပညာတော်သင်ဆုအတွက် မဟာတန်းအောင်မြင်ပြီးသူ (သို့မဟုတ်) မဟာသုတေသနဘွဲ့ ရရှိပြီးသူ ဖြစ်ရမည်။

မှတ်ချက်။ ။ ဘွဲ့လက်မှတ်၊ ရရှိခဲ့သော စာမေးပွဲရမှတ်များနှင့် သင်ယူခဲ့သော ဘာသာရပ်များကို ပူးတွဲတင်ပြရမည်။ အခြားသောစာမေးပွဲ (ဥပမာ- TOEFL/IELTS/SAT အစရှိသည်)တို့ကို ဖြေဆိုထားပါကလည်း ဖြည့်စွက်တင်ပြနိုင်သည်။

(ဃ) ကျန်းမာရေးပြည့်စုံကောင်းမွန်သူဖြစ်ရမည်။

(င) ပြစ်မှုကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(စ) အိမ်ထောင်မရှိသူ (လူပျို/အပျို) ဖြစ်ရမည်။

(ဆ) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

(ဇ) နိုင်ငံခြားမှ ဘွဲ့ရရှိပြီးပြန်လာသောအခါ နိုင်ငံတော်မှပေးအပ်သောအလုပ်တာဝန်ကို ပညာတော်သင်ကာလ၏ (၂)ဆတိုင်အောင် တာဝန်ထမ်းဆောင်မည်ဟု စာချုပ်ချုပ်ဆိုနိုင်သူဖြစ်ရမည်။ ထိုသို့ထမ်းဆောင်ခြင်းမပြုနိုင်ပါက ပညာတော်သင် ကုန်ကျ စရိတ်၏(၃)ဆ ပြန်လည်ပေးလျော်ရမည်။

၃။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များရှိကျောင်းသားရေးရာဌာနတွင် အခမဲ့ရယူပြီး ပြည့်စုံအောင် ဖြည့်စွက်၍ လျှောက်လွှာရယူခဲ့သည့်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်သို့ ၃၁-၈-၂၀၁၄ ရက် နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်။

၄။ လျှောက်ထားသူများအနက် ပဏာမအဆင့် ရွေးချယ်ခံရသူများစာရင်းကို နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာ ပေးသွားမည်ဖြစ်ပြီး လိုအပ်သည့်ပွင့်လင်းမြင်သာသောအကဲဖြတ်စိစစ်ဆေးမှုများ အဆင့်ဆင့်ဆောင်ရွက်၍ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုကို ပြင်ပပညာရှင်များ ပါဝင်ဖွဲ့စည်းထားသောကော်မတီက အပြီးသတ်စိစစ်ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၅။ စုံစမ်းမေးမြန်းလိုပါက ပညာရေးဝန်ကြီးဌာန တယ်လီဖုန်းအမှတ် ၀၆၇-၄၀၇၁၁၃/၀၆၇-၄၀၇၅၁၈/၀၆၇-၄၀၇၅၃၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

နိုင်ငံတော်သမ္မတ၏ပညာတော်သင်ဆု(ဘွဲ့ကြိုတန်း)လျှောက်လွှာခေါ်ယူခြင်း

၁။ နိုင်ငံတော်၏ဖွံ့ဖြိုးရေးနှင့်တည်ဆောက်ရေးတွင် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းပါဝင်နိုင်သည့် နိုင်ငံတကာစံချိန်မီသော ပညာတတ်လူငယ်များ မွေးထုတ်ပေးရန်၊ ထူးချွန်ထက်မြက်သော မြန်မာနိုင်ငံသားလူငယ်များအတွက် ရေရှည်အကျိုးရှိမည့် လက်တွေ့ကျသော ပညာရေးအခွင့်အလမ်းများရရှိစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ပညာရပ်များကို နိုင်ငံတကာတက္ကသိုလ်များတွင် လူငယ်များလေ့လာသင်ကြားခွင့်ရရှိစေရန် ရည်ရွယ်၍ နိုင်ငံတော်သမ္မတ၏ပညာတော်သင်ဆု ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၂။ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု(ဘွဲ့ကြိုတန်း)အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) မြန်မာနိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသည့် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပညာသင်ဆု လျှောက်လွှာပိတ်ရက်တွင် အသက်(၁၆)နှစ်အောက် မငယ်ရ (၂၀)နှစ်ထက် မကြီးရ၊

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲရမှတ်(၅၀၀)မှတ်နှင့် အထက်ရရှိသူဖြစ်ရမည်။ (သို့မဟုတ်) GCE "A" Level အောင်မြင်ပြီးသူဖြစ်ရမည်။ (သို့မဟုတ်) နိုင်ငံတကာတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ တစ်ခုခုအောင်မြင်ပြီးသူ ဖြစ်ရမည်။
မှတ်ချက်-အထက်ပါ စာမေးပွဲအောင်လက်မှတ်ရရှိခဲ့သော စာမေးပွဲရမှတ်များနှင့် သင်ယူခဲ့သော ဘာသာရပ်များကို ပူးတွဲတင်ပြရမည်။ အခြားသောစာမေးပွဲ (ဥပမာ- TOEFL/IELTS/SAT အစရှိသည့်)တို့ကို ဖြေဆိုထားပါကလည်း ဖြည့်စွက်တင်ပြနိုင်သည်။

(ဃ) ကျန်းမာရေးပြည့်စုံကောင်းမွန်သူ ဖြစ်ရမည်။

(င) ဖြစ်မှုကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(စ) အိမ်ထောင်မရှိသူ (လူပျို/အပျို) ဖြစ်ရမည်။

(ဆ) နိုင်ငံခြားမှ ဘွဲ့ရရှိပြီး ပြန်လာသောအခါ နိုင်ငံတော်မှ ပေးအပ်သော အလုပ်တာဝန်ကို ပညာတော်သင်ကာလ၏ (၂)ဆတိုင်အောင် တာဝန်ထမ်းဆောင်မည်ဟု ကတိချုပ်ချုပ်ဆိုနိုင်သူဖြစ်ရမည်။ ထိုသို့ ထမ်းဆောင်ခြင်းမပြုနိုင်ပါက ပညာတော်သင်ကုန်ကျစရိတ်၏ (၃)ဆပြန်လည်ပေးလျော်ရမည်။

၃။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များရှိ ကျောင်းသားရေးရာဌာနတွင် အခမဲ့ရယူပြီး ပြည့်စုံအောင်ဖြည့်စွက်၍ လျှောက်လွှာရယူခဲ့သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်သို့ ၃၀-၈-၂၀၁၄ ရက် နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်။

၄။ လျှောက်ထားသူများအနက် ပဏာမအဆင့် ရွေးချယ်ခံရသူများစာရင်းကို နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပြီး လိုအပ်သည့်ပွင့်လင်းမြင်သာသော အကဲဖြတ်စစ်ဆေးမှုများ အဆင့်ဆင့်ဆောင်ရွက်၍ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုကို ဖြစ်ပပညာရှင်များပါဝင်ဖွဲ့စည်းထားသော ကော်မတီက အပြီးသတ်စိစစ်ရွေးချယ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၅။ စုံစမ်းမေးမြန်းလိုပါက ပညာရေးဝန်ကြီးဌာန၊ တယ်လီဖုန်းအမှတ်-၀၆၇-၄၀၇၁၁၃/၀၆၇-၄၀၇၅၁၈/၀၆၇-၄၀၇၅၇၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေကြမ်း

(ယမန်နေ့မှအဆက်)

၂၄။ ကောင်စီသည်-
(က) ပုဒ်မ ၂၃ အရ လျှောက်ထားချက်ကို စိစစ်ပြီး ကန့်သတ်လိုင်စင် ထုတ်ပေးရန်ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။
(ခ) ပုဒ်မခွဲ (က) အရ ကန့်သတ်လိုင်စင် ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ သက်ဆိုင်ရာ သူနာပြုကန့်သတ်လိုင်စင်၊ သားဖွားကန့်သတ်လိုင်စင် သို့မဟုတ် သူနာပြု-သားဖွားကန့်သတ်လိုင်စင် ထုတ်ပေးရမည်။

၂၅။ (က) လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့်အမိန့် ချမှတ်ခြင်းခံရသူသည် သတ်မှတ်ထားသော လိုအပ်ချက်များနှင့် အညီ ဆောင်ရွက်၍ လိုင်စင်ကို ပြန်လည်ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားနိုင်သည်။
(ခ) ကောင်စီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးခြင်း၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။
(ဂ) ပုဒ်မခွဲ(ခ)အရ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ကြေးပေးသွင်းစေပြီး လိုအပ်သော အထောက်အထားများ ပြည့်စုံပါက သက်ဆိုင်ရာ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရမည်။

၂၆။ သက်ဆိုင်ရာလိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် သူနာပြု အတတ်ပညာဖြင့် ဖြစ်စေ၊ သားဖွားအတတ်ပညာဖြင့်ဖြစ်စေ၊ သူနာပြု-သားဖွား အတတ်ပညာဖြင့်ဖြစ်စေ ဆက်လက်လုပ်ကိုင်လိုပါက ထိုသက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၇။ ကောင်စီသည်-
(က) ပုဒ်မ ၂၆ အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။
(ခ) ပုဒ်မခွဲ(က)အရ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်သက်တမ်းတိုးမြှင့်ကြေးကို ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ သက်ဆိုင်ရာ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရမည်။

၂၈။ ကောင်စီသည်-
(က) လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင် ရရှိသူက ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖြစ်စေ၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖြစ်စေ၊ ဖောက်ဖျက်ကြောင်း တွေ့ရှိပါက ထိုသူအား လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။
(ခ) ပုဒ်မခွဲ(က)အရ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူက လိုင်စင် သို့မဟုတ်ကန့်သတ်လိုင်စင်ကို ထုတ်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင် ပြန်လည်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။
(ဂ) ပုဒ်မခွဲ(ခ)အရ လိုင်စင်ပြန်လည်ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ကြေးကို ပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပြန်လည်ထုတ်ပေးရမည်။

အခန်း (၈)
သူနာပြုလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၂၉။ သူနာပြုလိုင်စင်ရရှိသူသည် -
(က) သူနာပြုလိုင်စင်ပါ သက်တမ်းအတွင်း သူနာပြုအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည်။
(ခ) သူနာပြုလိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။
(ဂ) သူနာပြုလိုင်စင်သက်တမ်းကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။
(ဃ) သူနာပြုအဖြစ် မှတ်ပုံတင်ပြီးနောက်ဖြစ်စေ၊ သူနာပြုလိုင်စင် ရရှိပြီးနောက်ဖြစ်စေ၊ ပြည်တွင်းမှသော်လည်းကောင်း၊ ပြည်ပမှ သော်လည်းကောင်း သူနာပြုနှင့်စပ်လျဉ်း၍ ဘွဲ့ဒီဂရီ၊ ဒီပလိုမာ၊ လက်မှတ် စသည်တို့ကို ထပ်ဆင့်ရရှိသည့်အခါ ကောင်စီသို့ မှတ်တမ်းတင်ပေးရန် တင်ပြရမည်။
(င) သူနာပြုကျင့်ဝတ်သိက္ခာများကို ထိန်းသိမ်းစောင့်စည်းရမည့်အပြင် သူနာပြု၏ သိက္ခာကို ထိခိုက်စေမည့် အပြုအမူ၊ အပြောအဆို၊ အနေအထိုင်များကိုလည်း ရှောင်ကြဉ်ရမည်။
(စ) ပေးဆောင်ရန် သတ်မှတ်ထားသော မှတ်ပုံတင်ကြေးနှင့် လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေးတို့ကို ပေးဆောင်ရမည်။
(ဆ) ကျွမ်းကျင်မှုနှင့် ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ဝတ်စုံနှင့် အဆောင်အယောင်များကို သုံးစွဲခွင့်ရှိသည်။
(ဇ) သူနာပြုလုပ်ငန်းကို သူနာပြုအတတ်ပညာဖြင့် မှန်ကန်စွာအသုံးချ၍ ပြည်သူလူထု၏ ကျန်းမာရေးကို ထိရောက်စွာ ပြုစုစောင့်ရှောက်ရမည်။
(ဈ) သူနာပြုလိုင်စင်ကို ဤဥပဒေအရ ကောင်စီ၏ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်အရ လည်းကောင်း၊ ထိုအမိန့်ကို အယူခံပါက ကျန်းမာရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်အရလည်းကောင်း ပယ်ဖျက်ခြင်းခံရပါက ထိုသူနာပြုလိုင်စင်ကို ကောင်စီသို့ အဆိုပါ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့် နေ့မှစ၍ ၁၅ ရက်အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရမည်။
(ည) သူနာပြုလိုင်စင်နှင့် စပ်လျဉ်း၍ ကောင်စီက ပုဒ်မ ၃၃ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်ပါက ထိုအမိန့်ကို ဤဥပဒေ အခန်း (၁၃) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အယူခံခွင့်ရှိသည်။
(ဋ) ကောင်စီက အခါအားလျော်စွာ သတ်မှတ်ထားသော တာဝန်များ ထမ်းဆောင်ပြီး သူနာပြု လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

အခန်း (၉)
သားဖွားလိုင်စင် ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၃၀။ သားဖွားလိုင်စင်ရရှိသူသည်-
(က) သားဖွား လိုင်စင်ပါ သက်တမ်းအတွင်း သားဖွားအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ခွင့်ရှိသည်။
(ခ) သားဖွားလိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။
(ဂ) သားဖွားလိုင်စင် သက်တမ်းကုန်ဆုံးပါက ဆက်လက် လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။
(ဃ) သားဖွားအဖြစ် မှတ်ပုံတင်ပြီးနောက်ဖြစ်စေ၊ သားဖွား လိုင်စင် ရရှိပြီးနောက် ဖြစ်စေ ပြည်တွင်းမှသော်လည်းကောင်း၊ ပြည်ပမှ သော်လည်းကောင်း၊ သားဖွားနှင့်စပ်လျဉ်း၍ ဘွဲ့ဒီဂရီ၊ ဒီပလိုမာ၊ လက်မှတ် စသည်တို့ကို ထပ်ဆင့်ရရှိသည့်အခါ ကောင်စီသို့ မှတ်တမ်းတင်ပေးရန် တင်ပြရမည်။
(င) သူနာပြုသင်တန်း တက်ရောက် အောင်မြင်ပြီးပါက သားဖွားလိုင်စင်ကို ပြန်လည်အပ်နှံပြီး သူနာပြု-သားဖွားမှတ်ပုံတင်နှင့် လိုင်စင်ကို လျှောက်ထားနိုင်သည်။
(စ) သားဖွား ကျင့်ဝတ်သိက္ခာများကို ထိန်းသိမ်းစောင့်စည်းရမည့်အပြင် သားဖွား၏ သိက္ခာကို ထိခိုက်စေမည့် အပြုအမူ၊ အပြောအဆို၊ အနေအထိုင်များကိုလည်း ရှောင်ကြဉ်ရမည်။
(ဆ) ပေးဆောင်ရန် သတ်မှတ်ထားသော မှတ်ပုံတင်ကြေးနှင့် လိုင်စင်ကြေး၊ လိုင်စင်သက်တမ်း တိုးမြှင့်ကြေး တို့ကို ပေးဆောင်ရမည်။
(ဇ) ကျွမ်းကျင်မှုနှင့် ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ဝတ်စုံနှင့် အဆောင်အယောင်များကို သုံးစွဲခွင့် ရှိသည်။
(ဈ) သားဖွားလုပ်ငန်းကို သားဖွားအတတ်ပညာဖြင့် မှန်ကန်စွာ အသုံးချ၍ မိခင်နှင့်ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ထိရောက်စွာ ပြုစုစောင့်ရှောက်ရမည်။
(ည) သားဖွားလိုင်စင်ကို ဤဥပဒေအရ ကောင်စီ၏ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် အရလည်းကောင်း၊ ထိုအမိန့်ကို အယူခံပါက ကျန်းမာရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်အရ လည်းကောင်း ပယ်ဖျက်ခြင်းခံရပါက ထိုသားဖွားလိုင်စင်ကို ကောင်စီသို့ အဆိုပါ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့် နေ့မှစ၍ ၁၅ ရက်အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရမည်။
(ဋ) သားဖွားလိုင်စင်နှင့် စပ်လျဉ်း၍ ကောင်စီက ပုဒ်မ ၃၃ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်ပါက ထိုအမိန့်ကို ဤဥပဒေ အခန်း(၁၃)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အယူခံခွင့်ရှိသည်။
(ဌ) ကောင်စီက အခါအားလျော်စွာ သတ်မှတ်ထားသော တာဝန်များ ထမ်းဆောင်ပြီး သားဖွားလုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

အခန်း (၁၀)
သူနာပြု-သာဖွားလိုင်စင် ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၃၁။ သူနာပြု-သားဖွားလိုင်စင်ရရှိသူသည်-
(က) သူနာပြု-သားဖွားလိုင်စင်ပါ သက်တမ်းအတွင်း သူနာပြုနှင့် သားဖွားအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည်။
(ခ) သူနာပြု-သားဖွား လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။
(ဂ) သူနာပြု-သားဖွား သက်တမ်းကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။
(ဃ) သူနာပြု-သားဖွား မှတ်ပုံတင်ပြီးနောက် ဖြစ်စေ၊ သူနာပြု- သားဖွား ရရှိပြီးနောက် ဖြစ်စေ၊ ပြည်တွင်းမှ သော်လည်းကောင်း၊ ပြည်ပမှ သော်လည်းကောင်း၊ သူနာပြု-သားဖွားနှင့်စပ်လျဉ်း၍ ဘွဲ့ဒီဂရီ၊ ဒီပလိုမာ လက်မှတ် စသည်တို့ကို ထပ်ဆင့်ရရှိသည့်အခါ ကောင်စီသို့ မှတ်တမ်းတင်ပေးရန် တင်ပြရမည်။
(င) သူနာပြု-သားဖွားတို့၏ ကျင့်ဝတ်သိက္ခာများကို ထိန်းသိမ်းစောင့်စည်းရမည့်အပြင် သူနာပြုနှင့်သားဖွားတို့၏ သိက္ခာကို ထိခိုက်စေမည့် အပြုအမူ၊ အပြောအဆို၊ အနေအထိုင်များကိုလည်း ရှောင်ကြဉ်ရမည်။
(စ) ပေးဆောင်ရန် သတ်မှတ်ထားသော မှတ်ပုံတင်ကြေးနှင့် လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေးတို့ကို ပေးဆောင်ရမည်။
(ဆ) ကျွမ်းကျင်မှုနှင့် ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ဝတ်စုံနှင့် အဆောင်အယောင်များကို သုံးစွဲခွင့်ရှိသည်။
(ဇ) သူနာပြု-သားဖွား လုပ်ငန်းကို သူနာပြုနှင့်သားဖွား အတတ်ပညာဖြင့် မှန်ကန်စွာ အသုံးချ၍ ပြည်သူလူထု၏ ကျန်းမာရေးကို ထိရောက်စွာ ပြုစုစောင့်ရှောက်ရမည်။
(ဈ) သူနာပြု-သားဖွားလိုင်စင်ကို ဤဥပဒေအရ ကောင်စီ၏ စီမံခန့်ခွဲရေးဆိုင်ရာအမိန့် တစ်ရပ်ရပ်အရ လည်းကောင်း၊ ထိုအမိန့်ကို အယူခံပါက ကျန်းမာရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်အရ လည်းကောင်း၊ ပယ်ဖျက်ခြင်းခံရပါက ထိုသူနာပြု-သားဖွားလိုင်စင်ကို ကောင်စီသို့ အဆိုပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့် နေ့မှစ၍ ၁၅ ရက်အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရမည်။
(ည) သူနာပြု-သားဖွား လိုင်စင်နှင့်စပ်လျဉ်း၍ ကောင်စီက ပုဒ်မ ၃၃ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်ပါက ထိုအမိန့်ကို ဤဥပဒေ အခန်း(၁၃)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အယူခံခွင့်ရှိသည်။
(ဋ) ကောင်စီက အခါအားလျော်စွာ သတ်မှတ်ထားသော တာဝန်များ ထမ်းဆောင်ပြီး သူနာပြု-သားဖွား လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

အခန်း (၁၁)
ကန့်သတ်လိုင်စင်ရရှိသူများ၏တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၃၂။ (က) သူနာပြုကန့်သတ်လိုင်စင်ရရှိသူသည် ဤဥပဒေအခန်း(၈)ပါ သူနာပြုလိုင်စင် ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များကို လည်းကောင်း၊ သားဖွားကန့်သတ်လိုင်စင်ရရှိသူသည် ဤဥပဒေ အခန်း(၉)ပါ သားဖွားလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ခွင့်များကို လည်းကောင်း ဆီလျော်သမျှ လိုက်နာဆောင်ရွက်ရမည်။
(ခ) သူနာပြု-သားဖွား ကန့်သတ်လိုင်စင်ရရှိသူသည် ဤဥပဒေ အခန်း (၁၀)ပါ သူနာပြု-သားဖွားလိုင်စင် ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များကို ဆီလျော်သမျှ လိုက်နာဆောင်ရွက်ရမည်။

အခန်း (၁၂)
စီမံခန့်ခွဲရေးအမိန့် ချမှတ်ခြင်း

၃၃။ ကောင်စီသည်-
(က) လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင် ရရှိသူက ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်စည်းကမ်းချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း တမင်ဖောက်ဖျက်ကြောင်း တွေ့ရှိပါက ထိုသူအား အောက်ပါ စီမံခန့်ခွဲရေးအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-
(၁) သတိပေးခြင်း၊
(၂) သတ်မှတ်ထားသော ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊
(၃) ကာလအကန့်အသတ်ဖြင့် လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ယာယီရပ်ဆိုင်းခြင်း၊
(၄) မှတ်ပုံတင်နှင့် လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ပယ်ဖျက်ခြင်း။
(ခ) လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင် ရရှိသူက ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် ကောင်စီက သတ်မှတ်ထားသည့် အခြား ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက ထိုသူ၏ မှတ်ပုံတင်နှင့် လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပယ်ဖျက်သည့် စီမံခန့်ခွဲရေးအမိန့် ချမှတ်နိုင်သည်။

အခန်း (၁၃)
အယူခံခြင်း

၃၄။ ကောင်စီက ချမှတ်သည့် အောက်ပါအမိန့်၊ ဆုံးဖြတ်ချက် သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းချမှတ်သော အမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကျန်းမာရေးဝန်ကြီးဌာနသို့ အယူခံနိုင်သည်-
(က) ပြည်တွင်း ပြည်ပရှိ သူနာပြု - သားဖွား အတတ်ပညာသင်ကျောင်း တစ်ခုခုက အပ်နှင်းသည့် ဘွဲ့ဒီဂရီ၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို အရည်အချင်းစစ်ဆေးပြီး အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊
(ခ) မှတ်ပုံတင်ရန် ဆိုင်းငံ့သည့် သို့မဟုတ် ငြင်းပယ်သည့်အမိန့်၊
(ဂ) လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန် သို့မဟုတ် သက်တမ်း တိုးမြှင့်ပေးရန် ဆိုင်းငံ့သည့် သို့မဟုတ် ငြင်းပယ်သည့် အမိန့်၊
(ဃ) မှတ်ပုံတင်ရန်ဖြစ်စေ၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန် ဖြစ်စေ ဆိုင်းငံ့သည့် သို့မဟုတ် ငြင်းပယ်သည့် အမိန့်ကို ပယ်ဖျက်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရန် ဖြစ်စေ၊ လိုင်စင်သို့မဟုတ် ကန့်သတ်လိုင်စင်ထုတ်ပေးရန် ဖြစ်စေ ပြန်လည် လျှောက်ထားချက်ကို ဆိုင်းငံ့သည့် သို့မဟုတ် ငြင်းပယ်သည့်အမိန့်၊
(င) ပုဒ်မ ၃၃ အရ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ရသူအား ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်။

၃၅။ ပုဒ်မ ၃၄ အရ အယူခံမှုတွင် ကျန်းမာရေးဝန်ကြီးဌာနသည် ကောင်စီက ချမှတ်သည့် အမိန့်တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၆။ ပုဒ်မ ၃၅ အရ ချမှတ်သော ကျန်းမာရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

စာမျက်နှာ ၁၆ သို့ ❖

❖ စာမျက်နှာ ၁၅ မှ

အခန်း (၁၄)
ပုဂ္ဂလိက သူနာပြု-သားဖွား အတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခြင်း

၃၇။ ပုဂ္ဂလိက သူနာပြု-သားဖွား အတတ်ပညာသင်ကျောင်း တစ်မျိုးမျိုးကို တည်ထောင်ဖွင့်လှစ်သင်ကြားလိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် ကျန်းမာရေးဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၃၈။ (က) ကျန်းမာရေးဝန်ကြီးဌာနသည် ပုဒ်မ ၃၇ အရ လျှောက်ထားချက်ကို စိစစ်ပြီးအဆိုပါပုဂ္ဂလိက သူနာပြု-သာဖွား အတတ်ပညာသင်ကျောင်းအား အသိအမှတ်ပြုနိုင်ခြင်း ရှိ မရှိ ကောင်စီ၏ သဘောထားမှတ်ချက်နှင့် အသိအမှတ်ပြုလက်မှတ်တို့ကို တောင်းခံစေရမည်။

(ခ) ပုဂ္ဂလိက သူနာပြု-သားဖွား အတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့် လုပ်ငန်းလိုင်စင်နှင့် အသိအမှတ်ပြုလက်မှတ်ရရှိလိုသူသည် သူနာပြုအတတ်ပညာနှင့် သားဖွားအတတ်ပညာဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် အညီရေးဆွဲ၍ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရန် သတ်မှတ်ထားသော ဝန်ဆောင်ခပေးသွင်းပြီး ကောင်စီသို့ တင်ပြရမည်။

(ဂ) ကောင်စီသည် ပုဒ်မခွဲ (ခ) ပါ တင်ပြချက်အရ ပုဂ္ဂလိက သူနာပြု-သားဖွား အတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့် လုပ်ငန်းလိုင်စင် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စိစစ်ပြီး ခွင့်ပြုရန် သင့် မသင့် သဘောထားမှတ်ချက်ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် လျှောက်ထားသူထံသို့ ပြန်ကြားရမည်။ ခွင့်ပြုသင့်ပါက အသိအမှတ်ပြုခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည်။

၃၉။ ကျန်းမာရေးဝန်ကြီးဌာနသည် ပုဒ်မ ၃၈၊ ပုဒ်မခွဲ (ဂ) အရ ကောင်စီက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးပါက ပုဂ္ဂလိက သူနာပြု-သားဖွား အတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့်ပြုပြီး လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၄၀။ ပုဂ္ဂလိက သူနာပြု-သားဖွား အတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့် လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) လေ့ကျင့်သင်ကြားရေးအတွက် လိုအပ်ချက်များ၊ သင်ကြားသည့် သင်ရိုးညွှန်းတမ်းများ၊ ကျောင်းဝင်ခွင့်အရည်အချင်းများ၊ သင်ကြားမှုစနစ်များ၊ သင်ကြားပို့ချသူများ၏ အရည်အချင်းများ၊ သင်ကြားရေးအထောက်အကူပြု ပစ္စည်းကိရိယာများနှင့် စာမေးပွဲစစ်ဆေးကျင်းပမှုများ စသည်တို့နှင့် စပ်လျဉ်း၍ ကောင်စီ၏ တာဝန်ပေးအပ်ချက်အရ စစ်ဆေးရေးမှူးများနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ အခါအားလျော်စွာ စစ်ဆေးမှုကိုခံယူပြီး လိုအပ်သော အကူအညီများ ပေးရမည်။

(ဂ) လေ့ကျင့်သင်ကြားမှု အခြေအနေကိုလည်းကောင်း၊ သူနာပြု-သားဖွားများ အရည်အသွေးနှင့် အဆင့်အတန်း တိုးတက်မြှင့်မားရေးအတွက် ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ အစီရင်ခံရမည်။

(ဃ) လေ့ကျင့်သင်ကြားရေးနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကောင်စီတို့၏ အခါအားလျော်စွာ ညွှန်ကြားချက်ကို လိုက်နာရမည်။

အခန်း (၁၅)
တားမြစ်ချက်နှင့်ပြစ်ဒဏ်များ

၄၁။ မည်သူမျှ ဤဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပေးသော လုပ်ငန်းလိုင်စင်နှင့် ကောင်စီက ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုဂ္ဂလိက သူနာပြု-သားဖွားအတတ်ပညာသင်ကျောင်း တစ်မျိုးမျိုးကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

၄၂။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသော လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်မရှိဘဲ သူနာပြုလုပ်ငန်း၊ သားဖွားလုပ်ငန်း သို့မဟုတ် သူနာပြု-သားဖွားလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၄၃။ မည်သူမျှ လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင် ရရှိသူမဟုတ်ဘဲ ကောင်စီက ကျွမ်းကျင်မှုနှင့်အဆင့်အလိုက် သတ်မှတ်ထားသော သို့မဟုတ် အတည်ပြုထားသော သူနာပြု၊ သားဖွား သို့မဟုတ် သူနာပြု-သားဖွား၏ ဝတ်စုံနှင့် အဆောင်အယောင်များကို ဝတ်ဆင်ခြင်း၊ သုံးစွဲခြင်း သို့မဟုတ် တပ်ဆင်ခြင်းမပြုရ။

၄၄။ မည်သည့် လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင် ရရှိသူမျှ-

(က) မိမိ၏ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေးခြင်း၊ လုပ်ငန်းလုပ်ကိုင်စေခြင်း သို့မဟုတ် အသုံးပြုစေခြင်း မပြုရ။

(ခ) လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပယ်ဖျက်သည့်အမိန့် သို့မဟုတ် ဆိုင်းငံ့ထားသည့်အမိန့် ချမှတ်ခြင်းခံရပါက ဤဥပဒေနှင့်အညီ ကောင်စီသို့ အဆိုပါအမိန့် သို့မဟုတ် ဆိုင်းငံ့ထားသည့်အမိန့် ချမှတ်သည့် နေ့မှစ၍ ၁၅ ရက်အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်းမရှိစေရ။

၄၅။ မည်သူမျှ သူနာပြု၊ သားဖွား သို့မဟုတ် သူနာပြု-သားဖွား၏ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ မရိုးမဖြောင့်သောသဘောဖြင့် ပြုမူမှု၊ ပြောဆိုမှု၊ ရေးသားမှု၊ ဖော်ပြမှု၊ သရုပ်ဆောင်မှု သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထုတ်ဖော်ပြသမှု မပြုရ။

၄၆။ မည်သူမဆို ပုဒ်မ ၄၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ချမှတ်ရမည်။

၄၇။ မည်သူမဆို-

(က) ပုဒ်မ ၄၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ် တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

(ခ) ပုဒ်မ ၄၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး သူနာပြု သို့မဟုတ် သားဖွား အလုပ်ကို ပြုလုပ်ရာ၌ သူတစ်ဦးဦး သေဆုံးစေခြင်း သို့မဟုတ် ပြင်းထန်သော ဒဏ်ရာရရှိစေခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၄၈။ မည်သူမဆို ပုဒ်မ ၄၃ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး သုံးလမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

၄၉။ မည်သည့် လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင် ရရှိသူမဆို ပုဒ်မ ၄၄ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး သုံးလမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၀။ မည်သူမဆို ပုဒ်မ ၄၅ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အခန်း (၁၆)
ဘဏ္ဍာရေး

၅၁။ ကောင်စီသည်-

(က) ကောင်စီ ရန်ပုံငွေကို အောက်ပါ ရငွေများဖြင့် ထူထောင်ရမည်-

(၁) ဤဥပဒေအရ ပေးသွင်းသော မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ ဒဏ်ကြေး၊ ဝန်ဆောင်ခနှင့် အခြားအခကြေးငွေများ၊

(၂) ပြည်တွင်း ပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊

(ခ) ပုဒ်မခွဲ(က)ထူထောင်သည့် ရန်ပုံငွေဖြင့် ရပ်တည်နိုင်ရန် ကြိုးပမ်းရမည်။

(ဂ) လတ်တလောအသုံးပြုရန် မလိုအပ်သည့် ရန်ပုံငွေကို တိုးပွားစေရန် ငွေစုဘဏ်တွင် အပ်နှံစုဆောင်းနိုင်သည်။

(ဃ) ကောင်စီပိုင်ရုံးနှင့် စာမေးပွဲခန်းမ၊ သင်တန်းနှင့် လက်တွေ့လေ့ကျင့်သရုပ်ပြခန်းများ၊ အစည်းအဝေးခန်းမ၊ အဆောင်များအတွက်လိုအပ်သောမြေနှင့် အဆောက်အအုံတို့၏ကုန်ကျစရိတ်ကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှနိုင်ငံတော်အစိုးရ၏ ထည့်ဝင်မှုအနေဖြင့် ထောက်ပံ့နိုင်ပါကထောက်ပံ့နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့်ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြတောင်း ခံနိုင်သည်။

၅၂။ ကောင်စီသည် ရန်ပုံငွေ ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲသတ်မှတ်ပြီး လိုက်နာဆောင်ရွက်ရမည်။

အခန်း (၁၇)
အထွေထွေ

၅၃။ ကောင်စီသည် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့် ကောင်စီပိုင်တံဆိပ်တစ်ခုရှိသော တရားဝင်အဖွဲ့ ဖြစ်သည်။ ယင်းအဖွဲ့အမည်ဖြင့် တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲခံနိုင်ခွင့်ရှိသည်။

၅၄။ ကောင်စီသည် ဤဥပဒေဖြင့် ရုပ်သိမ်းသည့် သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေအရ ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီပိုင် ရန်ပုံငွေများကို လည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ယင်းကောင်စီ၏ ဆောင်ရွက်ပြီးလုပ်ငန်းများနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန် တာဝန်များကိုလည်းကောင်း အသီးသီးဆက်ခံရမည်။

၅၅။ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်သည့် ကောင်စီဝင်များ၊ ကောင်စီကဖွဲ့စည်းသော အဖွဲ့အစည်း တစ်ရပ်ရပ်မှ အဖွဲ့ဝင်များနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များကို တရားမကြောင်းဖြင့် သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၅၆။ အစိုးရ ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကောင်စီကဖွဲ့စည်းသော အဖွဲ့အစည်းတစ်ရပ်ရပ်မှ အဖွဲ့ဝင်များနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များသည် ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၅၇။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၅၈။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေအရ ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင်တို့သည် ယင်းတို့၏ သက်တမ်းကုန်ဆုံးသည့်နေ့အထိ အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

၅၉။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေအရ ထုတ်ပြန်ခဲ့သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၆၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် ကောင်စီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆၁။ သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေ(အမှတ် ၁၉/၉၀)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်အတွက် ဖော်ပြခြင်းဖြစ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လိုအပ်သာ Transformer Oil (100) Drums ကို မြန်မာကျပ်ငွေ (Kyat) ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၂၈-၇-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက် - ၁၁-၈-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၅၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ဖက်စ်-၀၆၇-၄၃၁၁၈၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့်စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၂၈-၇-၂၀၁၄ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၃၁-၇-၂၀၁၄ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ဟားခါးမြို့တွင် ခရိုင်စီမံကိန်းဦးစီးရုံး၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်အတွက် စိတ်ဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများထဲမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များ
စတင်ထုတ်ယူမည့်ရက် - ၁၈-၇-၂၀၁၄
၃။ တင်ဒါနောက်ဆုံးတင်သွင်းရက် - ၁၅-၈-၂၀၁၄ရက်၊ ၁၆း၀၀ နာရီ
၄။ တင်ဒါဖွင့်မည့်ရက် ၂၃-၈-၂၀၁၄
၅။ တင်ဒါဖွင့်မည့်နေရာ - ပြည်နယ်စီမံကိန်းဦးစီးရုံး၊ ဟားခါးမြို့
၆။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ချင်းပြည်နယ်စီမံကိန်းဦးစီးရုံး၊ ဖုန်း-၀၇၀-၂၁၆၀၁ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ်-၉၀၄၊ မြေကွက်တည်နေရာအမှတ်(၉၀၄)၊ ဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) ဦးဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဝင်း တရားရုံးကိုယ်စား ဘီလစ် ဒေါ်လဲ့လဲ့ခိုင် [၁၃/တကန(နိုင်)၀၀၃၄၁၉]မှ တရားမကြီးမှုအမှတ်-၆၅/၁၄ (၅-၆-၁၄) နှင့် တရားမဇာရီမှုအမှတ်-၆၅/၁၄(၁၁-၆-၁၄)တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၊ မြေကွက်အမှတ်-၂၆၀/ခ၊ မြေကွက်တည်နေရာအမှတ်-၂၆၀/ခ၊ (၅)လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဒေါ်စိန်သွယ် အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်စိန်သွယ်နှင့် ဖခင် ဦးလှရွှေတို့ ကွယ်လွန်သဖြင့် (သား) ဦးဟန်ဝင်းအောင် (လူပျိုကြီးဘဝဖြင့်) အသီးသီး ကွယ်လွန်သဖြင့် ဒေါ်မာလာသွယ် [၁၂/ဥကတ(နိုင်)၀၉၃၂၀၄]၊ ဦးဘိုအောင် [၁၂/ဥကတ(နိုင်) ၁၆၉၇၄၉] ဦးအောင်ကျော်ကျော်ထွန်း [၁၂/ဥကတ(နိုင်)၁၃၁၉၁၈]တို့က သား၊ သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန်သာဈေး၊ အ.ထ.က(၁)လမ်းမကြီးဘေးဝဲယာတွင် စည်းကမ်းမဲ့ ယာဉ်ရပ်နားခြင်းကို ကြပ်မတ်ထိန်းသိမ်းပေးရန် ယင်းမြို့တွင်နေထိုင်သူဒေသခံများလိုလား

မကွေး၊ ဇူလိုင် ၂၇

မကွေးမြို့၊ ကန်သာဈေးကြီးသည် ဈေး၏တောင်ဘက်ဝင်ပေါက်ဖြစ်သော အ. ထ. က(၁)လမ်းမကြီး၏ ပလတ်ဖောင်းဘေးတွင် စက်ဘီး၊ ဆိုင်ကယ်များရပ်ထားခြင်း၊ ဆိုင်ခန်းများရှေ့တွင် ပိတ်၍ရပ်ခြင်း၊ ကားနှစ်စီးဘေးချင်းယှဉ်၍ စည်းကမ်းမဲ့ရပ်ထားခြင်းများနှင့် သုံးဘီးယာဉ်များ စည်းကမ်းမဲ့ အပြိုင်မောင်းနှင်မှုတို့ကြောင့် ယာဉ်အန္တရာယ်ကြီးမား၍ စိတ်အနှောင့်အယှက်ဖြစ်နေရကြောင်း သိရသည်။

အဆိုပါ ကန်သာဈေးကြီးသည် အ. ထ. က(၁) လမ်းမကြီးဘေး၊ ကန်သာရပ်ကွက်တွင်တည်ရှိပြီး ဒေသခံများ အထူးအားထားရသော ဈေးတစ်ခုဖြစ်ကာ သား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စုံလင်စွာဝယ်ယူရရှိနိုင်ပြီး ဈေးနှုန်းမှန်ကန်သောကြောင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ဈေးဝယ်ဈေးရောင်းတို့ဖြင့် နံနက်တိုင်း စည်ကားလျှက်ရှိပြီး ရောင်းသူဝယ်သူ အဆင်ပြေလှသည်။

"ဒီလမ်းမကြီးက ဥပုသ်အထွက်နေ့၊ ဈေးအဖိတ်နေ့၊ ကျောင်းဖွင့်ရက်၊ ရုံးဖွင့်ရက်တွေဆိုရင် မနက်တိုင်း အသွားအလာရှုပ်ထွေးတယ်။ ယာဉ်အန္တရာယ်ကြောင့် ရုံးသွားရုံးပြန် ဝန်ထမ်းတွေ၊ ကျောင်းသားလူငယ်တွေနဲ့ ဈေးဝယ်သူတွေအတွက် စိုးရိမ်စရာကောင်းတယ်။

"ဒီလို ရှုပ်ထွေးနေတဲ့နေရာမှာ ယာဉ်ထိန်းတစ်ယောက်တော့ ရှိနေသင့်တယ်။ သူတို့ရှိနေရင် စည်းကမ်းမဲ့ ယာဉ်ရပ်နားသူတွေကို ကြပ်မတ်ထိန်းသိမ်းနိုင်တာပေါ့။ အခုတော့ ဆိုင်ရှေ့မှာပိတ်ရပ်လို့ ကားလေးနည်းနည်းရွှေ့ပေးပါပြောရင် ဘုကြည့်ကြည့်ခံရတယ်။ မကြားတကြားနဲ့ မချေမငံပြန်ဆဲတာလည်းခံရတယ်"ဟု ကန်သာဈေး ဆိုင်ခန်းရှင်တစ်ဦးက ပြောပြသည်။

ကန်သာဈေးသည် ဒေသခံများ အထူးအားထားရသော ဈေးဖြစ်သည့်အပြင် မကွေးမြို့သို့ နိုင်ငံတကာခရီးသွားများ လာရောက်သည့်အခါ အဆိုပါဈေးကိုလည်း ဝင်ရောက်လေ့လာလေ့ရှိသည်။

ထို့ကြောင့် ဒေသခံများနှင့် ပြည်တွင်းပြည်ပခရီးသွားများ ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် ယာဉ်ရပ်နားရန် သီးသန့်နေရာများသတ်မှတ်ပေးပြီး အ. ထ. က(၁) လမ်းမကြီးဘေးဝဲယာတွင် စည်းကမ်းမဲ့ ယာဉ်ရပ်နားခြင်းများကို သက်ဆိုင်ရာမှ အမြန်ဆုံး ထိန်းသိမ်းကြပ်မတ်သင့်ပါကြောင်း ဒေသခံများက ပြောသည်။ **ဖူးပွင့်နေခြည်(မကွေး)**

ချင်းပြည်နယ်ထွက် မိုးခရမ်းချဉ်သီးများ ကလေး၊ တမူး၊ ဂန့်ဂေါမြို့ ဈေးကွက်များအတွင်းသို့ လှိုင်လှိုင်ဝင်ရောက်

ကလေး၊ ဇူလိုင် ၂၇

ချင်းပြည်နယ်ထွက် ခရမ်းချဉ်သီးများကို ကလေး၊ တမူး၊ ဂန့်ဂေါဒေသများမှ အဓိက ဝယ်ယူနေပြီး ခရမ်းချဉ်သီး တစ်ပိဿာလျှင် ကလေးနှင့် ဂန့်ဂေါတွင် ဒေသပေါက်ဈေး ငွေကျပ် ၈၀၀ ရှိကြောင်း၊ တမူးဒေသတွင် ခရမ်းချဉ်သီးတစ်ပိဿာလျှင် ငွေကျပ် ၄၅၀ ဈေးနှုန်းရှိကြောင်း ခရမ်းချဉ်သီးဝယ်ရောင်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ချင်းပြည်နယ်သည် လွန်ခဲ့သည့် ၅ နှစ်အတွင်း ခရမ်းချဉ်စိုက်ပျိုးနည်းများ အောင်မြင်လာခဲ့ပြီး တစ်နှစ်လျှင် သုံးသီးစားအထိ စိုက်ပျိုးလာကြကြောင်း သိရသည်။ နွေရာသီတွင် မေလ၌ စိုက်ပျိုးပြီး၊ မိုးရာသီတွင် ဇွန်လ၌စိုက်ပျိုးကြကြောင်း၊ တစ်ပင်လျှင် သုံးပိဿာကျော်ထွက်ပြီး၊ တစ်ဧကလျှင်ပိဿာ ၅၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ခရမ်းချဉ်သီးများကို ကလေး၊ တမူး၊ ဂန့်ဂေါဒေသများသို့ ပို့ဆောင်နိုင်ရန်အတွက် သေတ္တာများဖြင့်ထည့်ပြီး ကားတစ်စီးလျှင် သေတ္တာ ၂၀ မှ ၅၀ အထိ တင်ဆောင်ကာ ပို့ဆောင်ပေးပြီး သေတ္တာတစ်လုံးလျှင် သယ်ယူစရိတ် ငွေကျပ်၂၀၀၀ ခန့် ပေးရကြောင်း ခရမ်းချဉ်သီးပွဲရုံမှ သိရသည်။

ခရမ်းချဉ်သီးများအား ကလေးဒေသ အပင်ထောင်မျိုးများကို အသုံးပြုကြပြီး တစ်ဧကလျှင် မျိုးထုပ်လေးထုပ်မှ ငါးထုပ်အထိ စိုက်ပျိုးကြကာ၊ တစ်ဧကစိုက်ပျိုးစရိတ် ငွေကျပ်နှစ်သိန်းခန့် ကုန်ကျပြီး၊ တစ်ဧကလျှင် အမြတ်ငွေ သုံးသိန်းခန့်မြတ်ကြောင်း ခရမ်းချဉ်သီးကို ကိုယ်တိုင်စိုက်ပျိုးနေသူ လုံပန်းကျေးရွာမှ ဦးဇာလျန်းထန်က ပြောသည်။

ချင်းပြည်နယ်တွင် ခရမ်းချဉ်သီးများကို လုံပန်း၊ ပါရ်သဲ၊ လာသီးဒေသများတွင် အများအပြား စိုက်ပျိုးကြသည်။ **လင်းလက်ကြယ်စင်**

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား အရှိန်မြှင့်တင်မှု မော်လမြိုင်ကျွန်းတွင် ထပ်ဆင့်ရှင်းလင်း

မော်လမြိုင်ကျွန်း၊ ဇူလိုင် ၂၇

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third wave) လုပ်ငန်းများ ထပ်ဆင့်ရှင်းလင်းတင်ပြပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းထပ်ဆင့်ရှင်းလင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က ပြည်ထဲရေးဝန်ကြီးဌာနမှ ညွှန်ကြားလာသည့် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third wave) လုပ်ငန်းစဉ်ငါးရပ်အား အကျယ်တဝင့် ထပ်ဆင့်ရှင်းလင်းတင်ပြကြောင်း သိရသည်။ **မော်ကျွန်းမြင့်အောင်**

ရေးမြို့နယ်တွင် မိုးပွင့်အဆင့် ၆ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်

ရေး၊ ဇူလိုင် ၂၇

ရေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် NRC အဖွဲ့တို့ပူးပေါင်း၍ မိုးပွင့်အဆင့် ၆ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်မှုကို အာယုတောင်ကျေးရွာအုပ်စု ရွာကလေးကျေးရွာတွင် ဇူလိုင် ၂၅ ရက်က ပြုလုပ်ခဲ့သည်။

မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းခိုင်နှင့် ဝန်ထမ်းများက ကျေးရွာရှိ မိဘပြည်သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ပြုလုပ်ပေးခဲ့သည်။ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အလှည့်ကျဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

အမည်မသိသူတစ်ဦး ဆိုင်ကယ်ချင်းတိုက်သေဆုံး

ကျွန်းလှ၊ ဇူလိုင် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့၊ ပိတောက်မြိုင်ရပ်ကွက် ဗိုလ်ချုပ်လမ်းပေါ်တွင် ဇူလိုင်၂၄ ရက် ည ၇ နာရီ ၁၅ မိနစ်က ဆိုင်ကယ်ချင်းတိုက်မိကြောင်း သတင်းရရှိသဖြင့် ဒုရဲအုပ်ထွန်းလင်းအောင်နှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ အတိုက်ခံရ၍ကျန်ခဲ့သော အမည်၊ နေရပ်လိပ်စာမသိ အမျိုးသားတစ်ဦးမှာ ဦးခေါင်းတွင်ဒဏ်ရာရရှိ၍ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ သတိလစ်နေပြီး ၂၅ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် သေဆုံးသွားကြောင်း သိရသည်။

အဆိုပါ သေဆုံးသူမှာ အပေါ်အင်္ကျီအပြာ၊ အောက်ခံအင်္ကျီအပြာနုရောင်၊ ဂျင်းဘောင်းဘီအပြာရောင်၊ ဘွတ်ဖိနပ် အနီအဖြူအကြားဝတ်ဆင်ထားပြီး အသက် ၂၅ နှစ်ခန့်သည် 125 ကင်ဘိုကာဘာမပါ ကျွတ်ပတ်ထားပြီး တိုက်သွားသူမှာ ထွက်ပြေးကြောင်းယူဆရသဖြင့် အဆိုပါအမှုကို ယာဉ်မဆင်မခြင်မောင်းနှင်မှု ပ/၂၅/၂၀၁၄ ပြစ်မှုပုဒ်မ ၃၀၄(က)အရ အရေးယူဆောင်ရွက်ထားပြီး သေဆုံးသူအားသိရှိရန် စုံစမ်းလျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**



အမည်ပြောင်း

ဦးခေါင်လွမ်း၏ သမီးများဖြစ်ကြသော နမ္မတီးသကြားစက်ဝင်း၊ သတ္တမတန်း(A)မှ မလွမ်းနန်းအား မဇဟဲလွမ်းနန်းဟုလည်းကောင်း၊ ဆဌမတန်း(A)မှ မလွမ်းညွယ်အား မဇဟဲလွမ်းညွယ်ဟုလည်းကောင်း၊ တတိယတန်း(A)မှ မလွမ်းလမ့်အား မဇဟဲလွမ်းလမ့်ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

ဦးနန္ဒာလား(လ်)၏သား ကသာမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်ကေစပ်အား မောင်ကေဆပ်ဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကျွန်းတောရပ်ကွက်၊ အထကခွဲ နဝမတန်းမှ မသီဂီသဲဦး၏ ဖခင်အမည်မှန်မှာ ဦးချစ်သဲမောင် [၁၂/တတန(နိုင်)၁၆၇၃၅၄] ဖြစ်ပါ ကြောင်း။ ဦးချစ်သဲမောင်

ဖခင်အမည်မှန်

ဒဂုံဆိပ်ကမ်းမြို့နယ် အထက(၂) ဆဌမတန်း(B)မှ မောင်ဟိန်းထက်အောင်နှင့် ဒုတိယတန်း(C)မှ မအေးသိမ့်သိမ့်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးစံလှအောင်ဖြစ်ပါကြောင်း။

ဦးစံလှအောင်
[၁၁/ကဖန(နိုင်)၀၃၄၉၆၉]



ကျန်းမာရေးဆောင်းပါး

ခန္ဓာကိုယ်အတွက် စားသုံးခြင်းဖြင့်ရရှိနိုင်မည့်မရှိမဖြစ် ဗီတာမင်

à ayjufyjuf

ဗီတာမင် A

မျက်စိအားကောင်းစေဖို့၊ ကိုယ်ခံအားစနစ်တိုးတက်မြင့်မားစေဖို့ အရေပြားကျန်းမာရေး၊ အသည်းရောင်အသားဝါ၊ နှာစေး၊ ပျို့အန်၊ ဆံပင်ကျွတ်ခြင်းတို့မှ ကာကွယ်နိုင်ရန်အတွက် ဗီတာမင် A က မရှိမဖြစ်ပါ။

လိမ္မော်သီး၊ ကန်စွန်းဥ အဝါရောင်၊ မုန်လာဥနီ၊ တရုတ်ဇီးသီးခြောက်၊ သခွားမွှေးသီး၊ သဘော်သီး၊ မက်မွန်သီး၊ သရက်သီးမှည့်၊ ခရမ်းချဉ်သီး၊ ပန်းငရုတ်ပွ(အချို)၊ ကိုက်လံ၊ ဆလတ်ရွက်၊ ဟင်းနုနယ်ရွက်၊ မုန်ညင်းစိမ်း၊ ပင်စိမ်းရွက်၊ ဘိုစားပဲသီး၊ ပင်လယ်ငါး၊ နွားနို့၊ ငါးကြီးဆီ၊ ကြက်အသည်း (အထူးသဖြင့် ကြက်ဆင်အသည်း)၊ အမဲအသည်း၊ ကွေကာ အုတ် အကြမ်းတို့မှာ ဗီတာမင် A ကို လုံလောက်စွာ ရရှိနိုင်ပါတယ်။

ဗီတာမင် B6

ဦးနှောက်အားကောင်းစေဖို့၊ အာရုံကြောများ အားကောင်းစေဖို့ အနီရောင်ဆဲလ်များ ကောင်းစွာထုတ်လုပ်နိုင်ဖို့ အရေပြားရောဂါများအတွက် ဗီတာမင် B6 က မရှိမဖြစ်ပါ။ အစိမ်း၊ အဝါ၊ အဖြူရောင် စတဲ့ ပဲအမျိုးမျိုး၊ ကြက်၊ ရစ်ငှက်(ရစ်သား)၊ ဝက်၊ အမဲ၊ သမင်၊ ချေ၊ စိုင်၊ ဒရယ်၊ ဆတ် စတဲ့ အနီရောင်အသားများ၊ ပင်လယ်ငါးများ၊ နေကြာစေ့၊ ဗာဒံစေ့၊ သစ်ကြားသီးစတဲ့ အခွံမာသီးများ၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ စတဲ့ ဥအမျိုးမျိုး၊ ဟင်းနုနယ်ရွက်၊ ကိုက်လံ၊ စိမ်းပြာရေညှိ၊ ကြက်သွန်မြိတ်၊ တို့ဟူး၊ ဆီးချိုသီး(အခြောက်)၊ ငှက်ပျောသီး၊ ထောပတ်သီး၊ ကြက်သွန်ဖြူ၊ ပဲပိစပ်၊ မှိုခြောက်၊ အာလူး၊ မျောက်ဥ၊ ဒိန်ခဲ(နို့ခဲ)၊ တင်လဲရည် (သကာရည်) တို့မှာ ဗီတာမင် B6 ကို လုံလောက်စွာ ရရှိနိုင်ပါတယ်။

ဗီတာမင် B12

အာရုံကြောများ အားကောင်းစေဖို့၊ မှတ်ဉာဏ်အားကောင်းစေဖို့ စိတ်ဓာတ်ကျခြင်းမှ ပြေပျောက်စေဖို့ သွေးအားနည်းရောဂါနှင့် အနီရောင်ဆဲလ်များ ကောင်းစွာထုတ်လုပ်နိုင်ဖို့အတွက် ဗီတာမင် B12 က မရှိမဖြစ်ပါ။ ခရု၊ ကဏန်း၊ ပုစွန်၊ ဂုံးကောင်စတဲ့ အခွံမာရေသတ္တဝါများ၊ ဘဲသား၊ အမဲသား စတဲ့ အနီရောင်အသား၊ အမဲအသည်း၊ ကြက်ဆင်အသည်း၊ ကြက်သား၊ ရေဘဝဲ၊ တူနာငါး၊ ငါးသေတ္တာငါး၊ ရေချိုရေငန် ငါးအမျိုးမျိုး၊ တို့ဟူး၊ လူး၊ ဆပ်၊ ဂျုံ စတဲ့ ကောက်နှံစပါး အမျိုးမျိုး၊ နွားနို့၊ ချိစ်၊ ဒိန်ချဉ်နှင့် ကြက်ဥ၊ ဘဲဥ၊ ငုံးဥတို့မှာ ဗီတာမင် B12 ကို လုံလောက်စွာ ရရှိနိုင်ပါတယ်။

ဗီတာမင် C

အရိုးသန်မာဖို့၊ သွားနှင့် ခံတွင်း ကျန်းမာစေဖို့၊ သွေးကြောများ ပွင့်လန်းစေဖို့ ကင်ဆာရောဂါများကို တိုက်ထုတ်စေဖို့၊ အအေးမိ၊ နှာစေး၊ ချောင်းဆိုး ကူးစက်ရောဂါမဖြစ်စေဖို့ နှင့် အရေပြားအသားအရေ ကောင်းမွန်စေဖို့အတွက် ဗီတာမင် C က မရှိမဖြစ်ပါ။

ရှောက်၊ သံပုရာ၊ သံပရို၊ လိမ္မော်သီး စတဲ့ အချဉ်သီးမျိုးနွယ်များ၊ ကီဝီသီး၊ မာလကာသီး၊ ပန်းငရုတ်ပွ၊ စတော်ဘယ်ရီသီးများ၊ ကိုက်လံ၊ ဟင်းနုနယ်ရွက်၊ ပန်းဂေါ်ဖီစိမ်း (ဘရိုကိုလီ)၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီ၊ အစိမ်းရောင်ပဲသီး အမျိုးမျိုးတို့မှာ ဗီတာမင် C ကို လုံလောက်စွာ ရရှိနိုင်ပါတယ်။

> ကြက်သွန်မြိတ်၊ ဂေါ်ဖီ၊ သခွားသီး၊ ငရုတ်သီးမှုန့်၊ ဥအနှစ်နှင့် တရုတ်ဆီးသီးခြောက်တို့မှာ ဗီတာမင် K ကို လုံလောက်စွာရရှိနိုင် . . .

ဗီတာမင် D

ကယ်လ်စီယမ်ဓာတ်ကို စုပ်ယူမှုအားကောင်းစေဖို့ အရိုးသန်မာဖို့ ဆဲလ်များကြီးထွားဖို့ အာရုံကြောကြွက်သားတွေ အားကောင်းဖို့၊ ကိုယ်ခံစွမ်းအားကောင်းမွန်စေဖို့နှင့် ခန္ဓာကိုယ် ဖောယောင်ခြင်းမှ ကင်းဝေးစေဖို့အတွက် ဗီတာမင် D က မရှိမဖြစ်ပါ။ နံနက်နေရောင်ခြည်၊ ငါးကြီးဆီ၊ ပင်လယ်ငါးအမျိုးမျိုး၊ ကမာကောင်၊ ငါးဥ၊ ကြက်ဥအနှစ်၊ နွားနို့နှင့် နို့ထွက်ပစ္စည်းများနှင့် မှိုတို့မှာ ဗီတာမင် D ကို လုံလောက်စွာ ရရှိနိုင်ပါတယ်။

ဗီတာမင် E

သွေးနီဥဆဲလ်များ ကောင်းစွာထုတ်လုပ်နိုင်ဖို့ ဦးနှောက်ကောင်းစေဖို့ ဆဲလ်ပျက်စီးမှုမှ ကာကွယ်နိုင်ဖို့ နှလုံးရောဂါနှင့် ကင်ဆာရောဂါများမှ ကာကွယ်စေဖို့၊ အရွယ်တင်နုပျိုလှပစေဖို့၊ အသားအရေ ချောမွေ့စေဖို့နှင့် အရွယ်မတိုင်ခင် မျက်စိမှုန်ခြင်းမှ ကင်းဝေးဖို့အတွက် ဗီတာမင် E က မရှိမဖြစ်ပါ။ ဗာဒံစေ့၊ နေကြာစေ့၊ ဖရုံစေ့စတဲ့ အခွံမာသီးအစေ့အဆံများ၊ သံလွင်ဆီကဲ့သို့ ဟင်းရွက်ဆီများ၊ ဂျုံ၊ လူး၊ ဆပ်၊ ဆန်စတဲ့ ကောက်နှံအမျိုးမျိုး၊ ဟင်းနုနယ်၊ ပန်းဂေါ်ဖီစိမ်း (ဘရိုကိုလီ) တို့လို အစိမ်းရောင်ဟင်းသီးဟင်းရွက်များ၊ ထောပတ်သီး၊ ပုစွန်ထုပ်နှင့် အဆီများသောငါးအမျိုးမျိုးတို့မှာ ဗီတာမင် E ကို လုံလောက်စွာ ရရှိနိုင်ပါတယ်။

ဖောလစ်အက်ဆစ်

အရည်အသွေးကောင်း ဆဲလ်သစ်များတည်ဆောက်နိုင်ဖို့၊ စိတ်ဖိစီးမှုပြေပျောက်နိုင်ဖို့၊ DNA မြှင့်တင်နိုင်ဖို့၊ သွေးအားကောင်းစေဖို့၊ သန္ဓေသားကျန်းမာဖို့၊ အယ်လ်ဇိုင်းမားဖြစ်ခြင်းမှ ကာကွယ်နိုင်ဖို့၊ ဦးနှောက်နှင့်ပတ်သက်သော ကင်ဆာရောဂါများမှ ကင်းဝေးစေဖို့၊ နှလုံးရောဂါဖြစ်ခြင်းမှ ကာကွယ်ဖို့အတွက် ဖောလစ်အက်ဆစ်(ခေါ်) ဗီတာမင် B9 က မရှိမဖြစ်ပါ။ သဘော်၊ လိမ္မော်၊ ဂရိတ်ဖရုစတော်ဘယ်ရီ ထောပတ်သီးစတဲ့ သစ်သီးများ။ ဟင်းနုနယ်၊ မုန်ညင်းစိမ်း၊ မုန်လာရွက်၊ ကညွတ်၊ ပန်းဂေါ်ဖီစိမ်း(ခေါ်) ပဲတောင့်ရှည်၊ ဘိုစားပဲသီး၊ ရုံးပတီသီးစတဲ့ အစိမ်းရောင် ဟင်းသီးဟင်းရွက်များ၊ နေကြာစေ့၊ မြေထောက်ပဲ၊ ဂုန်လျှော်စေ့၊ ဗာဒံစေ့စတဲ့ အခွံမာသီး အစေ့အဆံများ။ ပန်းဂေါ်ဖီ၊ ပြောင်းဖူး၊ မုန်လာဥနီ၊ တရုတ်နံနံ၊ beet root (ခေါ်)သကြားမုန်လာ(ခေါ်)သွေးနီရောင် အရည်ရွှမ်းတဲ့ မုန်လာဥနီအဝိုင်း၊ ပဲနီလေး၊ ပဲပင်ပေါက်တို့မှာ ဖောလစ်အက်ဆစ်ကို လုံလောက်စွာ ရရှိနိုင်ပါတယ်။

ဗီတာမင် K

ဦးနှောက်၊ နှလုံး စတဲ့သွေးကြောများ သွေးခဲခြင်းမဖြစ်စေဖို့၊ ကင်ဆာရောဂါမှ ကာကွယ်ဖို့ ၊ အယ်လ်ဇိုင်းမား(ခေါ်) ဦးနှောက် ဇရာအကြိုရောဂါ မဖြစ်စေဖို့ အရိုးပွရောဂါ နှင့် နှလုံးရောဂါမှ ကာကွယ်နိုင်ဖို့တို့အတွက် ဗီတာမင် K က မရှိမဖြစ်ပါ။ ပင်စိမ်းရွက်၊ ကိုက်လံ၊ ဟင်းနုနယ်၊ မုန်ညင်းစိမ်း၊ ဆလတ်ရွက်၊ ပန်းဂေါ်ဖီစိမ်း၊ ကညွတ်စတဲ့ အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်များ။ ကြက်သွန်မြိတ်၊ ဂေါ်ဖီ၊ သခွားသီး၊ ငရုတ်သီးမှုန့်၊ ဥအနှစ်နှင့် တရုတ်ဆီးသီးခြောက်တို့မှာ ဗီတာမင် K ကို လုံလောက်စွာ ရရှိနိုင်ပါတယ်။

နီအာစင်း

နီအာစင်း(ခေါ်)ဗီတာမင် B3 က အစားအစာမှ စွမ်းအင်အဖြစ်သို့ ပြောင်းလဲပေးရုံသာမက၊ ကိုလက်စထရောပမာဏကို လျှော့ချပေးခြင်း၊ သွေးထဲရှိ သကြားပမာဏကို မျှတစေခြင်း၊ အရေပြားရောင်တင်းခြင်း၊ ဝမ်းသွားခြင်း၊ နာတာရှည် စိတ်ပျံ့လွင့်ရောဂါ၊ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ အာခံတွင်းရောင်ရမ်းခြင်း၊ အလွန်အမင်း မောပန်းနွမ်းနယ်ခြင်းတို့မှ ကာကွယ်ပေးနိုင်ပါတယ်။ ဂျုံ၊ လူး၊ ဆပ်၊ ဆန်စတဲ့ ကောက်နှံအမျိုးမျိုး။ နို့နှင့် နို့ထွက်ပစ္စည်းများ။ ဗူး၊ ဖရုံ၊ ဖရဲ၊ သခွား၊ ထောပတ်သီး၊ သခွားမွှေးစတဲ့ အခွံမာသီးများ။ ကြက်ရင်ပုံသား၊ ဝက်ပေါင်သား၊ သိုးသားအသည်း၊ ဘဲငန်း၊ အမဲနံရိုး၊ ပင်လယ်ငါး၊ မြေထောက်ပဲ၊ မှို၊ ပန်းငရုတ်ပွ အစိမ်းရောင် ကညွတ်၊ ပန်းဂေါ်ဖီစိမ်း၊ နေကြာစေ့၊ ပဲထောပတ်၊ ကော်ဖီတို့မှာ နီအာစင်းကို လုံလောက်စွာ ရရှိနိုင်ပါတယ်။

ရီဗိုဖလာဗင်

အရေပြားအဆီခမ်း ခြောက်သွေ့ခြင်း၊ နှုတ်ခမ်းသား ခြောက်သွေ့ကွဲအက်ခြင်း၊ ခံတွင်းအပူကန်နာများ၊ လည်ချောင်းနာခြင်းစတဲ့ ဝေဒနာများအတွက်သာမက၊ ခန္ဓာကိုယ်တွင်းကိုယ်ပ စွမ်းအင်ဓာတ်ပြုမှုလုပ်ငန်းစဉ်အတွက် ရီဗိုဖလာဗင်(ခေါ်)ဗီတာမင် B 2 က မရှိမဖြစ်ပါ။ ဟင်းနုနယ်၊ မုန်းညင်းစိမ်း၊ မုန်လာရွက်စတဲ့ အစိမ်းရင့်ရောင်ဟင်းသီးဟင်းရွက်များ။ ကောက်နှံ၊ အသား၊ နို့၊ ချိစ်၊ ထောပတ်စတဲ့ နို့ထွက်ပစ္စည်းများ။ ဗာဒံစေ့၊ အမဲသား၊ သိုးသား၊ ဝက်သား၊ အဆီများသောငါး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥစတဲ့ အကျက်ပြုတ်ထားသော ဥအမျိုးမျိုး။ မှို၊ နှမ်းစေ့အဖြူ ကင်းမွန်(ပြည်ကြီးငါး) တို့မှာ ရီဗိုဖလာဗင်ကို လုံလောက်စွာ ရရှိနိုင်ပါတယ်။

အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းဖွင့်

ရေကြည်၊ ဇူလိုင် ၂၇

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ်၊ ရေကြည်ခန်းမ၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေစီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် ရေကြည်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဆက်လက်၍ ရေကြည်မြို့နယ် မြစိမ်းရောင်စီမံကိန်းကော်မတီဝင် ဦးဇော်ဝင်းက မြစိမ်းရောင်စီမံကိန်းနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

၎င်းနောက် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဝဏ္ဏထွန်းမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်သည့် ကျေးရွာ ၂၁ ရွာသို့ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပေးအပ်ခဲ့သည်။ ရောဝတီတိုင်းဒေသကြီးရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်တွင် ရေကြည်မြို့နယ်မှ ကျေးရွာပေါင်း ၂၁ ရွာဖြင့် ကျေးရွာအများဆုံးဖြစ်ပြီး အရင်းမပျောက်မတည်လည်ပတ်ရန်ပုံငွေ တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ စီဖြင့် ကျပ်သိန်းပေါင်း ၆၃၀၀ ကို ကျေးရွာများသို့ ပေးအပ်ခဲ့သည်။ ထိုအခမ်းအနားကို ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာသူကျေးရွာသားများ စုစုပေါင်း ၂၅၀ ကျော်ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းဇော်ဦး(ရေကြည်)

ဖောင်းကြွပျောက် လျှော့က်ထားခြင်း ယာဉ်အမှတ်(၆ဂ/၃၀၈၆)၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ယာဉ်စည်းကမ်း ဖောက်ဖျက်မှု ဒဏ်ငွေတိုးမြှင့်ဆောင်ရွက်

သာစည်၊ ဇူလိုင် ၂၇

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စည်ပင်သာယာရေးဥပဒေအား ပြင်ဆင်ပြီးဖြစ်သဖြင့် ဥပဒေအရ ယာဉ်စည်းကမ်းဖောက်ဖျက်မှု တစ်မှုလျှင် အနည်းဆုံး ငွေကျပ် ၃၀၀၀၀ ဒဏ်ငွေတပ်ရိုက်နိုင်ကြောင်း ညွှန်ကြားချက်အရ မိတ္ထီလာခရိုင် သာစည်မြို့တွင် ယာဉ်စည်းကမ်းဖောက်ဖျက်ပါက တစ်မှုလျှင် ဒဏ်ငွေကျပ် ၃၀၀၀၀ ဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သာစည်မြို့တွင် ယာဉ်တိုက်မှုအန္တရာယ်များ လျော့နည်းစေရန် လမ်းဆုံတွင်မီး ပွိုင့်တစ်ခုတပ်ဆင်ထားရှိပေးခဲ့သည်။

ထိုသို့ တပ်ဆင်ဆောင်ရွက်ပြီး နောက်ပိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးအတွက် ရှောင်တခင်စစ်ဆေးခြင်းကို မကြာခဏ စစ်ဆေးအရေးယူ ဆောင်ရွက်ခဲ့ရာစည်းကမ်းဖောက်ဖျက်သူများကို ဒဏ်ငွေကျပ် ၁၅၀၀ တပ်ရိုက်ခဲ့သည်။

"ယာဉ်စည်းကမ်းမလိုက်နာသူတွေကို တစ်မှုလျှင် ဒဏ်ငွေ ၃၀၀၀၀ ကျပ် တပ်ရိုက်မယ်လို့ အသိပေး ကြော်ငြာထားပါတယ်။ အမှုသုံးခုလောက်နဲ့ စစ်ဆေးအရေးယူခံရင် ဒဏ်ငွေတစ်သိန်းနီးပါး ဆိုတော့ ဆိုင်ကယ်စီးရမှာတောင် ကြောက်နေပါပြီ။ မြို့ပေါ်ကပြည်သူတွေကတော့ ဖမ်းဆီးနေတဲ့နေရာနဲ့ ဒဏ်ငွေကိုသိတော့ အန္တရာယ်ကိုရှောင်ပြီး စီးကြပါတယ်။ အများဆုံး ဖမ်းစီးအရေးယူခံရတာကတော့ ကျေးရွာကနေမြို့ကို ဆိုင်ကယ်ဖြင့် ဈေးရောင်းဈေးဝယ်လာရောက်သူတွေ များပါတယ်။ ယာဉ်စည်းကမ်းဖောက်ဖျက်သူတွေကို တစ်မှုကို ဒဏ်ငွေကျပ် ၃၀၀၀၀ တပ်ရိုက်မည်ဆိုတာ ကျေးလက်ပြည်သူတွေပါ သိရှိနိုင်အောင် အသိပေးကြော်ငြာပေးသင့်ပါတယ်"ဟု သာစည်မြို့နယ် ဒေသခံတစ်ဦးက ပြောသည်။

ယခုစည်းကမ်းဖောက်ဖျက်သူများကို တစ်မှုလျှင် ဒဏ်ငွေကျပ် ၃၀၀၀၀ တပ်ရိုက်မည်ဖြစ်ကြောင်းကို အသံချဲ့စက်ဖြင့် မြို့တွင်းလှည့်လည် အသိပေးကြော်ငြာပေးခြင်း၊ လက်ကမ်းစာရွက်များဖြင့် အသိပေးကြော်ငြာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးမင်း(သာစည်)**

ဒက္ခိဏခရိုင် တိုင်းရင်းဆေးကုဌာန ဆေးကုသရေး အဖွဲ့မှ ကျေးရွာများသို့ကွင်းဆင်းဆေးကုသပေး

နေပြည်တော်၊ ဇူလိုင် ၂၅

ကျေးလက်နေပြည်သူများကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် ဒက္ခိဏခရိုင် တိုင်းရင်းဆေးကုဌာနမှ နေပြည်တော်ကောင်စီနယ်မြေ ကွင်းဆင်းဆေးကုသရေးအဖွဲ့သည် ခရိုင်တိုင်းရင်းဆေးမှူး ဦးလှမော်ဦးဆောင်၍ ဇူလိုင် ၂၃ ရက်တွင် ပျဉ်းမနားမြို့နယ်၊ ပြုတွင်းကျေးရွာအုပ်စုသို့ သွားရောက်ကွင်းဆင်း ဆေးကုသပေးခဲ့ကြကြောင်း သိရသည်။ ကွင်းဆင်းဆေးကုသရေးအဖွဲ့နှင့်အတူ ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ကျန်းမာရေးဆိုင်ရာ အသိပညာများရရှိစေရန်အတွက် မိုးရာသီတွင်အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါဆိုင်ရာ အသိပညာပေး နံရံကပ်ပြဘုတ်များနှင့် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး နံရံကပ်ပြဘုတ်များကို ပြသပေးခဲ့သည်။

ထို့နောက် ကွင်းဆင်းဆေးကုသရေးအဖွဲ့သည် ဒက္ခိဏခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်၊ ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြုတွင်းကျေးရွာအုပ်စုအတွင်းရှိ ပြုတွင်း၊ သာစည်၊ သရက်ကုန်းကျေးရွာတို့ရှိ အသက် ၈၀ ကျော် အဘိုး၊ အဘွားများကို အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး ဆေးဝါး၊ အာဟာရနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။ **ရွှေကုက္ကို**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်တွင် မိုးရွာသွန်းမှုနောက်ကျသောကြောင့် မျိုးကောင်းမျိုးသန့် စပါးအဖြစ် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးမှုများလာ

မောက်မယ်၊ ဇူလိုင် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်း မိုးရွာသွန်းမှု နောက်ကျသဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် မိုးဦးစပါးများ စိုက်ပျိုးဆောင်ရွက်ပြီးဖြစ်သကဲ့သို့ မိုးဦးစပါးအတွက် မျိုးကောင်းမျိုးသန့်စပါးများအဖြစ် ပုလဲသွယ်စပ်မျိုးစပါးကို ရွေးချယ်ပြီး ပျိုးထောင်စိုက်ပျိုးလျက်ရှိသည်။

ရာသီဥတု ပြောင်းလဲလာသည်နှင့်အညီ အချိန်ရာသီအမီ စိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးပြီးသီးနှံများ မိုးဦးကာလအတွင်း ဖြစ်ထွန်းအောင်မြင်နိုင်ရန်အတွက် ဒေသနှင့်သင့်လျော်သည့် အထူးအထွက်တိုး သက်တမ်းတိုမျိုးများ ပိုမိုစိုက်ပျိုးလာကြကြောင်း တောင်သူဦးကြီးများက ပြောသည်။

ယခုနှစ်တွင် မိုးနောက်ကျသဖြင့် မိုးစပါးကို သက်တမ်းအားဖြင့် ၁၁၅ ရက်မှ ရက် ၁၂၀ သာရှိသည့် ဈေးကွက်ဝင် အထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးကို ပြောင်းလဲစိုက်ပျိုးခြင်းအားဖြင့် ယခုနှစ်အတွင်း ယခင်နှစ်များထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ဆက်လက်၍ သီးနှံအလိုက် မျိုးစေ့လိုအပ်ချက်များအား စုဆောင်းဖြန့်ဖြူးပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်စိုးထံမှ သိရသည်။

အဆိုပါ ရာသီဥတုပြောင်းလဲမှုအပေါ် လင်းခေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစံမြင့်သိန်းနှင့် ဝန်ထမ်းများက မြို့မကွင်းနှင့် မိုင်းပုတ်ကွင်းသို့ ဇူလိုင် ၂၅ ရက်တွင် ကျေးရွာအုပ်စုများအလိုက် အသိပညာပေးဆွေးနွေးပွဲများ ပိုမိုကွင်းဆင်းဆောင်ရွက်လာနိုင်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ တောင်သူများဘက်ကလည်း သီးနှံစိုက်နည်းစနစ် ရာသီနှင့်သင့်လျော်သည့် မျိုးကောင်းမျိုးသန့်များအား ပြောင်းလဲသုံးစွဲနိုင်ရေးအတွက် စိတ်ဝင်တစား ဆွေးနွေးမှုများနှင့်ပူးပေါင်းပါဝင်မှုများဖြင့် ပိုမိုစိုက်ပျိုးလာပြီဖြစ်ကြောင်း သိရသည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**

မော်လမြိုင်ကျွန်းတွင် ကျန်းမာရေးကိုထိခိုက်စေသော ကျင်းထုံခြင်ဆေး ခွေရောင်းချမှုအား အဖွဲ့ပေါင်းစုံဖြင့် ကွင်းဆင်းစစ်ဆေး

မော်လမြိုင်ကျွန်း၊ ဇူလိုင် ၂၇

ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေသော ကျင်းထုံခြင်ဆေးခွေတွင် အန္တရာယ်ရှိသော ဓာတုပစ္စည်းများ ပါဝင်နေသဖြင့် ကျင်းထုံခြင်ဆေးခွေ ရောင်းဝယ်ဖြန့်ဖြူးမှုများ ပပျောက်ရေးအတွက် ဇူလိုင် ၂၅ ရက် နံနက် ၈ နာရီက မော်လမြိုင်ကျွန်းမြို့ မြို့မပြည်သူ့ဈေးကြီးနှင့် အောင်သာယာဈေးကြီးအတွင်းအပြင်တို့ရှိ ကုန်စုံဆိုင်များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင် ဦးဆောင်သော အဖွဲ့ပေါင်းစုံတို့က ကုန်စုံဆိုင်တစ်ဆိုင်ချင်းအား လိုက်လံစစ်ဆေးကြည့်ရှုခဲ့သည်။

အဆိုပါကျင်းထုံခြင်ဆေးခွေအား လိုက်လံစစ်ဆေးသော အဖွဲ့ပေါင်းစုံတို့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းသိန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှစိုး၊ အတွင်းရေးမှူး ဦးနေမျိုးလင်းနှင့် ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ငွေးနှင့် ဝန်ထမ်းများ ဈေးတာဝန်ခံများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်ကြကြောင်းသိရသည်။ **မော်ကျွန်းမြင့်အောင်**

အမည်ပြောင်း

ဦးအေးမြင့်၏သမီး အထက(၁)သန်လျင်၊ ဒသမတန်း(က)တွင် ပညာသင်ကြားနေသော မသူသူစံအား မသူသူအောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ မသူသူအောင်

ကန့်ကွက်နိုင်ပါသည်

မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်ယာဉ်အမှတ် ၁၉ယ/၉၆၃၁၄ ယာဉ်လက်ဝယ်ရှိသူအမည် ဦးနေလင်းထွန်း[၉/မရမ(နိုင်)၀၈၃၉၄၈] မှ ယာဉ်မှတ်ပုံတင်စာအုပ် ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(မိုးညှင်း)

စာအုပ်စာပေလှူ့မိတ်ဆွေ

ဆင်ဖြူကျွန်းဒေသတွင် ပြုလုပ်သည့် မြေအိုးမြေထည်များအရောင်းအဝယ်ဖြစ်နေ

ဆင်ဖြူကျွန်း၊ ဇူလိုင် ၂၇

စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းဒေသ၊ ကြက်ဟင်းခါးကျွန်းကျေးရွာတွင် ပြုလုပ်သောနာမည်ကျော် မြေအိုး၊ မြေထည်များသည် စလင်း၊ မင်းဘူး၊ ပွင့်ဖြူ မကွေး မြေထည်ဈေးကွက်တွင်းသို့ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ယခုနောက်ပိုင်းတွင် ကြက်ဟင်းခါးကျွန်းကျေးရွာ၌ ယခင်ကကဲ့သို့ မြေအိုး၊ မြေထည်လုပ်ငန်းလုပ်ကိုင်သူ နည်းပါးသွားသော်လည်း မိသားစုတစ်ပိုင်တစ်နိုင် ရိုးရာအမွေအနှစ်လုပ်ငန်းအဖြစ် ထိန်းသိမ်းလုပ်ကိုင်လျက်ရှိပြီး မြေအိုး၊ မြူအိုး၊ ညောင်ရေအိုး၊ ဟင်းချက်အိုးများကို အဓိကထုတ်လုပ်ကြသည်။

အိုးလုပ်ခြင်းအတတ်ပညာ ကျွမ်းကျင်သော လက်မှုပညာရှင်များဖွံ့ဖြိုးခဲ့သည့် ဆင်ဖြူကျွန်းဒေသအနီးရှိ ကြက်ဟင်းခါးကျွန်းကျေးရွာသည်လည်း မကွေးတိုင်း မြေအိုး၊ မြေထည်ဈေးကွက်တွင် ရှေးကတည်းကပင် နာမည်ရရှိခဲ့သည်။

ဆင်ဖြူကျွန်းဒေသသည် ပျူခေတ် ကျပင်းမြို့ဟောင်းအနီးတွင် တည်ရှိပြီး ရှေးနှစ်ပေါင်းများစွာကတည်းကပင် မိရိုးဖလာ မြေအိုး၊ မြေထည်လုပ်ငန်း လုပ်ကိုင်ခဲ့သည်မှာ သမိုင်းအစဉ်အလာ ရှိခဲ့သည်။

အဆိုပါ မြေအိုးလုပ်ခြင်းအတတ်ပညာကို ပုဂံခေတ်ကတည်းကပင် ကျွမ်းကျင်နိုင်နင်းသော အရပ်ဒေသဖြစ်ကြောင်း ကျပင်းမြို့တော်ဟောင်း အနီးအနားတစ်ဝိုက်နှင့် ကျပင်းလူတို့၏ သင်္ချိုင်းဟောင်းမှ တူးဖော်ရရှိသည့် အရိုးအိုး၊ မြေအိုး၊ မြေပန်းကန်၊ မြေကလပ်နှင့် မြေကွမ်းအစ်များကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်သည်။

ဒေါက်တာသန်းထွန်း၏ မြန်မာအိုးသမိုင်း ဖြည့်စွက်စာတမ်းတွင် 'ပုဂံမှာ အုတ်မဖုတ်ဘူး။ စစ်ကိုင်း၊ မြော၊ မုံရွေး၊ အလုံ၊ စလေဘက်၊ ကျပင်းဘက်တွေက ပို့ရတယ်'ဟု ဖော်ပြထားသည်ကို လေ့လာရသည်။

ဆင်ဖြူကျွန်းမြို့၏မြောက်ဘက် ငါးမိုင်ခန့်အကွာတွင်ရှိသော ကျပင်းမြို့ဟောင်း ဧရိယာအတွင်းမှ တူးဖော်ရရှိသော မြေအိုးများသည် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းစသော ပျူမြို့ဟောင်း အရိုးပြာအိုးများကဲ့သို့ အိုးနားတိုများမဟုတ်ဘဲ လည်ရှည်အိုးများကို ချည်းထူးခြားစွာ တွေ့မြင်ရသည်။

ထို့အပြင် အိုးများတွင် တိရစ္ဆာန်ရုပ်၊ ပန်းကနုတ်သဏ္ဌာန်နှင့် ဖောင်းရစ်တန်ဆာများ ပုံဖော်ထားပြီး အိုးထိန်းစက်အဆင့်မြင့်နည်းပညာသုံး အိုးများကိုတွေ့ရ၍ ရှေးပျူအိုးအတတ်ပညာ ထွန်းကားခဲ့ကြောင်းလည်း သိနိုင်သည်။

အိုးလုပ်ရာတွင် မြေနီနှင့် မြေနက် အချိုးကျရောစပ်၍ တစ်ညရေစိမ်ထားရပြီးနောက် သဲကြမ်းရောနှောပြီး အောက်ခံနွားသားရေအပေါ်တင်ကာ လက်၊ ခြေထောက်တို့ဖြင့် နယ်ရသည်။

